# မြန်မာဗုဒ္ဓဘာသာဥပဒေ။

မောင်ထွန်းမြိုင်။

# BURMESE BUDDHIST LAW

**MG. TUN MYAING**

ပဌမတွဲ အိမ်ထောင်ရေး။



စာရေးသူ ဥမောင်လွန်းမြိုင်၏ရုပ်ပုံ

(၁) မွေသတ်တို့ကို လေ့လာရုံမျှနှင့် မလုံလောက်
(၂) စီရင်ထုံးတို့ကို ဘတ်ပါသော်လည်း မသဲကွဲ
(၃) ရှိပြီးသားကျမ်းတို့ကို ကြည့်လျက်ပင် စိတ်မဝင်ဆန့်

ဤအဖြစ်သုံးပါးကို ဟန့်တားပယ်ရှားခြင်းဖြင့် မြန်မာတို့နှင့်ဆိုင်ရာ ဥပဒေပညာကိုပြန့်ပွါးထွန်းကား
စေခြင်းငှါ သေသေချာချာ ကွင်းကွင်းကွက် တိုင်းပြည်၏ဓလေ့ကိုပါ ယှဉ်တွဲလျက်
လူသာမညတို့ဘဝင်၌တခဏ်ခြင်းဖွဲ့လောက်အောင်ကြိုးဆောင်ပြုပြင်ထားသော

# မြန်မာဗုဒ္ဓဘာသာဥပဒေ။

## ပဌမတွဲ အိမ်ထောင်ခဏ်း။

မော်လမြိုင်မြို့ ပဌမတန်းအမိန့်တော်ရကြီးဦးရွှေသွင်နှင့်နှီးနှောတိုင်ပင်လျက်။
ဦးရွှေသွင်၏သားပါဠိဆရာ မောင်ထွန်းမြိုင် B.A.,B.L.
ဝတ်လုံနှင့်ပိုက်စကူးဆရာဖြစ်လက်မှတ်ရ
စီရင်ရေးသားသည်။

# BURMESE BUDDHIST LAW

## (PART I—MATRIMONIAL)

BY

MG. TUN MYAING, B.A., B.L.

*Holder of Higher Grade Teachership Certificate*

*sometime a Pali Teacher*

Son of U Shway Thwin of the Moulmein Bar.

67468

*ALL RIGHTS RESERVED.*

အဘိုး ၂ ကျပ်၊
စာတိုက်ခတခြား။

**Price Rs. 2**
**Postage extra**

RANGOON:
BRITISH BURMA PRESS

1925.

# အချီးစကား။

မု၊ ခံ၊ သံ၊ မဘ၊ အဘ—နမာမိ။ ။ဤကျမ်းကို ရေးသားရာ၌ ပြည်ထဲရေး အမတ်ကြီး ဦးမေအောင် အင်္ဂလိပ်ဘာသာဖြင့် စီရင်ကြံဆောင်ထားသော ဗုဒ္ဓဘာသာဥပဒေကို အမှီသဟဲပြုပြီးလျှင်။စီရင်ထုံးအဖုံဖုံ။ဓမ္မသတ်အစရပ်ရပ်မှ လိုအပ်သောအချက်တို့ကို ကောက်နုတ်သတ်မှတ်လျက်၊ တလထက်တလ တနှစ်ထက်တနှစ် အသစ်ထပ်မံစီမံလာသော နောက်ဆုံးချိုးကွတ်—ဟိုက်ကွတ်ဖြတ်ထုံးတို့နှင့်တကွ ယှဉ်တွဲအပ်သဖြင့်။ တနေ့တခြားတိုးမွှါးလျက်ရှိသော မြန်မာဗုဒ္ဓဘာသာဥပဒေကိုအဆောတလျင် ဆည်းပူးနားလည်နိုင်ရန် အမှန်ပင်တောင့်တအပ်သော စာအုပ်ဖြစ်ပေသည်။ ပြုပြင်သူမှာဦးမေအောင်၏ အန္တေဝါသိက တပည့်ရင်းမျှမက ကျနုပ်သေချာ ဆရာကြီး၏ လိင်္ကျာကို မှတ်ယူသင်အံခဲ့သည်ပြင်။ကွယ်လွန်သူဆရာလင်တိမ်းသခင်၏ ဆုစာအုပ်အချီးအမြွင့်ကို ခံခဲ့ရပေသည်။ နှီးနှောတိုင်ပင်ခံစာရေးသူ၏ ကျေးဇူးရှင်ဘခင်ဦးရွှေသွင် မှာမူ ဓမ္မပါရဂူ ဥပဒေအရာ၌ ကဝိတဆူခေါ်လောက်၍ နှစ်ပေါင်း ၅၀ ကျော် လွှတ်တော်အရပ်ရပ် ရုံးအထပ်ထပ်ဝယ်။စင်ကြယ်စွာအမှုလိုက်ခဲ့သောနာမည်ကျော် ပဌမတန်း အမိန့်တော်ရကြီး ဖြစ်သည်အားလျော်စွာ။ ကျွမ်းပြုံခြင်းအရာ ဂုဏ်အင်္ဂါအပေါင်းနှင့် ညီညွတ်ပြည့်စုံကြောင်း လူကြီးလူကောင်းတို့ သိရှိပေသည်။ရင်းပြင် သတ်ပုံသတ်ညွှန်းဗျာနှင့် စာဘက်သူတို့သိလွယ်အောင် ကြံဆောင်နိုင်သောသတ္တိမှာ။စာရေးသူသည် ဟိုက်စကူးဆရာဖြစ်လက်မှတ်ရ၍အထက်တန်းနှင့်ပါဠိဆရာအဖြစ်ဖြင့် လေးနှစ်ခန့်လုပ်ကိုင်လာခဲ့သော အခြေရှိရကား တပည့်အများသိကြ၏။ ။ဤကျမ်း ပြီးသည့်နောက်ပင် အစဉ်အဆက်တိုးတက်လာသော ဥပဒေအချက်တို့ကို မကြာမကြာရေးနွှန်းသက်သက်သာသာနှင့် ရေးသားဝေငှမည်ဖြစ်ရာ။ မြန်မာတိုင်းလက်ကိုင်ထားသင့်သော ပညာပဒေသာပင်ကြီးကို ကြိုးပမ်းအားထုတ် ပြုလုပ်စီရင်ပေအံ့သတည်း။ ။အများပြည်သူတို့ ဘတ်ရှုနိုင်ပါစေသောဝ်၊

မော်လမြိုင်မြို့။
၁၂၈၇ ခုဝါခေါင်လဆုတ် ၁၄ ရက်။ }

မောင်ထွန်းမြိုင်။

၁။ မင်းမှူးမတ်တို့ စကား၊ ပညာရှိတို့ စကားသော် ကား။ သန်လျက်။ သွားဖြင့်ငှက်ပျောရွက်ကိုဖြတ်သကဲ့သို့ ဆိုရာ၏။ ပစ္စုပ္ပန်ချမ်းသာသံသရာချမ်းသာကိုနှလုံးသွင်းသော တရားသူကြီးတို့သည်တရားကို အကုန်စိစစ်ကြပြီးလျှင် ကောင်းစွာဆုံးဖြတ်ရာ၏။

၂။ ပုညသူဌေး၏ စည်းစိမ်စောင့်နတ်နှင့် အရှင်ရဟန်း၏ ဥယျာဉ်စောင့်နတ်တို့ကဲ့သို့ ပညာရှိ တရားသူကြီးသည်။ အမှုသည်နှစ်ဦး နှစ်ဘက်ကြေကြေစိမ့်သောငှါ ဆုံးဖြတ်ကြရာ၏။ ထိုသို့သောတရားသူကြီးတို့သည် နတ်ရွာ နိဗ္ဗာန်ခရီးကို သုတ်သင်ကြသည်ဟုဆိုရာ၏။

၃။ သဗ္ဗာဝါနှစ်ဦးကို ဒေဝဒတ် အလောင်းကျားမင်း စီရင်ဘိုသကဲ့သို့မင်းမှူးမတ်တို့ မပြုကုန်ရာ။ ပြုမှားမိချေသော် အပါယ်လေးဘုံ၌မုချလားရလတံ့တည်း။

သုဓမ္မစာရီ။

## မာတိကာစဉ်။


နိဒါန်း—မြန်မာဗုဒ္ဓဘာသာဥပဒေ၏ အခြေ၊ ၎င်းဥပဒေ၏သက်ဆိုင်ရာ။

၁။ အိမ်ထောင်ခြင်း—အိမ်ထောင်ပြုမှု သဘောတရားသာ၊ ရှေးကအကြောင်း။ "အိမ်ထောင်" ဆိုသည့် စကား။ အိမ်ထောင်ရောက်နည်း။ အိမ်ထောင်မြောက်အင်္ဂါ၊ (က) အရွယ်နှင့်စိတ်နှလုံး။ (ခ) ဆွေနီးမျိုးစပ်။ (ဂ) လင်ရှိမိန်းမ။ သဘော—အုပ်ထိန်းသူ အမိအဘတို့၏သဘော။ စီရင်ထုံးများ။ ဓမ္မသတ်နှင့်ခေတ်။ သတို့သမီးသားသဘော။ ကိုယ်ဝန်ဆောင်မိန်းမ။ ဘာသာခြားလူမျိုးကွဲများနှင့်—ပသီလူမျိုးနှင့်။ ဟိန္ဒူလူမျိုးနှင့်။ ခရစ်ယာန်နှင့်၊ တရုပ်နှင့်။ စကားချုပ်။—အချုပ်မှတ်စု။ .... .... .... ၁

၂။ အိမ်ထောင်အခြေပြသက်သေခံ—ရှေးကနမူနာ။ စစ်ဆေးပုံ။ အတူနေထိုင်ခြင်းအင်္ဂါ အခြားသောအင်္ဂါများ။ အိမ်သီးခြားနေခြင်း။ ရပ်ရွာသဘော၊ ကွာပြီးသားလင်မယား ပြန်ချင်းလျှင်။—အချုပ်မှတ်စု။ ... .... .... .... ၁၇

၃။ အိမ်ထောင်ဂတိပျက်မှု—အမှုသဘော။ အရွယ်မရောက်သေးလျှင်။ ယောက်ျားကစွဲလျှင်၊ မိဘတို့ထံ၊ ဂတိမြောက်သက်သေခံ။—အချုပ်မှတ်စု။ .... .... .... ၂၃

၄။ မိန်းမကို သွေးဆောင် ဖျက်ဆီးမှု—မိန်းမ ကိုယ်တိုင်စွဲသောအခါ။ အုပ်ထိန်းသူတို့ စွဲလျှင်။—အချုပ်မှတ်စု။ .... ၂၈

၅။ မယားအများထားသော အခြင်းအရာ—ဒါရိ အကျင့်နှင့်ဓမ္မသတ်အဖွင့်၊ ဓမ္မသတ်တို့ခေတ်။ မယားဆိုသောစကား။ မယားအပြား။ ကာလမယား။ အင်္ဂလိပ်အစိုးရတို့အခွေ့။ စီရင်ထုံးများ။ ရုံးတော်တို့၏သဘော။ ဒါရိအကျင့်မှပေါ်ထွက်သောအချက်များ။—အချုပ်မှတ်စု။ .... .... .... .... ၃၁

၆။ လင်မယားဝတ်တရားအသီးသီး—အသီးသီးသော ဝတ်တရား—လင့်ကျင့်ဝတ်။ မယားကျင့်ဝတ်။ အတူနေထိုင်ခြင်းအင်္ဂါ။ အိမ်ပါရလိုမှု။ တရားလိုအပြစ်ကင်းမှဲ့ရာသည်။ အရွယ်မရောက်တရားခံ။ တရားလိုဒါရီ။ လင့်ညြဇာ။ စားစရိတ်အထောက်အပံ့။ ရာဇဝတ်ဥပဒေသဘော။ တရားမမှု။—အချုပ်မှတ်စု။ .... .... ၄၂

၇။ လင်မယားပစ္စည်းအသီးသီး—မယားပိုင်နက်။ လင်မယားကုန်ဘက်သဘော။ လင်ပိုင်နက်အာဏာ။ ပစ္စည်းအမျိုးမျိုး။ ပါရင်းနှင့်လက်ထက်ပွား။ ခန်းဝင်။ နှစ်ပါးစုံ။ သင်းသီး။ အမွေပစ္စည်း။ နိဿယနှင့် နိဿိတ။ လင်မယား အချင်းချင်း တရားစွဲနိုင်ခြင်း။ ကြွေးမြီ။ တယောက်ပေါ်၌ ကျရှိသော ဒီကရီ ၂ ယောက်ပေါ်မတည်။ အကြောင်းကား။ ဆန့်ကျင်သောစီရင်ထုံး။ မညွန့် မစ်တကွီးရား။—အချုပ်မှတ်စု။ .... .... ....

၈။ လင်မယားပစ္စည်း ပြောင်းလွဲခွင့်— လင်မယားကောင်းတူဆိုးဘက်။ ပါရင်းပိုင်ခွင့်။ အိမ်ထောင်ကြီးချင်း။ နှစ်ပါးစုံပိုင်ခွင့်။ ရောင်းရာတွင်ရောင်းခွင့်အစု။ ပေါင်ရာတွင်။ လက်ထက်ပွါးပိုင်ခွင့်။—အချုပ်မှတ်စု။ .... .... ....

၉။ လင်မယားကွာရှင်းခြင်း—သဘောတူကွာခြင်း။ ကွာခြင်း၏အပြစ်။ ကွာနည်း။ ဂြိုဟ်ပြေနာမ်ပြေ ကွာနည်း။ တဘက်သတ်ကွာခြင်း။ အောက်ပြည်နှင့် အထက်ပြည်။ ကံမစပ်အဓိပ္ပါယ်။ ပါဠိဆရာကြီး ဒေါက်တို ဖေါ်ကဲမား ၏အဖွင့်။ ဖွလ်တန် သခင်၏သဘော။ ရှေ့သခင်၏ အကောက်။ ပါဠိဆရာကြီးအဖွင့်ကို ပယ်သင့်ကြောင်း။ တရားမမှုနှင့်မပျော်။ ဖြေရှင်းချက်။ သားသမီးအလိုမပါသော မြန်မာတို့မင်္ဂလာ။ အပြစ်ကြောင့် ကွာခြင်း။ လင်ငယ်မယားငယ်ယူခြင်းအပြစ်။ ညှဉ်းပန်းခြင်း။ မတရား စွတ်စွဲခြင်း။ စွန့်ပစ်ခြင်း။ မယားဆင်းသွားလျှင်။ မသက် v. မစမ်းအုံ။ လင်ကဆင်းသွားသောအခါ။ အကျဉ်းထောင်ကျသောလင်။ လင်ရဟန်းပြု။ စွန့်ခွါနှစ်ဓလေ့လျှင်။ သိန်းဖေ v. ဦးဖက်။ နှစ်စေ့ရုံနှင့်အိမ်ထောင်မပျက်။ ဖျားယောင်းခြင်း။ ဆွံ့—အ—နူ—မြီခြင်း။—အချုပ်မှတ်စု။

၁၀။ လင်မယားပစ္စည်းဝေပုံ—ကွာမှုသက်သက်။ မကြမ်း v. စုဝ။ လုံမကာလေးနှင့်ပတ်သက်သော စီရင်ထုံးတစု။ ခွဲပုံခြင်းရာသုံးဌာန။ သဘောတူကွာခြင်း၌။ ပါရင်းနှင့်ပတ်သက်လျှင်။ အပြစ်ကြောင့်ကွာရာ၌။ မိမွေဘမွေ။ ကြွေးမြီဆပ်ရာ၌။ ပစ္စည်းခွဲသက်သေခံ။ ကလေးကိုသိမ်းပိုက်ခွင့်။ သမီးမိန်းမငယ်။ သိမ်းပိုက်အုပ်ထိန်းမှု။—အချုပ်မှတ်စု။ .... .... .... ....



## ကိုးကားသောစီရင်ထုံး၊ ဓမ္မသတ်နှင့် ဥပဒေစာအုပ်များ။

| ကျမ်းသုံးအတို။ | အမည်ရင်း။ | အင်္ဂလိပ်လို။ |
|---|---|---|
| | **စီရင်ထုံးများ။** | |
| အထက်မြန်မာ | အထက်မြန်မာစီရင်ထုံး | Upper Burma Rulings. |
| အောက်မြန်မာ | အောက်မြန်မာပြည်စီရင်ထုံး | Lower Burma Rulings. |
| အလဟာဘတ် | အလဟာဘာတ်ဟိုက်ကွတ်စီရင်ထုံး | I. L. R. Allahabad Series. |
| ဦးချန်ထွန်းဖြတ်ထုံးစု | ဦးချန်ထွန်းရုံးပြုပြင်သောဖြတ်ထုံးစု | U Chan Htoon's "Leading Cases". |
| ပုံနှိပ်ဖြတ်ထုံး | ပုံနှိပ်ဖြတ်ထုံး | Printed judgments. |
| မာဒရပ် | မာဒရပ်ဟိုက်ကွတ်စီရင်ထုံး | I. L. R. Madras Series. |
| မွိုင် | မွိုင်သခင်စုရုံးသောဖြတ်ထုံးစု | Moyle's rulings. |
| ရန်ကုန် | ရန်ကုန်ဟိုက်ကွတ်စီရင်ထုံး | I. L. R. Rangoon Series. |
| ရွေးကောက် | ရွေးကောက်ဖြတ်ထုံး | Selected judgments. |
| လောဂျာနယ် | မြန်မာလောဂျာနယ် | Burma Law journal. |
| လောတိုင်း | မြန်မာလောတိုင်း | Burma Law Times. |
| လောရီပွတ် | မြန်မာလောရီပွတ် | Burma Law Reports. |
| | **ဓမ္မသတ်များ။** | |
| အတ္တသင်္ခေပ | ကင်းဝန်မင်းကြီး ပြု ပြင် သော အတ္တသင်္ခေပဝဏ္ဏနာ | Attasankhepa by Kinwun, Mingyi. |
| ပန္တီဇန | ဦးတက်ဖြူစီရင်သော ချင်းလူမျိုးတို့နှင့်ဆိုင်ရာပန္တီဇနဓမ္မသတ် | Customary laws of the Chins by U Tet Pyo. |
| ပေါင်းချုပ် | ကင်းဝန်မင်းကြီး ဦးဂေါင်း ဓမ္မသတ် ပေါင်းချုပ် | Kinwun Mingyi's Digest. |
| မနုကျယ် | မနုအကျယ် | Richardson's 'Manugye'. |
| မနုဝဏ္ဏနာ | ဦးတက်တိုး စီစဉ်သော မနုဝဏ္ဏနာ ဓမ္မသတ် | U Tet To's edition of Manoo-wunnana Dhama-that. |
| မနုသာရရွှေမျဉ်း | ဦးတက်တိုးစီစဉ်သော မနုသာရရွှေမျဉ်းဓမ္မသတ် | U Tet To's edition of Manoo, Thara Shwe Myin Dhama-that. |
| | **အက်များ။** | |
| အရွယ်ရောက်အက် | အိန္ဒိယအရွယ်ရောက်အက် | Indian Majority Act. |
| အိမ်ထောင်ဖျက်အက် | အိန္ဒိယအိမ်ထောင်ဖျက်အက် | Indian Divorce Act. |

## ကိုးကားသောစီရင်ထုံး၊ ဓမ္မသတ်နှင့် ဥပဒေစာအုပ်များ။

| ကျမ်းသုံးအတို။ | အမည်ရင်း။ | အင်္ဂလိပ်လို။ |
|---|---|---|
| အိမ်ထောင်မှုအက်် | ခရစ်ယာန်အိမ်ထောင်မှုအက်် | Christian Marriage Act. |
| အိန္ဒိယရာဇသတ် | အိန္ဒိယရာဇသတ်ကြီး | Indian Penal Code. |
| အုပ်ထိန်းသူနှင့်အုပ်ထိန်းခံ | အုပ်ထိန်းသူနှင့်အုပ်ထိန်းခံအက်် | Guardians and Wards Act. |
| တံဆိပ်ခေါင်းအက်် | အိန္ဒိယတံဆိပ်ခေါင်းအက်် | Indian Stamp Act. |
| တရားမကျင့်ထုံး | တရားမကျင့်ထုံးကြီး | Civil Procedure Code. |
| ပဋိညာဉ်အက်် | အိန္ဒိယပဋိညာဉ်အက်် | Indian Contract Act. |
| ပါရစီအက်် | ပါရစီလူမျိုး အိမ်ထောင်မှုနှင့် အိမ်ထောင်ဖျက်အက်် | Parsi Marriage and Divorce Act. |
| ရာဇဝတ်ကျင့်ထုံး | ရာဇဝတ်ကျင့်ထုံးကြီး | Criminal Procedure Code. |
| လက်ပြောင်းခွင့် | လက်ပြောင်းခွင့်ရစာချုပ်အက်် | Negotiable Instruments Act. |
| | ဥပဒေစာအုပ်များ။ | |
| ဦးချန်ထွန်း | ဦးချန်ထွန်း၏ဗုဒ္ဓဘာသာဥပဒေ | U Chan Htoon's Principles. |
| ဦးမေအောင် | ဦးမေအောင်၏ဗုဒ္ဓဘာသာဥပဒေ | U May Oung's Leading Cases |
| ဦးသာကြွယ် | ဦးသာကြွယ်၏ (ကောင်ဖလစ်) ကျမ်း | U Tha Gywe's Conflict. |
| ဂျာဒိုင်းမှတ်စု | ဂျာဒိုင်းဗုဒ္ဓဘာသာဥပဒေမှတ်စု | Jardine's Notes on Buddhis Law. |
| မေဂျာဆပါက်ကို | မေဂျာ ဆပါက်ပြုစုသော ဗုဒ္ဓဘာသာဥပဒေကို | Major Spark's Code. |
| ရန်ကုန်ဂေဇက် | } နေ့စဉ်သတင်းများ။ | Rangoon Gazette. |
| သူရိယ | | Sun Newspaper. |

## ကင်းဝန်မင်းကြီးဦးဂေါင်းပေါင်းချုပ်ကြီးတွင် ဘော်ပြလျက်ရှိသော

## သက္ကရာဇ်အစဉ်အလာဓမ္မသတ်ကျမ်းစာများ။

| နံပါတ်။ | ဓမ္မသတ်အမည်။ | အတို။ | ကျမ်းပြု သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| ၁။ | မနောသာရ။ နိဿယ။ | မနော | .... | ‘‘အနုရုဒ္ဓဇာတ်ပဝရဲ’’အစရှိသည်။<br>ဓာနီဒါနိုးတွင် မဟာသမတ မင်းထံ မနောသာရရသေ့ စီ ရင် ၍ အပ် သည့် ဓမ္မ သတ် ဖြစ်ကြောင်းပါသောကြောင့်။ ၎င်းကျမ်းကိုအစထားသည်။<br>ပိဋကတ်သမိုင်းတွင် ၎င်းဓမ္မသတ်ကို ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ သားတော် တောင်ငူဧောက်မင်းလက်ထက် တရားသူကြီးရှစ်ဦးတို့စီရင်သည်။ ဓမ္မသတ်ကျော်ဟုလည်း ခေါ်သည်။ |
| ၂။ | မာနုဿိက စကားပြေ။ | မာနုဿိက | .... | ‘‘ဗုဒ္ဓေါဟံအာဝုသော’’အစရှိသည်။<br>ဓာနီဒါနိုးတွင်မဟာသမတမင်းထံ မနုရသေ့အပ်သည့် ဓမ္မသတ်ဖြစ်ကြောင်း။<br>ပိဋကတ်သမိုင်းတွင် ကဿပ မြတ်စွာဘုရားလက်ထက် ဂဝံပတေ့ရသေ့နှင့် သိကြားမင်းတို့စီရင်၍အပ်သည်ဟုပါရှိသည်။ |
| ၃။ | မြွမင်း။ နိဿယ။ | မြွ | ၇၉ ခု | ‘‘ကုလသီလဂုဏာပေတော’’အစရှိသည်။<br>ဓာနီဂုံးတွင် မဟာသမတမင်းမှစ၍ အစဉ်မပျက်မြန်မာ့ပါလာရာ။ ၇၉ ခုနှစ်တွင်နန်းတက်တော်မူသော ပုဂံပြည်မြင်းထိုးလက်ထက်ရောက်ကာလမြင်းထိုး၊သိကြားမင်းနှင့်ရသေ့ဟူသော တန်ခိုးကြီးသောသူမြတ် သုံးယောက်တို့ မဂဓဘာသာအားဖြင့်ရေးထားကြောင်း။ နောက်ရာမညမင်းတို့လက်ထက်သို့ ရောက်လတ်သော် ရာမညဘာသာအားဖြင့် ပြန်ထားကြောင်း။ နောက်ဟံသာဝတီ ဆင်ဖြူများရှင် လက်ထက် သားတော် အိမ်ရှေ့မင်းတောင်းပန်၍ရှင်မုဋ္ဌသောသသူမြတ်သည်မြန်မာဘာသာဖြင့်ပြုစုစီရင်ကြောင်းပါသည်။<br>ပိဋကတ် သမိုင်းတွင် ‘‘အင်္ဂါသုနဝသဋ္ဌေ သု အစရှိသော ဓမ္မသတ်သာ မြွမင်းဓမ္မသတ် ဖြစ်ကြောင်းပါရှိသည်။ |
| ၄။ | ဓမ္မဝိလာသ။ စကားပြေ။ | ဝိလာသ | ၄၅၅ ခု | ‘‘ရတနတ္တယအဟံဝန္ဒာမိ’’အစရှိသည်။<br>ဓာနီဒါနိုးတွင် ဓမ္မဝိလာသမထေရ်သည် မနုဓမ္မသတ်ကျမ်းကိုအကျဉ်းအားဖြင့်စီရင်ရေးသားကြောင်းပါသည်။ |

| နံပါတ်။ | ဓမ္မသတ်အမည်။ | အတို။ | ကျမ်းပြု သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| | | | | ပိဋကတ် သမိုင်းတွင် ၄၅၅ ခုနှစ် နန်းတက်တော်မူသော ပုဂံနရပတိစည်သူမင်းလက်ထက် အလျှို့စီရင်ရေး ပတိပူဇောပယုဂ္ဂာဇာတိ၊ ရှင်မည် သာရိပုတ္တရာအဖိဆိုမည် ဓမ္မဝိလာသမထေရ်မနုရင်းဓမ္မသတ်ကို အမှီပြု၍ စီရင်ရေးသားကြောင်း ပါသည်။ |
| ၅၊ | ဝါရူ နီသာရ။ | ဝါရူ။ | ၆၄၃ ခု | ''အာဒိကပ္ပေနုနရိဓမ္မေန''အစရှိသည်။<br>ပုဏ္ဏမမြို့ကိုအစိုးရသော ဝါရူမင်းတောင်းပန်၍ ပညာရှိတို့သည် မနုဓမ္မသတ်ကိုအမှီပြုပြီးလျှင် ရာမညဘာသာဖြင့်စီရင်ရေးထားရှိသည်ကို ရှင်ဓမ္မဝိလာသအမည်ရှိသောမထေရ်သည် ရာမညဘာသာအက္ခရာမှ မြန်မာဘာသာ အက္ခရာသို့ ပြောင်း၍စီရင်ရေးထားကြောင်း။<br>ရာဇာဓိရာဇ်အရေးပုံတွင် သက္ကရာဇ် ၆၄၃ ခုတွင် မကတူသည် မုတ္တမမြို့ကိုရ၍၊ မြို့လယ်၌ တန်ဆောင်းကြီးဆောက်လုပ်ပြီးလျှင်၊ပညာရှိရဟန်း ပုဏ္ဏားတို့နှင့် ဓမ္မသတ်ပြုကြောင်း၊ထိုဓမ္မသတ်ကို မကတူမင်းသည်နောက်အခါ ဝါရူမင်းဟူသောအမည်ကိုခံသောကြောင့်ဝါရူဓမ္မသတ်တွင်ကြောင်း နှင့်ပါသည်။<br>ပိဋကတ်သမိုင်းထွက်ဓမ္မသတ်စာရင်းတွင် သီရိဓမ္မာသောကမည်သော မုတ္တမမြို့တည် ဝါရူမင်းစီရင်ကြောင်းနှင့်ပါသည်။ |
| ၆။ | ဓမ္မသတ်ကွန်ချာ။ စကားပြေ။ | ကွန်ချာ။ | ၇၈၈ ခု | ''နာနာဓမ္မပိဋိနုဿယ''အစရှိသည်။<br>ရတနာပူပုရွှေဝမြို့ကြီး၌သက္ကရာဇ် ၇၈၈ ခုနှစ် နန်းတက်တော်မူသောမိုးညှင်းမင်းတရားဆောက်လုပ်လှူဒါန်းတော်မူသောပုဂံပြည်ရွှေကျောင်းကြီး၌ သီတင်းသုံးနေသော မဟာသဃ်ရာဇ ဆရာတော်လက်တွင်၊ သက္ကရာဇ် ၁၁ ခုနှစ်ကပင် ရေးကူး၍ရှိသော ဓမ္မသတ်ကျမ်းဟောင်း၌ မနု၊ မနော၊ ဓမ္မဝိလာသ၊ မာနုသာရဓမ္မသတ်များနှင့် အတွက် တူမှု သည့်ပြင် ထုး၍ ထွက်သည်ကို သက္ကရာဇ် ၇၅ ခုတွင် ပုဂံမင်းသား (မင်းပုံ) ရေးကူးနုတ်ယူထားသော လေးစောင်တွဲ ဓမ္မသတ် ကွန်ချာဖြစ်ကြောင်းနှင့်ပါသည်။<br>ပိဋကတ် သမိုင်းတွင် ဓမ္မသတ် ကွန်ချာဟူမပါ။ ပုဂံပုံနှိပ်ဓမ္မသတ်ဟူ၍တစောင်၊ လေးစောင်တွဲဓမ္မသတ်ဟူ၍တစောင်ပါသည်။ |

| နံပါတ်။ | မှုသတ်အမည်။ | အတိုး | ကျွံ့ဖြို သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| ၇။ | ကိုင်းစားရွှေမှုဉ်း။ နိဿယ။ | ကိုင်းစား | ၉၉၁ ခု | ''သဋ္ဌနာသဋ္ဌနာသေဝ 'အစရှိသည်။ မဟာသမတာမင်းထံ မနုသာ၏ ချသေ့စီရင်၍ အပ်သည့်မှုသတ်ဖြစ်ကြောင်း။ ပိဋကတ်သမိုင်းတွင် မဟာသမတာမင်းကာသ စဉ်အဆက်အားဖြင့်လာခဲ့ရာ သက္ကရာဇ် ၉၉၁ ခု နှစ်၊နန်းတက်တော်မူသော ရာဇမဏိစူဠာစေတီ ဒါယကာ သာလွန် မင်းတရားကြီး လက်ထက် တောင်ဘီလာပုညိုသံကျော်ကို အမှီပြု၍ ကိုင်းရွာ စားမနုရာဇာအမတ် ထပ်မံစီရင်သည့် မှုသတ် ဖြစ်ကြောင်းနှင့်ပါသည်။ |
| ၈။ | မဟာဂုဏ်ဘသတ်။ စကားပြေ။ | ရာဇသင် | ၉၉၁ ခု | ''အဟံ-ငါသည်' အစရှိသည်။ ရတနာပူမှ ရွှေဘိုမြို့ကြီး၌ သက္ကရာဇ် ၉၉၁ ခု နှစ်။ နန်းတက်တော်မူသော သာလွန်မင်းတရား ကြီးအမေးတော်ခွန်းအရကိုင်းရွာစား တရားသူ ကြီး မနုရာဇာ အမတ် ဖြေဆို လျှောက်ထား ကြောင်းဖြစ်သောမှုသတ်။ ပိဋကတ် သမိုင်းတွင်လည်း နည်းတူပင် ပါ သည်။ |
| ၉။ | မြင်ကွန်း။ လင်္ကာ။ | မြင်ကွန်း | ၁၀၁၂ ခု | 'ကိုးပါးနဝ''အစရှိသည်။ စစ်ကိုင်းမြို့ လေးထပ်ကျောင်းဆရာတော်တ ပည့်မထေရ်သည်၊နေရင်း မြင်ကွန်းမြို့တောင်ပေါ် ကျောင်းတွင် သီတင်းသုံးနေစဉ် စပ်ဆိုရေးသား ကြောင်း။ ပိဋကတ်သမိုင်းတွင် ရတနာပူမြို့မင်းကြီးရွာ ဇော်ကဲကောင်းမှု ရွှေစည်းခုံစေတီအနီး သီတင်း သုံးနေသည့် ဆရာတော်တပည့် ရှင်မဇ္ဈိလာသ မထေရ်သည် မြင်ကွန်းမြို့တော်ပေါ်တွင် သီတင်း သုံး နေစဉ် စပ်ဆိုရေးသားကြောင်းနှင့်ပါသည်။ |
| ၁၀။ | မှုသတ်ကျော်။ စကားပြေ။ | မှုသတ် ကျော် | ၁၀၉၅ ခု | ''ရတနတ္တယံဝန္ဒိတွာ''အစရှိသည်။ ရတနာပူရရွှေဝမြို့ကြီး၌ သက္ကရာဇ် ၁၀၉၅ ခု နှစ် နန်းတက်တော်မူသော လောကသရဘူ စေ တီတော်ဒါယကာ ဟံသာဝတီဆောက်မင်းတရား ၏ ဆရာတော် အရှင်မဟာဇေယျကျော်ရသည်။ မနု၊ မနောနှင့် မဇ္ဈိလာသ-မှုသတ်ကျော် ၃ စောင် တို့နှင့်စီရင်ကြောင်း။ ပိဋကတ်သမိုင်းတွင်၊မနု၊မနော၊မဇ္ဈိလာသ၊ မှုသတ် ကျော် ၄ စောင်ကို ကြည့်ရှု ညှိနှိုင်းပြီး လျှင်ရတနာပူ၏ ဒုတိယမြို့တည် နန်းတည်ညောင် |

| နံပါတ်။ | မွေ့သတ်အမည်။ | အထိုး။ | ကျွန်မြို့သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| | | | | ရန်မင်းတရားကုသိုလ်၊ မဟာမြတ်မုနိ စေတီအနောက်မြောက် ယွန်းလေးဆယ်ကျောင်း တိုက်၌သီတင်း သုံးနေသော ရှင်ဥက္ကာ မွေ့ဝိလာသမထေရ်စီရင်သည့် ၄ စောင်တွဲ မွေ့သတ်ဟု အကြောင်းတူအမည်တွဲပါသည်။ |
| ၁၁။ | မွေ့ဝိနိစ္ဆယ။ ကောသြေ။ | မွေ့ | ၁၁၁၄ ခု | "မြန်မြေဘွာ" အစချီသည်။<br>အမတ်ကြီး လက်ပဲ နန္ဒစည်သူ စီရင်ရေးသားသည် ပိဋကတ်သမိုင်းတွင် သက္ကရာဇ်—၁၁၁၄ ခုနှစ် နန်းတက်တော်မူသော ရတနာသိင်္ခမြို့တည် နန်းတည် အလောင်းမင်းတရားကြီး လက်ထက် တရားသူကြီး လက်ပဲဘိန် သူစီရင် ရေးသားကြောင်းနှင့် ပါသည်။ |
| ၁၂။ | မနုကျယ်။ ကောသြေ။ | မနုကျယ် | ၁၁၁၄ ခု | "ဘဂ္ဂကမ္မ ဘတည်စ" အစချီသည်။<br>ပိဋကတ် သမိုင်းတွင် သက္ကရာဇ် ၁၁၁၄—ခုနှစ်နန်းတက်တော်မူသော အလောင်းမင်းတရားကြီးလက်ထက်။ ရတနာ သိင်္ခမြို့ကျုံးဝန်းဘုမ္မဇေယ မဟာသီရိ ဥတ္တမဇေယသကြီ စီရင်ရေးသားကြောင်းနှင့်ပါသည်။ |
| ၁၃။ | ကန်တော်ပကိဏ္ဏက။ လက်ာ။ | ကန်တော် | ၁၁၂၀ ခု | "မဟာအစိန္တေယျ" အစချီသည်။<br>စာနိဂုံးတွင် ၁၁၂၀—နှစ်လက်ာသာရမထေရ်စပ် ဆိုရေးသားကြောင်းနှင့်ပါသည်။<br>ပိဋကတ်သမိုင်းတွင် တွင်းသင်းတိုက် ဝန်မင်းကြီး မဟာစည်သူငယ်မည် ဦးထွန်းညိုစပ်ဆိုရေးသားကြောင်းနှင့်ပါသည့်အရေးတွင်းသင်းတိုက်ဝန်သည် ရဟန်း၏ အဖြစ်က စပ်ဆိုရေးသား သည့်စာဖြစ်သည်ဟု မှတ်သားကြသည်။ |
| ၁၄။ | ရှင်တေဇောသာရ ရွှေမျဉ်း။ နိဿယ။ | တေဇော | ၁၁၂၂ ခု | "တိလောကမဟိတံ" အစချီသည်။<br>ရတနာ သိင်္ခမြို့ -၁၁၂၂ -ခုနှစ် နန်းတက်တော်မူသော သီဟသူရ မဟာဓမ္မရာဇာဓိပတိနာမံတော်ရှိသော စစ်ကိုင်း မင်းတရား လက်ထက် အဂ္ဂမဟာသေနာပတိ မင်းကြီး မင်းကျော် ထင်တောင်းပန်၍ ရှင်တေဇောသာရမထေရ်အနက်မြန်မာ ပြန်ဆိုရေးသားသည်။ |
| ၁၅။ | ဝဏ္ဏမွေ့ရွှေမျဉ်း။ နိဿယ။ | ဝဏ္ဏမွေ့ | ၁၁၂၅ ခု | "မနုမနောသာရံအစချီသည်။"<br>မနုံသာရရွှေမွေ့သတ်သည် မဟာသမတ မင်းကစ၍ အစဉ်မပြတ်ဆိုက်ရောက်ရာ၊ ပုဂံပြည်မြို့မင်းထီးလက်တွင်တကြိမ်။ ရာမညမင်းတို့လက်ထက်တွင်တကြိမ်။ ဟံသာဝတီဆင်ဖြူမျှားရှင်မင်းတရားကြီး လက်ထက်တွင်တကြိမ်။ သုတ်သင်ရှင်းလင်း |

| နံပါတ်။ | မှူသတ်အမည်။ | အတို။ | ကျမ်းပြု သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| | | | | ထားခဲ့သည်ကို ကာလရှည်ကြာ ချွတ်ယွင်းတိမ်ယိမ်းရှိပြန်၍၊ ၁၁၂၅-ခုနှစ် နန်းဆက်တော်မှသော ရတနာပူရ၊ ဇေယျတ်ယင်ပြီတည် နန်းတည်ဆင်ဖြူရှင် မင်းတရား လက်ထက် အတွင်းဝန်ပဏ္ဍ မှူးကျော်ထင် သုတ်သင် ဖွင်းလင်းရေးသားကြောင်း။ ပိဋကတ် သမိုင်းတွင် တောင်သီလာပုဂ္ဂိုလ်ကျော်နှင့်ကိုင်းရွာစားတရားသူကြီး မနုရာဇာတို့ စီရင် ရေးသားထားခဲ့သည်။ မနုသာရ မှူသတ်ကျမ်းဟောင်း ပါပြီ ဆယ်တွဲကိုအတွင်းဝန်ပဏ္ဍ မှူးကျော်ထင်မဟာဇေယသူရသည်ပါပြီလောင်းမှ ထပ်မံစီရင်ရေးသားကြောင်းနှင့် ပါသည်။ |
| ၁၆။ | မနုဝဏ္ဏနာ။ လက် ၂။ | ဝဏ္ဏနာ | ၁၁၂၆ ခု | "ရတနာမြတ်ခေါင်"အစရှိသည် တောင်းတွင်းဆရာတော်ညာဏ ...ဘွဲ့ရ မဟာရာဇဂုရုတံဆိပ်တော်ရဆရာတော်တပည့်သည် ၁၁၂၆-ခုနှစ် စပ်ဆိုရေးသား ...ည်။ ပိဋကတ်သမိုင်းတွင် တွင်းသင်း... ...ဝန်မင်းကြီး မဟာစည်သူ စပ်ဆိုရေးသားကြောင်းနှင့် ပါသည်။ |
| ၁၇။ | မနုရင်း။ လက်၁။ | မနုရင်း | ၁၁၂၉ ခု | "မဟာပရမ"အစရှိသည်။ ပိဋကတ်သမိုင်းတွင် တွင်းသင်းတိုက်ဝန် စပ်ဆိုရေးသားကြောင်းနှင့်ပါသည်။ |
| ၁၈။ | ဝိနိစ္ဆယရာသီ။ စကားပြေ။ | ရာသီ | ၁၁၂၉ ခု | "ယောကျပုကောဠိဟိဝိ"အစရှိသည်။ ၁၁၂၉ခုနှစ်တွင်စီရင်ရေးသားသည်။ ပိဋကတ် သမိုင်းတွင် ဟံသာဝတီဆောက်မင်းတရား လက်ထက် ပဋ္ဌမကျော်အောင် စံထားဆရာတော်၏တပည့် ပုပ္ပါးအနီး မဲတီးရွာဇာတိရှင် ခေမာစာရ စီရင် ရေးသား ကြောင်းနှင့် ပါသည်။ |
| ၁၉။ | ဝိနိစ္ဆယပကာသနီ။ နိဿယ။ | ဝိနိစ္ဆယ | ၁၁၃၃ ခု | "ဒုတောပရံ"အစရှိသည်။ ရတနာ ပူရ တတိယ မြို့တည် နန်းတည်၊ ၁၁၃၃-ခုနှစ်တွင် ပဏ္ဍ မှူးကျော်ထင် အမတ်စီရင်ရေးသားကြောင်း။ ပိဋကတ်သမိုင်းတွင် သာလွန်မင်းတရားကြီးအမေးတော်ခွန်းအရ ကိုင်းရွာစားတရားသူကြီး မနုရာဇာအမတ် တင်လျှောက်သည့် မဟာရာဇသတ်ကို ဆင်ဖြူရှင်မင်းတရားလက်ထက်အတွင်းဝန်မြောက်ဘက်ကိုးသင်းမြင်းဝန် ယင်းတော်မြို့စား၊ ပဏ္ဍမှူးကျော်ထင်မဟာဇေယသူရသည် |

| နံပါတ်။ | ခမ္ဘာသတ်အမည်။ | အတို။ | ကျမ်းပြု သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| | | | | ပါဠိဂါထာနှင့်တကွ။ နိဿယ စီကုံး ရေးသား ကြောင်းနှင့်ပါသည်။ |
| ၂၀။ | မနုဝဏ္ဏနာ နိဿယ။ | မနုဝဏ္ဏနာ။ | ၁၁၃၄ ခု | ''ဖိနောလောကဝိနာယကော'' အစရှိသည်။ ဆင်ဖြူရှင် မင်းတရား လက်ထက် ဝဏ္ဏ ဓမ္မ ကျော်ထင် အမတ်သည် မနုဓမ္မသတ်ကိုအကျယ် ချဲ့၍ ပါဠိနိဿယစီရင်ရေးသားကြောင်း။ |
| ၂၁။ | ဝိနိစ္ဆယပကာသနီ လင်္ကာ။ | ပကာသနီ။ | ၁၁၃၉ ခု | ''အတုလာဓိပတိ'' အစရှိသည်။ မင်းလက်ဝဲသုန္ဒရစပ်ဆို့ရေးသားသည်။ ပိဋကတ် သမိုင်း တွင်လည်း တရားသူကြီး လက်ဝဲသုန္ဒရအုပ်ချုပ်၊ ငယ်မည်ဦးမြတ်စံ စပ်ဆိုရေး သားကြောင်းနှင့်ပါသည်။ |
| ၂၂။ | မဟောသဓဝိစ္ဆေဒနီ နိဿယ။ | ဝိစ္ဆေဒနီ။ | ၁၁၃၉ ခု | ''ဝိဝါဒစ္ဆေဒကံဗုဒ္ဓံ'' အစရှိသည်။ ဓဇ္ဇကူမင်းလက်ထက် ရာဇဗလကျော်ထင် အမတ် စီရင်ရေးသားသည်။ ပိဋကတ်သမိုင်းတွင် ရာဇဗလအမတ်သည် အမရပူရပဌမမြို့တည် နန်းတည် မင်းတရားကြီး လက်ထက်မှ အတွင်းဝန်သက်ပန်းရွာစား အရာ နှင့် ထမ်းရွက် ရကြောင်း၊ ပုခန်းကြီးမြို့ စီရင်စု ချောင်းကောက်ရွာ ဇာတိ ဖြစ်ကြောင်းများနှင့် ပါသည်။ |
| ၂၃။ | ရာဇဗလ နိဿယ။ | ရာဇဗလ | ၁၁၄၂ ခု | ''ဠက္ခဏိစ္စ နိဗ္ဗာ'' အစရှိသည်။ ဓဇ္ဇကူမင်းလက်ထက်ပုဂံမင်းတောင်းမန် ရွာရာဇဗလအမတ် စီရင်ရေးသားသည်။ |
| ၂၄။ | ဆုံထားမနု နိဿယ။ | ဆုံထား | ၁၁၄၃ ခု | ''စတုမုခါ''အစရှိသည်။ ဖန်ကြီးတိုက် စီရင်စု ပေါက်မြစ်ရွာဇာတိ ၄၂ ဟန်းတော်ရှင် နန္ဒမာလာသည်၊ ဆင်ဖြူကျွန်း အရပ်တွင် မနုစကား ပြေဓမ္မသတ်ကို မဂဓဘာ သာပါဠိနိဿယစီရင်ရေးသားသည်။ ပိဋကတ်သ မိုင်းတွင်လည်း အမရပူရပဌမမြို့တည် နန်းတည် မင်းတရားကြီးလက်ထက်ရဟန်းမည်ရှင်နန္ဒ မာ လာတံဆိပ်မည် နန္ဒ မာလာဘိဝံသ သီရိပဝရ မ ဟာဓမ္မ ရာဇာဓိ ရာဇဂုရု ဆရာတော် စီရင်ရေး သားကြောင်းနှင့်ပါသည်။၎င်းဆရာတော်သည် ဆင်ဖြူကျွန်းရွာမှ ဖန်ကြီးတိုက် စီရင်စုဆုံထား ရွာသို့ ပြောင်းမွှ သီတင်းသုံးနေသည့်တွင် ဆုံ ထားဆရာတော်ဟု တွင်သည်။ ထိုကြောင့် ဆုံ ထားဓမ္မသတ်ဟုခေါ်တွင်သည်။ |

| နံပါတ် | မှော်သတ်အမည် | အတို | ကျမ်းပြုသက္ကရာဇ် | အကြောင်းအရာ |
|---|---|---|---|---|
| ၂၅။ | မနု နိသသျှ။ | မနု | ၁၁၄၃ ခု | ''တိလောကာတုလျ''အစရှိသည်။ အမရပူရပဌမမြို့တည် နန်းတည် မင်းတရားကြီးလက်ထက် တပယင်းမြို့စိုးရင်စုဝန်ကြည့်ရှာ ခေတ် လူမည်မောင်မြတ်သီးရဟန်းမည်ရှင်ကောတုဇသည် မနုမှော်သတ်စာကိုယ်ပါငြိ။ ၎င်းငြိကာ ပါငြိများကို အမရပူရမြို့တွင်စီရင်ရေးသားသည်။ နိဿယမှာ မန္တလေးရတနာပုံ ပဌမမြို့တည်နန်းတည်မင်းတရားကြီး ဘုရားလက်ထက် လက်ာရာမဆရာတော် အနက် မြန်မာပြန်ဆိုရေးသားသည်။ |
| ၂၆။ | ပကော်ပကိဏ္ဏက လင်္ကာ။ | ပကော် | ၁၁၄၃ ခု | ''မဟာသိဒ္ဓိ''အစရှိသည်။ အမရပူရ ပဌမမြို့တည် နန်းတည်မင်းတရားကြီးလက်ထက်ပကော်ဝန်ကြီးမင်းကြီးသီရိမသီဟသူစပ်ဆိုရေးသားသည်။ |
| ၂၇။ | အမိန့်တော်တမ်းကြီး | အမိန့်တော် | ၁၁၄၆ ခု | အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီး လက်ထက် ထုတ်ပြန်တော်မူသည့် အမိန့်တော်၊နားခံတော်ပြောကြီးမှုးပြန်သည်။ |
| ၂၈။ | ဝိနိစ္ဆယကွန်ချာ လင်္ကာ။ | ကွန်ချာ လင်္ကာ | ၁၁၆၅ ခု | ''ဇောတိပတနာ''အစရှိသည်။ လှော်ကားစာချေ ပုံနှိပ်ဝေမောင်၊ ငယ်မည် မောင်ပဲသီး စပ်ဆိုရေးသားသည်။ |
| ၂၉။ | ဒါရဏ္ဌပီပကာ လင်္ကာ။ | ဒါရဏ္ဌ | ၁၁၇၃ ခု | ''လူသုံးတို့''အစရှိသည်။ အမိန့်တော်ရမှူးနေပဌမဘွဲ့စွန့်သူ၊ဒုတိယဘွဲ့စွန့်သူရ၊ တတိယဘွဲ့ စည်သူနန္ဒမိတ်ကျော်ထင် စပ်ဆိုရေးသားသည်။ |
| ၃၀။ | ဝါရှ လင်္ကာ။ | ဝါရှလင်္ကာ | ၁၁၈၄ ခု | ''မင်္ဂလာညွန့်စည်''အစရှိသည်။ ရာဇကျော်သူညွှန်ခံ ငယ်မည် ဦးရွှေဘိုစပ်ဆိုရေးသားသည်။ ဗိဋကတ် သမိုင်းတွင် အမရပူရ ပဌမမြို့တည် နန်းတည်မင်းတရားကြီး၏သားတော်ရွှေတောင် မင်းသား၏ဆရာကြီး၊အလုံမြို့စီရင်စု ရွာမွန်ရွာ စာ ဆိုမောင်ဘိုစပ်ဆိုရေးသားကြောင်းမှင့်ပါသည်။ |
| ၃၁။ | မှော်သာရမဉ္ဇူ လင်္ကာ။ | မှော်သာရ | ၁၂၀၇ ခု | ''ရတနတ္တယုံကြီးဂုဏ်လွှံသား''အစရှိသည်။ ဝန်ထောက် မိုးထား မြို့ စား၏ ဝန် စာ ရေး သိမ်ချည်သူကျော် စပ်ဆိုရေးသားသည်။ |
| ၃၂။ | အမွေပုံ စကားပြေ။ | အမွေပုံ | | ''အမွေတည်းခွဲနစ်ပါး''အစရှိသည်။ ဗိဋကတ်သမိုင်းတွင် အမွေပေါင်းအမွေ၏ တရားကျော်တို့ကို၊ ဥပမာလေးပါးဖြင့်ပြပြီးလျှင်မှုံရွေး |

| နံပါတ်။ | မှတ်သတ်အမည်။ | အတို။ | ကျမ်းပြု သက္ကရာဇ်။ | အကြောင်းအရာ။ |
|---|---|---|---|---|
| | | | | ဆရာတော် ရှင်အရိယာဝံသအာဒိစ္စရံ့သီပုဂ္ဂိုလ် သုံမြတ်နှင့် ပုံရွှေ ဇေတဝန် ကျောင်းတကာ တရားသူကြီးဦးရွှေကူးတို့ စီရင် ရေးသားကြောင်း နှင့်ပါသည်။ |
| ၃၃။ | မနုစိတ္တရ လင်္ကာ။ | စိတ္တရ | | ပိဋကတ်သမိုင်းတွင်မတွေ့ရပါ။ စပ်ဆိုရေးသားကြောင်းနှင့် သာမညပါသည်။ |
| ၃၄။ | ရှင်သဘာ နိဿယ။ | ရှင်သဘာ | | ''ဂါမဘောဇကော''အစရှိသည်။ ရှင်သဘာစီရင်သည်။ |
| ၃၅။ | ကြက်ရိုး စကားပြေ။ | ကြက်ရိုး | | သက္ကရာဇ်နှင့်ကျမ်းပြုသူမပါ။ ပိဋကတ်သမိုင်းတွင် မှတ်စာရင်းတွင် လည်းမရှိ။ |
| ၃၆။ | ကျမ်းနက် နိဿယ။ | ကျမ်းနက် | | ● ၎င်း |

၁။ ရဟာန်း။
၂။ ရှင်။
၃။ လူ။
မြန်မာဟူသမျှတို့နှင့်
အလွန်ပင်သင့်တင့်သည်။
၄။ သူဌေးသူကြွယ်။
၅။ ကုန်သွယ်လယ်လုပ်။
လုပ်ငန်းမရွေး၊ အရေးဆိုလျှင်
လိုချင်စဘွယ်၊ တကယ်ဝယ်သင့်ပေသည်။
၆။ ရုံးမင်း။
၇။ စာရေး။
၈။ ရှေနေဖြစ်တွေးနေကြသော
ပုဂ္ဂိုလ်တို့ပါ မကျန်၊ အမြန်မှာထားထိုက်
သည့်ပြင်။
၉။ ယောက်ျား။
၁၀။ မိန်းမ။
၁၁။ ကလေးများကစ။
ဝတ္ထုမဂ္ဂဇင်းတို့အစား၊ ဗုဒ္ဓဘာသာ ဥပဒေတရား
ကို ပွါးများနိုင်အောင်ရေးထားပါသည်။

မှာထားရန်။
မောင်ထွန်းမြိုင်။ဘီ၊ေဘီအလ်။
၃၆။ မဏ္ဍရေးလမ်း။
မော်လမြိုင်။

# မြန်မာဗုဒ္ဓဘာသာဥပဒေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါန်း။

မြန် မာ ဗုဒ္ဓ ဘာ သာဥပဒေ၏အခြေ*

မြန်မာနိုင်ငံတော်၌ ပေါက်ဘွား မနေထိုင်ကြ ကုန်သော ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့နှင့် သက်ဆိုင်သည့် မြန်မာဗုဒ္ဓဘာသာ ဥပဒေသည် မည်သည့်အရပ် ဌာန၌ တည်ရှိသနည်းဟုစုံစမ်းရှာဘွေလိုက်သည်ရှိသော်။အမှန်အားဖြင့် မိမိတို့ပြုရိုးဓမ္မတာ ထုံးစံဓလေ့သာလျှင် မြန်မာဗုဒ္ဓဘာသာ ဥပဒေအစစ် ဖြစ်သည်ဟု မှတ်ယူ ထိုက်ပေကြောင်း။အဘယ်ကြောင့်ဆိုသော်။ ဝါဂရူ။ကိုင်းစား။ မနုကျယ်။ ဆုံတားအစရှိသော ဓမ္မသတ်ဟူသမျှတို့မှာ တိုင်းပြည်၏အလေ့အလာ။ နိုင်ငံ၏အကျင့်။မြန်မာလူမျိုးတို့၏ ထုံးစံများကို စုရုံးလျက် ကျမ်းကြီး ကျမ်းငယ် အစောင်စောင်ပြု၍ ဓမ္မသတ်ဟူသော အမည်နာမဖြင့် ကျော်တွင်လျက်ရှိရာ။ ဓမ္မသတ်ဟူသော စကားသည် သသ်ကရိုဋ်ဘာသာ ဓာရ်မသျုတြ။ ပါဠိဘာသာ ဓမ္မသတ္တ ဟူသော ပုဒ်မှလာ၍။၎င်း၏အဓိပ္ပါယ်မှာ(ဓာရ်မ/ဓမ္မ = တရား + သျုတြ/သုတ္တ = ကျမ်း = တရားကျမ်း။) မြန်မာစကားပြင်ဖြင့် ဥပဒေစာအုပ်ဟုဆိုနိုင်ပေသည်။ ဤကဲ့သို့ မြန်မာတို့၏ ထုံးစံကို စုပေါင်းသိမ်းရုံး၍ရေးသားထားသော ဓမ္မသတ်ကျမ်းများ အပြင် ရှေးဘုရင် မင်းမြတ်တို့ လက်ထက် မိမိတို့ မျက်မှောက် ဧထံတော်သို့ရောက်လာကုန်သော အမှုအခင်းတို့၌ ပညာရှိအမတ်တို့ အမိန့်ချမှတ်စီရင်အပ်သော ဆုံးဖြတ်ချက် တို့ကိုလည်း စာပေထက် တင်၍ ရှင်ကျော်သူဖြတ်ထုံး။ ဦးမှိုင်းဖြတ်ထုံး။ ကွန်ချာဖြတ်ထုံး စသဖြင့် ဖြတ်ထုံးတို့လည်း ရှိပေသည်။ ၎င်းဖြတ်ထုံး တို့မှာ ယခုအခါ ဟိုက်ကွတ်—ချီကွက်လွှတ်ရုံးတို့က ချမှတ်သော စီရင်ထုံး

*ဓမ္မသတ်တို့၏အခြေကို နောက်ဆက်တွဲ၌ကြည့်လေ။

များနှင့်အလားတူဖြစ်၏။ ထိုကြောင့် မြန်မာဗုဒ္ဓဘာသာတို့နှင့်သက်ဆိုင်သောဥပဒေသည် ဓမ္မသတ်ကျမ်းစု၊ စီရင်ထုံးစု။ အရေး ကြီးဆုံးသော နိုင်ငံ ဓလေ့တို့၌ တည်ရှိရကား၊ နိုင်ငံဓလေ့ အရေးကြီးကြောင်းမှာလည်း အမှုတစုံတရာ ဖြစ်ပေါ်လာသည့်အခါ ဓမ္မသတ်နှင့် စီရင်ထုံးတို့တွင်မတွေ့မရှိပါက ဓလေ့ထုံးစံကိုသာအမှီပြုရသောအားဖြင့်သိနိုင်ပေသည်။ ဤမျှမက ဓလေ့ထုံးစံကပင်ဓမ္မသတ်ကိုလွှမ်းမိုးနိုင်၏။ ဥပမာဆိုသော်။ ဓမ္မသတ်ကျမ်း အစောင်တို့ကိုကြည့်လျှင် မိဘသေဆုံးသည်နောက် ပေါက်ဘော်သားချင်းတို့ ဝေရာသော အမွေတရားတွင် အညီအမျှဝေခြမ်းခြင်းကိုမပြုဘဲ သားကြီးဘယ်၍။ သားလပ်ဘယ်လို။ သားငယ်ဘယ်မျှစသဖြင့် ခြားနားပြု၍ဝေငှလေသည်။ သို့ရာတွင် ယခုမြန်မာတို့၏ ထုံးစံဓလေ့မှာ ညီအစ်ကိုမောင်နှမသားချင်းပေါက်ဘော်တို့ကို ကွဲပြားခြားနားခြင်းပြုလေ့ပြုထ မရှိသည်နှင့်အညီ။ လွှတ်တော် ရုံးတော်များကလည်း ဓမ္မသတ်နည်းအတိုင်း ခရာစေ့ တွင်းကျ မလိုက်နာဘဲ ခေတ်ကာလ အလျောက် ထုံးစံဓလေ့ကို အမှီပြု၍ စီရင်ဆုံးဖြတ်ကြပေသည်။

[အထက်မြန်မာစီရင်ထုံး။ မပိုနှင့် မဆွေမိ[၁]။ အောက်မြန်မာစီရင်ထုံး။ မကြည်ကြည်နှင့် မသိန်း[၂] အမှု တို့ကိုကြည့်လေ။]

ရှင်းပြင်တရပ် မနုကျယ်ဓမ္မသတ်တွင် ''လင်သည်ကွာလို၍ မယားမကွာလို။ မယားကွာလို၍ လင်မကွာလို။ နှစ်ဦးတွင် အပြစ်မရှိမထင်မမြင်မှန်လျက် ကံမစပ်၍ ကွာလိုသောမယားလင်၌ ဝေရာသောဥစ္စာရပ်ကား။ အပြစ်မရှိကွာလိုသူသည် မိမိ၏အဝတ်အစားစုမှ ကြွင်းသမျှသက်ရှိသက်မဲ့ (ဥစ္စာကို) မကွာလိုသူ အလုံးရစေ။ ဥစ္စာသက်ရှိသက်မဲ့ မရှိလျှင် ကွာလိုသူကအမျိုးအတိုင်းကိုယ်ဘိုးပေးစေ''စသဖြင့်ပါရှိသော်လည်း။ ဤကဲ့သို့တဘက်သတ် ကံ

(၁) အထက်မြန်မာစီရင်ထုံး (၁၈၉၇–၁၉၀၁ ခုနှစ်) ဒုတိယတွဲ ၇၉။
(၂) အောက်မြန်မာစီရင်ထုံး (၁၉၀၅ ခုနှစ်) တတိယတွဲ ၈။

မစပ်ကူးခြင်းကို လွှတ်တော်က ခွင့်မပြုဘဲ။ ဓလေ့ထုံးစံကို ဆင်ခြင်၍ အပြစ်မရှိက လင်နှင့်မယားမကွာနိုင်သော တရားကို ၁၉၂၃ ခု။ ဒီဇင်ဘာလအတွင်း ချမှတ်သော ရန်ကုန် ဟိုက်ကွတ်စီရင်ထုံး မမှုံနှင့် မောင်တင်ကောက်[၁] အမှုတွင် တရားဝန်ကြီး မစ္စတာ ဟီးလ်နှင့် မစ္စတာ လင်တိမ်း တို့က ဆုံးဖြတ်သတ်မှတ်ခဲ့လေသည်။

ထိုကြောင့် မြန်မာ ဗုဒ္ဓဘာသာ ဥပဒေ၏ အကြောင်း ရင်းနှင့် စပ်လျဉ်း၍ "ဥပဒေအစထုံးစံက။ ဥပဒေအဆုံး ဓလေ့ထုံး"ဆိုပါမူ မှားနိုင်ဘွယ်မရှိရာ။ ထုံးစံဓလေ့သာ လျှင်အရင်းပဓာနတည်း။

၎င်းထုံးစံတို့ကို သိမ်းရုံး၍စီကုံးထားသော ဓမ္မသတ် ပေါင်း ၃၆ စောင်[၂] ရှိရာတွင်။ အရေးကြီးအသုံးဝင်ဆုံးဖြစ် ၍ ဘိလပ်နိုင်ငံ "ပရီးဗီးကောင်စီ" ခေါ် အရှင်ဧကရာဇ် မင်းမြတ်မှူးမတ်လွှတ်တော် အယူခံရုံးကြီးကပင်အထူးသ ဖြင့် အသိအမှတ်ပြုရသော ဓမ္မသတ်ကြီးမှာ[၃] "မနုကျယ် ဓမ္မသတ်"ဖြစ်ပေသည်။

၎င်း ဥပဒေ၏ သက်ဆိုင်ရာ။

မြန်မာဗုဒ္ဓဘာသာဥပဒေကို လေ့လာသော ပုဂ္ဂိုလ်တို့ သိအပ်လှသည်မှာ။ ၎င်းဥပဒေကို နေရာတကာ အမှုမျိုး တိုင်း၌ အသုံးပြုရသည်မဟုတ်။ အိမ်ထောင်ခဏ်း။ အမွေ ခဏ်း။(ပေးကမ်းခဏ်း။မွေးစားခဏ်း)နှင့်ဘာသာခဏ်း တို့၌သာအသုံးပြုရ၏[၄]။ မြန်မာဗုဒ္ဓဘာသာဥပဒေဟုခေါ် ရခြင်း အကြောင်း မှာလည်း အခြားကြောင့် မဟုတ်။ မြန်မာလူမျိုးမဟုတ်သော တရုပ်ဗုဒ္ဓဘာသာ။ကုလားဗုဒ္ဓ ဘာသာ။ ဂျပန်ဗုဒ္ဓဘာသာ စသော လူမျိုးကွဲဗုဒ္ဓဘာသာ တို့လည်းရှိသေး၏။ ထိုလူမျိုးတို့သည်ဆိုအပ်ပြီးသော ဥပ ဒေနှင့် လုံးလုံးမျှ မသက်ဆိုင်ချေ။ မြန်မာလူမျိုး ဗုဒ္ဓဘာ သာ များနှင့်သာ[၅]သက်ဆိုင်ကြောင်းသတိပြုအပ်၏။

(၁) ရန်ကုန်စီရင်ထုံး။ ပဉ္စမတွဲ ၇၂၂။
(၂) ဦးဂေါင်းပေါင်းချုပ်။ ပဉ္စမတွဲ။ ပုဒ်မ ၄။
(၃) မနှင်းပွင့်နှင့် ဦးရွှေဂုံ။ အောက်မြန်မာစီရင်ထုံး။ အဋ္ဌမတွဲ ၁။
(၄) မြန်မာပြည်ဥပဒေအက် ၁၃။ ၁၈၉၈ ခုနှစ်။ ပုဒ်မ ၁၃။
(၅) မြန်မာပြည်နေ ရှမ်းဗုဒ္ဓဘာသာတို့နှင့်လည်း သက်ဆိုင်ကြောင်းကို ရန်ကုန် စီရင်ထုံး။ပဉ္စမတွဲ ၃၄၃-မရွှေရင်နှင့် မောင်ဘတင်အမှုကိုကြည့်။

## ၄။ အိမ်ထောင်ခြင်း။

မြန်မာလူမျိုးအိမ်ထောင်ခြင်း၏နည်းနာနိသျှတို့မှာ နိုင်ငံခြားမှ အနည်းငယ် အတုအပပြုသည်ဟု ဆိုနိုင်သော်လည်း။ ၎င်းကိစ္စသည်မူလ ဘူတ မြန်မာပြည်ကသာ ဖြစ်ပေါ်ခဲ့သည်မှာ ယုံမှားဘွယ်မရှိ။ အခြား တိုင်းနိုင်ငံမှ လုံးလုံးလျားလျား ကူးယူသည်ဟု မဆိုထိုက်ကြောင်း အခြင်းအရာ တခုမှာ။ မြန်မာတို့ အိမ်ထောင်ခြင်းတွင် ဘာသာတရားကင်း၍။ နိုင်ငံခြားသားတို့၏ အိမ်ထောင်ခဏ်းမှာ ဘာသာတရားနှင့်ရောပြွမ်းလျက်ရှိပေသည်။ ဗုဒ္ဓဘာသာရဟန်း သံဃာတော်တို့သည် အိမ်ထောင်ကိစ္စတွင် ပကတိအလျှင်း ဝင်ရောက်စွက်နှက်ခြင်း မပြုသည့်ပြင်။ ၎င်းကိစ္စကို သစ္စာပြု ဓမ္မမင်္ဂလာဟူ၍လည်း မြန်မာတို့ ဆိုရိုးမရှိ။ မွန်မြန်မာလူမျိုးတို့၏အိမ်ထောင် မင်္ဂလာမှာ ယနေ့အထိ လောကီကိစ္စ၊ အဝတ်ကြောင်တို့၏ သဘောမျှသာ ဖြစ်သည်။ သို့အတွက်ကြောင့် မြန်မာတို့ အိမ်ထောင်ခဏ်းသည် အခြားလူမျိုးတို့မှာကဲ့သို့ ဘာသာ မနှောက်ဘဲတယောက်နှင့် တယောက်သဘောရောက်ကြလျှင် ကိစ္စပြီးမြောက်နိုင်သဖြင့် ''အိမ်ထောင်ပြုမှု သဘောတခုသာ'' ဖြစ္ဓာန်းသည်ဟုဆိုနိုင်ပေသည်[၁]။ အိမ်ထောင် မြှု သဘောတခုသာ။

၎င်းအိမ်ထောင်ရေးနှင့် စပ်လျဉ်း၍ ရှေးက အထွေးပွတ္တိကိုပြရန် မနုကျယ် ဓမ္မသတ်တွင်[၂] ''ထိုအခါ ယောကျ်ားသည် မိန်းမကိုကြည့်၏။ မိန်းမသည်လည်း ယောကျ်ားကိုကြည့်၏။ ထိုသို့ကြည့်သောကြောင့် ကာမဂ္ဂ ပူပန်ကုန်သည်ဖြစ်၍ မေထုန်မှီဝဲခြင်းတည်းဟူသော ကာယသံသဂ္ဂသည်ဖြစ်ကုန်၏။ ဤသို့ မသူတော် တရားတည်းဟူသော မကောင်းသော အကျင့်ကို မှီဝဲကျင့်သောကြောင့် ပညာအမြင်နှင့်ပြည့်စုံသောသူတို့ ကဲ့ရဲ့ညည်းပန်းနှိပ်စက် ပြုကုန် ရှေးက အနေကြောင်း

(၁) မကြွယ် v. မသီဘာ၊ အထက်မြန်မာ (၁၈၉၂-၉၆) ဒုတိယ ၁၉၄ (၁၈၉၂)
(၂) မနုကျယ်စာမျက်နှာ ၆။

၏[၁]။ ထိုကဲ့သို့ ကဲ့ရဲ့ညှဉ်းပန်း နှိပ်စက်သည် ရှိသော်။ မကောင်းသော အကျင့်ကိုဖုံးလွှမ်းခြင်းငှါ အိမ်ရာဆောက်၍ အကာအရံနှင့်နေကုန်၏။ ကိုသို့အစဉ်သဖြင့်နေသော သူတို့သည် မိဋ္ဌာနုဂတိသို့လိုက်၍ အစာသို့မှီခြင်းကို ပြုကုန်၏ ''ဟု ပါရှိသဖြင့်တယောက်ကို တယောက်ကြည့်ခြင်း အင်္ဂါကို ထောက်လျှင် အထက်က ဆိုခဲ့သော သဘော တခုသာအချုပ်ပင်တည်းဟု ယူသင့်လှပေသည်။

'အိမ်ထောင်'ဆိုသည့်စကား။ မြန်မာစကား'အိမ်ထောင်'ဆိုသည်မှာလည်းအထက်ပါမနုကျယ် စကားရပ်ကိုထောက်ချင့်ခြင်း အားဖြင့်လင်မယားဖြစ်ခြင်းကိုဆိုပေသည်။အိမ်ရာထောင်ခြင်းကြောင့်အိမ်ထောင်။သို့ရာတွင်အချို့က 'အိမ်ထောင်ကျသည်'ဟု ပြောလေ့ရှိကြရာ။ ၎င်းအဓိပ္ပါယ်မှာ အကျဉ်းထောင်ကျသော ထောင်သမား အကျဉ်းသမားတို့ အပင်ပန်း ခံရသကဲ့သို့ လင်အဖြစ် မယားအဖြစ် နေထိုင်ကြကုန်သော ပုဂ္ဂိုလ်တို့မှာလည်း ၎င်းနည်းတူအိမ်၌ပင် အပင်ပန်းခံနေရဟန်လက္ခဏာရှိ၍ဆိုကြသည်ဟုတွေးတောစရာရှိ၏။

ရှေးအခါကာလ၌ လင်မယားဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် သူတပါးတို့မှ သီးခြားပြု၍ အိမ်တခု တည်ထောင်နေသည်ကို ယုံကြည်ရပေမည်။ထိုခေတ်သမယတွင် လူသူတို့သည် တစုတရုံးတည်း နေလေ့ ရှိသည်နှင့် လျော်စွာ ပုဂ္ဂိုလ် နှစ်ယောက် ကာမဂုဏ်မြောက်၍ ဖောက်ပြန် စပ်ရှက်ကြသည်ရှိသော်။အတူပျော်ပါး စားသောက်ရန် အိမ်တဆောင် မီးတပြောင် အရပ်တပါး၌ ထူထောင် မှသာလျှင် ကျန်ရစ် သူတို့က ဤယောကျ်ားနှင့် ဤမိန်းမသည်ကား လင်မယားဖြစ်လေပြီဟု သိရှိရကုန်၏။ မြို့ရွာကိုအုပ်ချုပ်သော သူကြီး ရွာအုပ်တို့ကလည်း ထိုလင်မယားထံ အခွန်ဘဏ္ဍာ စည်းကြပ် ကောက်ခံရန် ဖြစ်ပေါ်လာ၏။ ထိုသူနှစ်ဦး၏မိတ်သင်္ဂဟတစုကလည်းအဖေါ်ချီတဲ့ခြင်း ဖြစ်ကုန်၏။

(၁) ယခုခေတ်သမယတွင် မင်္ဂလာဆောင် သူတို့ အိမ်ကိုခဲဖြင့် ပစ်ခတ်ခြင်း ဖြစ်လေ့သည် ဤသဘောကစတင်ဖြစ်ပေါ်လာဟန် လက္ခဏာတူသည်။

ယင်းသည့်အခါ မိဘ ဆွေဥာတိတို့က အင်အားနှင့် အမျှ ပစ္စည်းများဖြင့် မစ ကြ လျက်။ ထိုအိမ်နှင့် ပစ္စည်းတို့ကို အခြေပြု၍ လင်မယားနေထိုင်ကုန်၏။အင်္ဂလိပ်အစိုးရမင်းတို့ မဝင် ရောက်မီက ဖြစ်တန်ရာသော အထက်ပါ အကြောင်းအရာကို နှလုံးသွင်းနိုင်းဆခဲ့ပါမူ။အခက်အခဲထူသော အိမ်ထောင်ပြဿနာနှင့် ယခုခေတ်ခါ ဖြစ်ပွါးလာသော အမှုခင်းစုကိုလည်း ခဲယဉ်းနည်း၂ါး ဖြေကြား ဆုံးဖြတ်နိုင်စရာ အကြောင်းရှိပေသည်။

ထိုကြောင့် ပဌမဆုံးသော အိမ်ထောင်ပြဿနာမှာ— မည်သည့်နည်းအားဖြင့် မြန်မာယောကျ်ားမိန်းမတို့ အိမ်ထောင်ရာရောက် လင်မယားဖြစ်မြောက်နိုင်သနည်း။ အိမ်ထောင်ရောက်နည်း။

ကင်းဝန်မင်းကြီး ဦးဂေါင်း ကြီးကျပ်ပြင်ဆင်သည့်ဓမ္မသတ် ပေါင်းချုပ်ကျမ်း ဒုတိယတွဲ ပုဒ် ၃၆ တွင် ပါရှိသော မနုကျယ်စကား၌။

၁။ မိဘနှစ်ပါးပေးထိမ်းမြား၍နေစားကြသောလင်မယားတပါး။

၂။ သူတပါးတို့ အောင်သွယ်၍ နေစားခြင်းလည်းတပါး။

၃။ နှစ်ဦးသသောတူ၍ နေစားခြင်းလည်း တပါးဟူ၍အိမ်ထောင်သုံးပါးကိုပြ၏[၁]။

ပဌမ အမျိုးမှာ အရွယ် မရောက် သေးသော မိန်းကလေးတို့ကို ရည်ရွယ်ဟန် လက္ခဏာရှိ၏။အဘယ်ကြောင့်ဆိုသော်။ ထိုမိန်းကလေးတို့မှာ မိဘလုပ်သူသဘောမတူလျှင် အိမ်ထောင်မပြုနိုင်။ တတိယအမျိုးမှာ မိဘအအုပ်အချုပ်ကင်းသော အရွယ် ရောက်သူတို့နှင့် သက်ဆိုင်သည်။ ဒုတိယအမျိုးစားမှာ အရွယ်ကို မထောက်ထားဘဲ လူကြီး လူငယ် နှစ်ပါးစလုံးနှင့် သက်ဆိုင်သည်ဟု ယူမှတ်သင့်၏။၎င်းပေါင်းချုပ် ပုဒ်မ ၃၄ တွင် 'ယောကျ်ားရှိရာ မိန်းမကို ဆောင်၍ထိမ်းမြားသော အာဝါဟ မင်္ဂလာ။ မိန်းမ ရှိရာသို့ ယောကျ်ားကို ဆောင်လေ၍ ထိမ်းမြား

(၁) မနုကျယ် စာမျက်နှာ ၁၃၅၊အင်္ဂလိပ်ခေါင်း ပုဒ်မ ၃၃၆ တို့ကိုလည်းကြည့်။

သော ဝိဝါဟမင်္ဂလာ’ဟူ၍ထိမ်းမြားခြင်း ၂ပါးပြားထား သည်ကိုထောက်လျှင်။အိမ်ထောင်ပြုရေး၌ လက်ထပ်ရေ ဆေး အသွင်း ဥစ္စာပေးခြင်း စသော အခမ်း အနား အ ခင်း အကျင်းတို့ လိုဘိသကဲ့သို့ ထင်ရ၏။ သို့ရာတွင် အ ခမ်းအနားကင်း၍ အိမ်ထောင် မြောက်နိုင်ခြင်း တရား ကိုစီရင်ထုံးအများ၌တွေ့ရ၏ ။

တရားဝင်အိမ်ထောင်၌အောက်ပါ
အင်္ဂါတို့လိုပေမည်။

အိမ်ထောင်မြောက် အင်္ဂါ။

၁။ ယောကျ်ား မိန်းမ ၂ ပါးသည်။ အရွယ်နှင့်စိတ် သဘော အားဖြင့် တရား ဝင်ရမည်။ အဘယ် ကြောင့် ဆိုသော်။ အရွယ်မရောက်သူတို့နှင့် စိတ် ဖေါက်ပြန်သော သူရူးသူ ထိုင်းမှိုင်းတို့မှာ တရား မဝင်ချေ။

၂။ ဆွေမျိုး နီးစပ် မတော်စေရ။ ဥပမာ ဆိုသော်။ ယောကျ်ားနှင့်မိန်းမ မောင်ရင်းနှမမဖြစ်စေရ။ဖြစ် လျှင် တရားမဝင်။

၃။ မိန်းမမှာ အိမ်ထောင်ပြုပြီး သားလင်ယောကျ်ား ထင်ရှားမရှိစေရ။

၁။ အရွယ်နှင့် စိတ်နှလုံး။

အရွယ်နှင့် ပတ်သက်သော ပဌမ အချက်၌။ ဓမ္မသတ် တို့ကကျနသေချာစွာ မည်သည့်သက်တမ်းကိုမျှ ပိုင်းခြား ၍ မပြထားသော်လည်း။မိန်းမဖြစ်သူမှာ ဣန္ဒိယရာဇာဓမ္မသတ် တွင်[1] သတ်မှတ် ပြဋ္ဌာန်းသော အသက် ၁၂ နှစ်[2] ထက် မငယ်စေရ။ ၁၂ နှစ်ငင်းအသက်မှာ သဘောတူနိုင်သော အရွယ်မဟုတ်ဟု ထိုရာဇသတ် အဆိုရှိသည်။ စိတ်နှလုံး သဘောအားဖြင့် တရားဝင် မဝင်ကိုကြည့်ပြန်လျှင် သူ ထိုင်းမှိုင်း ဦးနှောက်ပျက်တို့သည် တရားဝင်အိမ်ထောင်မ

(၁) မဒ v. မောင်စနှာ။ ၃ မြန်မာလောဂျာနယ် ၈။
နီလမ v. မိရွှေမ။ အထက်မြန်မာ (၁၉၁၀–၁၃) ၁၁၁။
(၂) ပုဒ်မ ဗြဟ္မပုဒ်မ ၃၇၅ အချက် ၅။
(၃) အသက် ၁၂ နှစ်ကိုမြှင့်ရန် ဥပဒေပြုဆိုင်ရာအဖွဲ့အစည်းတွင်စီပံနေကြ သည်။ သို့ရာတွင် မအောင် မြင်သေး။ ရန်ကုန်ဂေဇက်သတင်း ၂၅/၂၆–၃–၂၅ တို့တွင် ကြည့်လေ။

ပြုနိုင်ပေရာ။ ထိုသူတို့မှာ သဘောကောင်းမွဲသည်ဟူ၍ မှတ်ယူရမည်။

ဒုတိယ အချက်ကိုလည်း။ ဓမ္မသတ်တို့၌ မတွေ့ရ။မေ ၂။ ဆွေမျိုးနီးစပ်
ဂျာဆပါက်သခင် ပြုပြင်သော ကိုဓတွင်[1] ဘော်ပြ ထားသည့် အိမ်ထောင်ဘက် မဝင် ဆွေမျိုး အစဉ်ကိုလည်း ပယ်ထိုက် သည်မှာ။ ၎င်းအစဉ် အလာကို ဘော်ပြရာ၌ ဓမ္မသတ်ကို၎င်း။ဓလေ့ကို၎င်း။အကိုးအကားမရှိ[2]။မြန်မာပြည်ကို အုပ်စိုးမင်းမူခဲ့ကြသော မြန်မာဘုရင်တို့မှာ မိမိတို့တို့မျိုးရိုးဝံသာကို စောင့်ရှောက်လိုသော ဆန္ဒဖြင့်။မောင်နှမသားချင်း ပေါက်ဘော်စင်လျက် အိမ်ထောင်ဘက်ကြကုန်၏။ သို့ရာတွင် ဤအကျင့်မျိုးကို ယခုမြန်မာတို့ရှောင်ကြည်ကြ ပေသည်။ အထက်ကျော် ကာလ၌လျှင်လည်း မင်းမျိုး မင်းနွယ်တို့သာ ကျင့်ကြံကုန်ရကား။ ဦးရီးနှင့်တူမ။ အဒေါ်နှင့်တူ။ မိတူဘကွဲ ဘတူမိကွဲ မောင်နှမ အချင်းချင်း ထိမ်းမြားခြင်းကို ခွင့်ပြုခဲ့ကြ၏။ သေဆုံးသည့်ယောကျ်ား၏ ညီဖြစ်သူ မတ်၊ အစ်ကိုဖြစ်သူ ခဲအိုတို့နှင့်ပေါင်းဘက်ကြသော မရီး ခယ်မတို့မှာမူ။စိုးစံရာ မြန်မာဘုရင်နှင့် မင်းခ ယောကျ်ား မှူးမတ်တို့တွင် ဖွယ်ရှင်[3]သဘွယ်ဖြစ်လေသည့်ပြင်။ ပြည်သူ အချို့ကလည်း နည်းယူလိုက်နာ ဆည်းပူးခဲ့ကြရာသည်။ သို့ရာတွင် ယခုခေတ်အခါ ၎င်းခြင်းရာကို ချင်းလူမျိုး[4] မှတပါး မြန်မာပြည်၌ များစွာမတွေ့ရ။ သေဆုံးသည့် မယား၏ ညီမဖြစ်သော ခယ်မနှင့် လက်ထပ်သော ယောကျ်ားသာလျှင်ရှိ၏။ရည်ရွယ်ချက် အကြောင်းရင်းမှာ။ သားငယ် သမီးငယ်တို့၏အကျိုးတည်း။ တဝမ်းကွဲ မောင်နှမတို့တွင် အဘ ဘက်ကတော်စပ်လျှင် အိမ်ထောင်လေ့မရှိ။ အမိနှင့်အဘဘက်ကတော်စပ်သော သမီးမြောက်သား[1] ချင်းကားပေးစား

(၁) အခန်း ၁၊ ပုဒ်မ ၁၊ နှင့် ၁၀။
(၂) ဂျာဒိုင်း မှတ်စု။ ပဌမတွဲ။ ပုဒ်မ ၃၀ ကိုကြည့်လေ။
(၃) အင်္ဂလိပ်စကားဖြစ်သည်။ မြန်မာလို 'ခေတ်အလိုက် နှစ်ချိုက်ကြသော အလေ့အလာ' အဓိပ္ပါယ်ရသည်။
(၄) ဦးတောက်ပြိုး ပဥ္စမဇနှ ဓမ္မသတ် ပုဒ်မ ၅ ၌၎င်းခြင်းရာကို ပညတ်ထင်မ်။

၏။ သေဆုံးသော မယား၏ အမိနှင့် အိမ်ထောင် ပြုသူ (ဝါ—သား သမက်နှင့် ယောက္ခမ မိန်းမ သူ။) သေ ဆုံးသော သား၏ မယားနှင့် လက်ထပ်သော ယောက်ျား (ဝါ—ယောက္ခမ ယောက်ျားသူနှင့် ချွေးမ) ၂ စားတို့ကို လည်း တွေ့ဘူးသည်ဟု အင်္ဂလိပ်လို မြန်မာဥပဒေကိုရေး သားသော ပင်္ကျက်ကျွတ် တရားဝန်တပါးဖြစ်ခဲ့ဘူးသူ ယခု ပြည်ထဲရေး အမတ်ကြီး ဦးမေအောင် အဆိုရှိပေသည် ။ လင်ယောက်ျားသည် ကွယ်လွန်သူ မိမိဇနီး၏ဆွေမျိုးနီးစပ် မိန်းမတယောက်ယောက်နှင့် လက်ထပ်ခြင်းကား အများသူတကာ ပြုလေ့ ပြုထရှိသည့် အားလျော်စွာ အပြစ်တင်ဆိုစရာ အကြောင်းလည်း မရှိချေ။

ဆွေနီးမျိုးစပ်တော်သူတို့ အချင်းချင်း အိမ်ထောင်ပြုရာဝယ် တရားဝင်မဝင်ဟူသော အချက်ကို ဆုံးဖြတ်သည့် စီရင်ထုံးဆို၍ မရှိသေး။ ဤအရေးပေါ်ပေါက်လာခဲ့လျှင်လည်း မြန်မာတို့ဓလေ့ကို ထင်ရှားသိသာစေရန် သက်သေသာဓက အမြောက်အမြား စစ်ကြောဆွေးနွေးရပေလိမ့်မည်။ သို့သော်လည်း ဤအမှုခင်းရေးသည် သေးသိမ်သော ၎င်းအကျင့်ကို မနှစ်မြို့သော ဂုဏ်အသရေနှင့်ပြည့်စုံသူပုဂ္ဂိုလ်တို့လက်ဝယ်၌သာ ဖြစ်ပွါးတန်ရာ၏။

၃။ လင်ရှိဒိန်းမ။ အစိုးရ ရုံးတော်တို့ ကပင် အသိ အမှတ် ပြုရသော မယားအထပ်ထပ်ယူသည့် အလေ့[၃]ကို မြန်မာယောက်ျားတို့ ပြုကြတုံသော်လည်း။ မိန်းမများနှင့် ပတ်သက်သော တတိယအချက်မှာ မိစ္ဆာကာမ ပရဒါရိကပြစ်မှု။ အဓမ္မပြုခြင်းနှင့်ယှဉ်သည့်အားလျော်စွာ။ ပေါ်ပေါ်ထင်ထင်လင်အထပ်ထပ်ယူခြင်းအကျင့်သည်မြန်မာပြည်၌မရှိချေ။

(၎င်းအကျင့်ကို အိန္ဒိယမြောက်ပိုင်းသား ပဉ္စဝလူမျိုးများ ပြုလေ့ရှိကြရာ၊ တဦးတည်းသော မယား မိန်းမကို လင်ယောက်ျား အများက ပိုင်းဝန်းထောက်ပံ့ကြသည်ကိုဆင်ခြင်လျှင်။တနည်းအားဖြင့် ယောက်ျားတို့မှာ တာဝန်သေး၍သက်သာရေးဖြစ်အံ့ဟုထင်မှတ်စရာရှိ၏။ဤကားစကားချပ်တည်း။)

---

(၁) ဦးချံထွန်း ၃၅၊
(၂) ဦးမေအောင် ၅။
(၃) ရှေ့ကြည့်။



ဦးမေအောင်ရုပ်ပုံ။

ပြည်ထဲရေးဌာနဝန်ကြီးချုပ်။

ထိုကြောင့် တဦးတယောက်သော မြန်မာမိန်းမသည် လင်ယောကျ်ား ထင်ရှားရှိလျက် အသစ်ထပ်မံ လင်တယောက် လက်ခံသည်ရှိသော်။အိန္ဒိယ ရာဇသတ် ဥပဒေနှင့် ထိခိုက်၍ အပြစ်ဒဏ်ခံ ရလတံ့။ ဤရာဇဝတ်မှုမျိုး မပေါ်ထွက်သေးချေ။

သဘောဆိုသောစကားတွင် ကိုယ့်ကိုယ် အလျောက် ပယောဂ မနှောက်သော သဘောတူချက်ကိုဆိုလိုသည်။ အကယ်၍ တူရသော သဘောမှာ မတရား တိုက်တွန်းခြင်းနှင့်ယှဉ်၍ အဓမ္မအတင်းဖြစ်ခဲ့လျှင် သဘောတူရာ မရောက်ချေ။ အောက်တွင် (၁) အုပ်ထိန်းသူ အမိ အဘတို့၏သဘော။ (၂) ကာယကံရှင် သတို့သမီး သား၏ သဘောဟူ၍ နှစ်မျိုးခွဲဆိုအံ့။ သဘော။

၁။ အုပ်ထိန်းသူ အမိ အဘတို့၏သဘောမှာ။အရွယ်မရောက် သေးသော မိန်းကလေးတို့နှင့်သာ သက်ဆိုင်လေသည်။ ကင်းဝန်မင်းကြီးပေါင်းချုပ်၌ (၁) အုပ်ထိန်းသူအမိ အဘတို့၏ သဘော။

မာနုသာရ—သမီး ကညာသည် မိဘ မပေးစားဘဲကို။ ကြိုက်သည့်ယောကျ်ားနှင့် ခိုးစားလေ၏။ တဘန်ရောက်ပြန်လေသော်။သားတကျိပ်ပင်မြင်သော်လည်း ခွါ၍မိဘကြိုက်သော ယောကျ်ားကို ပေးစားပိုင်၏။

ဝိလာသ—မိန်းမငယ်မိဘတို့ မပေးစားလိုသောကြောင့် မိန်းမငယ်နှင့် ယောကျ်ားငယ်အလိုတူခိုး၍ ပြေးကြလေမူကား။သားတကျိပ်မြင်သည်ဖြစ်စေ မိန်းမ ငယ် မိဘခွါပိုင်လေ၏။

မြင်ကွန်း—သူ့ကညာကိုကြိုက်ပါသော အား ယောကျ်ား ခိုး၍တကျိပ်စေ့ပင်။သားတည်းမြင်လာည်း။ မိဒေ ဘ မင်းမဆောက်နှင်းက မနေရချေ။ မိဘကြိုက်သူပေးစားဟူ၏။

ပါဏ—သမီးဟူက မိဘတို့အား။ မပေးမြားမူ။ သားတကျိပ်ပင်။ မွေးမြင်လေထ။ မိဘသိမ်းမြဲသို့ တပဲလည်း မင်းလှဲဘောက်က မယူရရှင့်။

---

(၁) ဒုတိယတွဲ ပုဒ်မ ၁၄၅

ကြက်ရိုး–အကြင်အမိအဘ စောင့်ရှောက်သော သမီးကညာကို အမိအဘ မပေးစားဘဲ ယောကျ်ားနှင့်အလိုတူ ခိုး၍ ပြေးလေအံ့။ သားတကျိပ်ပင် မြင်သော်လည်း မိဘ မပေးစားက မရအပ်။ ခွါပိုင်၏။

ဓမ္မ–''မိဘအုပ်ထိန်းသော မိန်းမကို ယောကျ်ားတဦး ခိုးသွား၍မယားပြုရာ သားတကျိပ်မွေးမြင်သော်လည်း။ မိဘ အုပ်ထိန်းသူတို့က မနေရ ဆိုသော် ကွာပိုင်စေ။ မိဘတို့မပေးစား ယောကျ်ား တဦးခိုးသွား၍ သင့်နေ ကြရာ။ သားတကျိပ်မွေးမြင်မှ မိန်းမ မိဘတို့က ထိုသူနှင့် မနေရ အခြား သူနှင့် ပေးစားမည် ဆိုသော် ပေးစား ပိုင်စေ'' စသဖြင့်ပါရှိသည်ကိုထောက်လျှင် မိန်းကလေး၏မိဘတို့ သဘော ပေါ်ထင်၏။ မိဘ သခင်တို့က သား မြေး ကျေးကျွန်တို့ကို အိမ်ပေးမြား ထိုက်သော အခြင်း အရာကို ပြသော ၎င်းပေါင်းချုပ် ပုဒ်မ ၃၃ ၌ကား ရာဇဗလမှ တပါး ကျန် ဓမ္မသတ်အများက ၁၅ နှစ်နှင့် ၁၆ နှစ် အသက်တမ်း ကိုထားကြ၏။ သို့ထားသော်လည်း''အိမ်ထောင် ထိမ်းမြား။မပေးစား၍။ ယွင်းပါးအပြစ်။ဖြစ်ခဲ့သော်လည်း။ ရှုမျှော်စာနာ။လူတကာတို့။မာန်ပါမျက်ထိ။ချုပ်တည်းဘိ'' ဟူသောစကားလောက်သာ ပါရှိသဖြင့်။ ၎င်းသက်တမ်း ကိုကေဝစန။ အချက်ကျ ဥပဒေသဟု မကောက်သာချေ။ ရာဇဗလ ၌''ဝီသ ဝဿာတိရေကာတု ရုစ္စိတေန ပယောဇိတာ အနုရက္ခေ အဆန္ဒေပိ ဝယေ အယောဂ ဘာဝတော''ဟုဆို၏။ ။ဝီသ ဝဿာတိရေကာတု၊ မိန်းမ အရွယ်နှစ်ဆယ်အသက်လွန်မူကား။အနုရက္ခေ၊ စောင့်ထိန်းအုပ်ချုပ်သူသည်။အဆန္ဒေပိ၊ အလို မတူသော်လည်း။ ရုစ္စိတေန၊ ကြိုက်သော ယောကျ်ားနှင့်။ ပယောဇိတာ၊ အိမ်ထောင်သင့်နေပိုင်၏။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူ ကား။ ဝယေ၊ အချိန် အရွယ်၌။ အယောဂ ဘာဝတော၊ စောင့်ထိန်းအုပ်ချုပ်သူတို့ အိမ်ထောင် မချသောကြောင့်တည်း။ ဤရာဇဗလ အဆိုကို မနုကျယ်ကထောက်ခံသည်။ အအုပ် အထိန်း အစောင့်အရှောက်တို့သည် တော်သင့်

ရာမပေးမထိမ်းမြားဘဲ သူငယ်ချင်း သဘောတူ၍စပ်ရှက်ကြလျှင် အသက်နှစ်ဆယ်က လွန်ပေသော် သူငယ်မ နှစ်သက်က နေပိုင်စေ[၁]။

ဤစကားတို့ကိုထောက်ထား စာနာလျှင် ဗုဒ္ဓဘာသာ ဥပဒေ အလိုငှါ အသက် ၂၀ အောက် မိန်းကလေးတို့မှာ မိဘ အုပ်ထိန်း သူတို့ သဘော မတူဘဲ တရားဝင် အိမ်ထောင် မပြုနိုင်တန်ရာ။ (ရှေ့ကြည့်ဦး။) အအုပ်အထိန်းကင်းလေပြီးသော မုဆိုးမနှင့် သမီးလုလင် (ဝါ—တလင်ကွာမိန်းမ) တို့မှာမူ အသက်ဘယ်၍ပင် ငယ်သော်လည်း နောက်ထပ် တဘန် အနှောက် အရှက်မရှိ အိမ်ထောင်ပြုနိုင်၏[၂]။

**စီရင်ထုံးများ**

စီရင်ထုံးတို့ကိုကြည့်လျှင် မည်သည့်အမှုတွင်မျှ မိန်းကလေးသည်အသက်၁၆ နှစ်ထက်မကျော်။အောက်၌ဘော်ပြ သော စီရင် ထုံး အလုံးတွင် သတို့ သမီးမှာ ၁၆ နှစ်အောက်ချည်းသာဖြစ်၏။

၁၂၄၅ ခုနှစ်တွင် ဂျာပိုင်း သခင် နှင့် အော်လင်သခင်တို့ ဆုံးဖြတ်သော ငနေဦး အမှု[၃]၌ပင်း။ ၁၂၆၃ ခု နှစ်တွင် ရှော သခင် စီရင်သော ငဖိုးစော အမှု[၄]၌ပင်း။အုပ်ထိန်းသူတို့သဘောမတူဘဲ ၁၆ နှစ်အောက် မိန်းကလေးကိုခိုးယူသူတရားခံတို့မှာ။ရာဇသတ်ပုဒ်မ ၃၆၆ အရ အပြစ်ဒဏ်ခံခဲ့ကြရလေသည်။ ၁၂၆၄ ခုနှစ်တွင် အောက်ပြည်ချုပ်ကွတ်တရားဝန် အာဝင် သခင် ရှေ့တော်သို့ ရောက်လာသော ၁၄ နှစ်ရွယ် သူငယ်မနှင့် စပ်လျှဉ်းသော ချမ်းမြ အမှု[၅]၌ မင်းညီစုံ တရား သဘင်ခုံသို့ စေဒက တင်သွင်းခဲ့သော ပြဿနာ သုံးချက်အနက်။တချက်မှာ "အရွယ်မမှီမြန်မာ မိန်းကလေးသည် အုပ်ထိန်းသူ သဘော မတူဘဲ တရားဝင် အိမ်ထောင် ပြုနိုင်ပါမည်လော" ဟု ပါရှိရာ။ ၎င်း

---

(၁) မနုကျယ်။ ဆရှမ။ ပုဒ်မ ၂၈။
(၂) ပေါင်းချုပ်။ ဒုတိယ။ပုဒ်မ ၁၂၆။အထက်မြန်မာ(၁၈၉၂-၉၆)ဒုတိယ။ ၂၀၀။
(၃) ရွေးကောက်ခြတ်ထုံး။ ၂၀၂
(၄) အထက်မြန်မာ(၁၈၉၇-၀၁) ပဋ္ဌမ။ ၃၂၈။
(၅) အောက်မြန်မာ။ ပဋ္ဌမ။ ၂၉၇။

ပြဿနာကို တရားဝန်ကြီးတို့က ပြုနိုင်ကြောင်း ဖြေဆိုခဲ့ကြလေသည်။ အကိုး အကားမှာ မနုကျယ် ဆင္ဂမတွဲ ပုဒ်မ ၂၁။ ၂၂။ ၂၃ တို့တည်း။ ဤပုဒ်မ ၃ ခုကို တစုတည်း ဘတ်ရှု ဆင်ခြင်လျှင် ကာယကံရှင် သတို့ သမီး၏ သဘောသာ အရေးကြီးသည်ဟု ဆိုကြသည်။ သို့ရာတွင် ဤဖြေရှင်း ချက်ကို များစွာ မကျေနပ် ရကား။ တရား ဝန်ကြီး မစ္စတာ အယ်ဒမ်ဆင် သခင်သည် ၁၂၆၄ ခုနှစ်။ အထက်ပြည် ငနီတာ အမှု[၁]တွင် "ငင်းစီရင်ချက်မှာ ဗုဒ္ဓ ဘာသာ အမိ အဘတို့ကို အထူးနှစ်နာစေသည်" ဟု ထုတ်ဘော်ရေးသားခဲ့လေသည်။ ဆိုအပ်ခဲ့ပြီးသော အမှု တစုတို့မှာ ရာဇဝတ်မှုချည်းဖြစ်၏။

၁၂၇၃ ခု။နယုန်လအတွင်း ချမှတ်သော စိန်ထွန်း v. စံညွန့် တို့၏ တရားမမှု[၂]၌ ဤအချက် တိုက်ရိုက် ပေါ်ထွက်ခဲ့ရာ ကွယ်လွန်အနိစ္စရောက်သော ပြည်ထဲရေး အမတ်ကြီးဆာဘွဲ့ခံတရားဝန် ဦးခင်သည် အယက်ပါ ချမ်းမြအမှုကို အမှီပြုလျက်။ ၁၄ နှစ်နှင့် ၁၆ နှစ် အကြား အရွယ်မရောက် မိန်းကလေးကား မိဘမပေးစားလျှင်ပင် တရားဝင် အိမ်ထောင် ပြုနိုင်သည်ဟု ကောက်ယူ ဆုံးဖြတ် လေသည်။သို့ရာတွင်လိုအပ်သည့် အချက်ကို သေချာစေ့ငုစွာ ဓမ္မသတ် ထုံးစံဓလေ့တို့နှင့် နှိုင်းဆ စစ်ဆေးခြင်း မရှိခဲ့ရကား မြန်မာ မိဘများနှစ်ခြိုက်ကြလိမ့်မည်မဟုတ်ပေ[၃]။

ဓမ္မသတ်နှင့်ခေတ်။ မြန်မာတို့အားထားရာဖြစ်သော ဓမ္မသတ် ကျမ်းများတွင် မိဘတို့ပိုင်ဆိုင်ခွင့် အမြောက်အမြား ဘော်ပြထားရှိလေရာ။ ဦးဂေါင်း ပေါင်းချုပ် ဒုတိယတွဲ၌[၄]အမိပြု အိမ်ထောင်ကို အဘပယ် ဖျက်နိုင်ခြင်း။ အမိ အဘ ဆွေမျိုးမောင်နှမမဲ့သော သတို့သမီးအား အုပ်ထိန်းသူ ပေးမြားမှ အိမ်ထောင်မြောက်ခြင်း။ အသွင်းဥစ္စာလက်ခံပြီးသော်လည်းသတို့သမီးသားတို့ထွက်ပြေးသင့်မြတ်လျှင်ကလေး

(၁) အထက်မြန်မာ (၁၉၀၂–၀၃) ပဌမ။ ရာဇဝတ်။ ၁၅
(၂) လောကျာနယ်။ ပဌမ။ ၁၄၅။
(၃) အောက်မြန်မာ။ ၁၁သမ။ ၅၀ ကိုလည်း ကြည့်သင့်၏။
(၄) ပုဒ်မ ၆၉၊ ၇၁။ ၁၀၀။ ၁၄၇။

အများရစေကာမူ မိဘများက သမီးကိုပြန်သိမ်းပိုင်ခြင်း။ သားယောက်ျား၏ မိဘများက သားခိုးခဲ့သော မိန်းကလေးကိုမိန်းကလေး မိဘတို့ထံ သုံးကြိမ် တိုင်တိုင်အပ်နှံရမည် စသဖြင့်ပါရှိ၏။မင်းတုန်းအရှင်လက်ထက်တော်တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က ၎င်းခြင်းရာ (ဝါ—သမီးခိုးယောက်ျား) ကို မနှစ်မြို့ရကား ထိုသူတို့အား ဥစ္စာခိုးဘက်သော သူခိုးများထက်ပင် အပြစ်ဒဏ်ကြီးစွာခံစေရမည်ဟု ပညတ်ခဲ့ဘူး၏[၃]။ ထိုအတွက်ကြောင့် အမှုယ်မမှီမိန်းကလေးမည်သည်တို့မှာ ဒိမ်ထောင် ပြုသည့် အခါ အုပ်ထိန်းသူ အမိအဘတို့ သဘောတူမျှမှသာလျှင် တရားဝင်သင့်သည်ဟု ဆင်ခြင်စရာရှိပေသည်။

အသက်တမ်းမှာ ဓမ္မသတ် အလို အားဖြင့် ၂၀ ကို သတ်မှတ်ခဲ့၏[၁]။ သို့ရာတွင် ခေတ်ကာလကို မှီ၍ဆင်ခြင်လျှင် နှစ်ဆယ်အသက် မမြင့်လွန်းလောဟု တွေးတောစရာရှိ၏။ အဘယ့်ကြောင့် ဆိုသော်။ယခု ကာလ မိန်းကလေးတို့မှာ များသော အားဖြင့် ထိုအသက်တိုင် စောင့်ဆိုင်းကြခြင်း လွန်စွာနည်းပါး၏။ အိန္ဒိယတိုင်းသား ကုလားလူမျိုးအကျင့်ကို တုပ၍ သော်၎င်း မိန်းကလေးတို့ကပင် သီးပွင့်ချိန် လျင်မြန်လှ၍၎င်း။ နှစ်ဆယ်ကျော်အထိ စောင့်ဝံ့ဘိသောထိုထိုမိန်းမအားကာလသားယောက်ျားတို့က အပျိုဟိုင်းကြီး အလား သဘော ထားကြ၏။ ထို့ကြောင့် ဓမ္မသတ် နှစ် ၂၀ နှင့် ရာဇသတ်နှစ် ၁၆ အကြား ပဋိညာဉ်တရား အဆို[၂] ၁၈ နှစ်ကို ပိုင်းခြားလျှင် သာ၍သင့်လျော်ပေမည်။ (ဤကားစကားချပ်အဆိုတည်း။)

ကာယကံရှင်သတို့သားသို့သဘောတူမှဒိမ်ထောင် ဖြစ်မြောက်နိုင်ကြောင်းကိုမူကား။ပေါင်းချုပ်ပုဒ်မ ၇၂ နှင့် ၇၃ တို့၌ပြ၏။ ပုဒ်မ ၁၅၇ နှင့် ၁၅၈ တို့တွင်လည်း တစုံ တယောက်သော ယောက်ျားသည် လက်ဆောင် ပဏ္ဏာအ

သတို့သမီးသား သဘော။

(၁) အဓိဋ္ဌာန်သဒ္ဒေပ။ ပုဒ်မ ၃၇၀
(၂) ဤကျမ်းချက်နှာ ၈ နှင့် ၉။
(၃) ပဋိညာဉ်အက်ပုဒ်မ ၁၁။ အစ္စယ်ဖျောက်အက်။ ပုဒ်မ ၃ ကိုကြည့်။

သွင်း ဥစ္စာကို ပေးသွင်း၍ မိန်းကလေး၏ အမိ အဘနှင့် ပြောဆို တောင်း မြန်းပြီး သော် လည်း မိန်းကလေး သဘောမတူဘဲ ကျူးလွန်ခြင်းပြုလျှင် အပြစ် ဒဏ်ငွေ လျော်ရမည်ကိုဆိုသည်။

၁၈ နှစ်အရွယ် မိန်းမငယ်နှင့် စပ်လျဉ်းသော ငကု v. ဘုရင်မအမှု[၁] တွင် "မိန်းကလေးသည် အဘ၏ အုပ်ထိန်းခြင်းမကင်း သေးသမျှ အဘပြုသူက လင်ပေးစားနိုင်သင့်ကြောင်း" တဘက် ရွှေနေက ဆင်ခြေတက်လဲလျှောက်ရာ မအောင်မြင်။ အရွယ်မရောက်သော သမီးကိုအတင်း အကြပ် မိဘတို့က မထိမ်း မြားစေ ရဟု အမိန့်ချမှတ်ခဲ့လေသည်။ တရား ဝန်ကြီး ဆာသာ ကယ်ပိုက် သခင် စီရင်သောအမှု တွင်လည်း "မြန်မာ မိန်းမ တို့အား အုပ်ထိန်းသူ အမိအဘများကအတင်းအဓမ္မ အိမ်ထောင်ပြုစေလျှင် တရားမဝင်နိုင်"ဟု ဆုံးဖြတ် လေသည်။ မောင်သိန်း v. မသက်နှင်းအမှု[၂] ကိုလည်းကြည့်။

ကိုယ်ဝန် ဆောင် မိန်းမ။

တရားဝင်ရန် လိုအပ်သော အချက်တို့ကို ရေးသားရာ၌ ကိုယ်ဝန်ဆောင် မိန်းမတို့မှာ အဆီးအတားမရှိဘဲအခြားသော မိန်းမများ ကဲ့သို့ပင် တရားဝင် အိမ်ထောင် ပြုနိုင်ကြောင်းကို မောင်ထွန်း v. မိဒူလှိုင်အမှု[၃] တွင် ဆုံးဖြတ်၏။ ၎င်းအမှုမှာ မဟာမေဒင်ဥပဒေနှင့် ပတ်သက်သော်လည်း ဗုဒ္ဓဘာသာ ဥပဒေတရားနှင့် ခြားနားကွဲလွဲသည် မဟုတ်။ ဓမ္မသတ်တို့ကလည်း ပိတ်ပင်ခြင်း မရှိသည့်ပြင်၊ အနုသဒ္ဒေပကျမ်း၌[၄] ကိုယ်ဝန်ဆောင် မိန်းမ အိမ်ထောင်ပြု၍ရသော သားသည် ၎င်းလင်ယောကျ်ား၏ သားရင်းအဖြစ်ဖြင့်အဘ၏အမွေနှစ်ကို ခံစားခွင့် ရကြောင်းဘော်ပြ၏။

(၁) အထက်မြန်မာ (၁၈၉၇–၁၉၀၁) ပဌမ။ ၃၃၁။
(၂) မောင်တိုက် v. မချို။ အထက်မြန်မာ (၁၈၉၇–၁၉၀) ပုတိယ။ ၁၇၉။
(၃) အောက်မြန်မာ။အတွဲ။ ၃၄၇။
(၄) မြန်မာလောအစီရင်ပွတ်။အတွဲ။ ၃၃၄။
(၅) ပုဒ်မ ၁၉၂

မြန်မာတို့အချင်းချင်း အိမ်ထောင်ခြင်းကား ရှင်းသေး၏။ တဦးက မြန်မာဗုဒ္ဓဘာသာ။ တဦးက လူမျိုးကွဲ ဘာသာခြား ဖြစ်လျှင် လွန်စွာ ရှုပ်ထွေး၍ စီရင် ဆုံးဖြတ်ရန် မလွယ်ကူ။ ဤအကြောင်းကိုဆိုအံ့။

*ဘာသာခြား လူမျိုးကွဲများနှင့်။*

မြန်မာဘုရင်တို့လက်ထက်တွင် အိမ်ထောင် ထိမ်းမြားရေး၌ မည်သူမဆို လူမျိုးခြားနား ဘာသာကွဲပြားသည် ဟူ၍ မရှိစေရဘဲ။ ဓမ္မသတ် ကျမ်းအလာ စီရင်ခြင်း အာဏာကိုခံကြရကုန်၏။ ပိုင်းပြည်ရေးခြား ဆက်ဆံရာ ဥပဒေ တရားတွင်လည်း အိမ်ထောင်နှင့် စပ်လျဉ်းသည့်အမှုအခင်းတို့ကို အိမ်ထောင်ပြု ဌာန ဥပဒေ အရ လိုက်နာဆောင်ရွက် ရသဖြင့်။ မြန်မာနှင့် လူမျိုးကွဲတို့ တရားဝင် အိမ်ထောင် ပြုနိုင်၏။ ယခု မူကား ဗြိတိသျှ အင်ပိုင်ရာ နိုင်ငံတော်ကြီး၏ တဒေသမျှသာ ဖြစ်သော မြန်မာပြည်သည် အထက်ကာရီ မြန်မာ့ ပဝေဏီ အတိုင်း မဖြစ်နိုင်။ တိုင်းရေး ပြည်မှု ကျယ်ဝန်း ခမ်းနားလာခဲ့ရကား။ မဟာမက်၊ဟိန္ဒူနှင့် ခရစ်ယန် ဘာသာအယူတို့ကိုပါ ထောက်စာရန် အကြောင်းဖြစ်ပေါ်လာ၏။

*ပသီလူမျိုးနှင့်။*

မဟာမက် ဘာသာဝင် ပသီလူမျိုးနှင့် စပ်လျဉ်း၍ ဆိုလျှင် ဗုဒ္ဓဘာသာဝင်သူတဦးနှင့် မဟာမက် ဘာသာဝင်သူ တဦးသည် မည်သည့်အခါမျှ တရားဝင် အိမ်ထောင် မပြုနိုင်ချေ။ စီရင် ထုံးတို့ ထင်ရှားရှိ၏[၁]။ အကြောင်းမှာမူ မဟာမက် အယူကိုမယူသူပုဂ္ဂိုလ်သည် ၎င်းဘာသာလူမျိုးနှင့် အိမ်ထောင် ဘက်စပ်ခြင်း မပြုနိုင်ဟု ကိုရမ်ကျမ်းကဆိုသည်။ ထိုဘာသာကိုယူမှသာလျှင် တရားဝင် အိမ်ထောင် ပြုနိုင်ပေသည်။ ယခုအခါ ပသီ ယောက်ျားများနှင့် ပေါင်းဘက်ကြသော မြန်မာ မိန်းမတို့မှာ မဟာမက်ဘာသာသို့ ဝင်ရောက်ကြရကုန်၏။ ယင်းသည့်အခါ ထို မြန်မာ မိန်းမတို့မှာ ဗုဒ္ဓဘာသာတို့နှင့် သက်ဆိုင်သော (၁) နှစ်ပါးစုံ ပစ္စည်း၌တဝက်ပိုင်ဆိုင်ခြင်း။(၂)'လင်သေ

(၁) ဘုရင်မ v. ပေလဲ–ရွေးကောက်ဖြတ်ထုံး ၆၀၇။
မလေး v. မောင်ကျေး–အထက်မြန်မာ (၁၈၉၇–၁၉၀၁) ဒုတိယ ၄၉၇။

မယား၊ မယားသေလင်’ဟု တဦးအမွေကိုတဦး ခံထိုက်ခြင်းစသော ဥပဒေတို့၏ အပဉ္စကျပြီးကာလ၊ ကွာရှင်းလိုကလည်း မဟာမေဒင် ဥပဒေကို လိုက်နာရလျက်။ မိမိယောကျ်ား၏ဝါဒတရားကို အယူမရှိ မယုံကြည်ဟူ၍ ဆင်ခြေဆိုရန် ရုံးတော်တို့က ခွင့်မပြုရကား[1]များစွာအနစ်နာခံရကြပေသည်။ လင်ပသီကကွာလိုမှုကား သက်သေများရှေ့၌ ‘တလတ် တလတ် တလတ်’ဟု သုံးကြိမ်ကြွေးကျော်လိုက်လျှင် သနားစရာ မြန်မာမိန်းမမှာ မယား အရာမှ လျောကျ၍ မိမိလင်ပစ္စည်းဥစ္စာတွင် တပြားတခြမ်းမျှ အမွေမလိုက်နိုင်ချေ။ သို့ရာတွင် မြန်မာ မိန်းမက ကွာလိုမူ မဟာမက် အယူမှ အပဖြစ်သော ဝါဒတခုခုသို့ကူးပြောင်းလျက် အိမ်ထောင်ပျက်မှု ရုံးတော်၌ စွဲဆိုနိုင်၏[2]။ တရားမစွဲလိုမူ အယူ ပြင်ချက်ကို လင့်အား သိစေလျက် တသီးပုဂ္ဂလ ခွဲခွါနေလိုက်ရမည်။ ထိုအခါလင်ကုလားက မယားကို အိမ်ပါမူ မစွဲနိုင်ချေ။ အကြောင်းကား။ မဟာမေဒင် တရား ဥပဒေ အရ တဦးသူကဝါဒပြောင်းသည်နှင့် တပြိုင်နက်။ အိမ်ထောင်ပျက်သည်ဟု အဆိုရှိ[3]၏။ ဝါဒ စွန့်ခြင်းအင်္ဂါ အခြေသို့လည်း မဟာမက် ဘာသာနှင့် ဆန့်ကျင်သော စကားတို့ကို ရွတ်ဘတ်ရုံမျှနှင့်ပင် ရောက်နိုင်၏[4]။

ဟိန္ဒူလူမျိုးနှင့်။ ဟိန္ဒူလူမျိုးတို့နှင့် ဆိုပြန်လျှင် မြန်မာ မိန်းမတို့မှာ သာ၍ပင်ကြပ်တည်းသေး၏။ အမျိုး ဇာတ်လေးပါး[5] တွင် အပါအဝင် ဖြစ်သော ဟိန္ဒူ ယောကျ်ားသည် မိမိနှင့် ဇာတ်တူ မိန်းမနှင့်သာ တရားဝင် အိမ်ထောင် ပြုနိုင်၏[6]။ ဟိန္ဒူဥပဒေ၌ ဝင်ရောက်ခိုလှုံသောသူသည် မိမိ၏ဘွားရာ ဇာတိကပင် ဟိန္ဒူ ဘာသာဝင် ဖြစ်ရမည်။ ထိုကြောင့်၊ဟိန္ဒူ

(၁) ကူမာလ်ရှရစ် v. မရွှေရက်—ရွှေးကောက်ဖြတ်ထုံး ၄၉။
(၂) မဆိုင် v. ကာဒါမူဒင်—မြန်မာလောရီပို့တ်။ အတွဲ။ ၁၆။
(၃) ၁၂ လောတိုင်း ၆၀ မခင်အမှု။
အောက်မြန်မာ။ အတွဲ။ ၄၈၁—မိကြာလှဦးအမှု။
(၄) ဟူဆိန်အစ္စာ v. ဖါတီမာဘိ—ရွှေးကောက်ဖြတ်ထုံး ၃၆၊၁။
(၅) ဗြဟ္မဏ။ ခတ္တိယ။ ဝေဿ။ သုဒ္ဒ။
(၆) မောင်မန် v. ဒေါ်ရှုံ့—အောက်မြန်မာ။ တတိယ။ ၂၄၄။

ဘာသာ အယူကိုင်း။ ထိုသူတို့၏ အလေ့အလာ ထုံးစံ ဥပဒေကိုင်း။ မကျွမ်းကျင်ကြသော ကျွန်ုပ်တို့ဗုဒ္ဓဘာသာ မိန်းမများမှာ ဟိန္ဒူယောကျ်ားကို ယူသည်ရှိသော် မယား အရာမမြောက်။ အမြောင်မျှလောက်သာ ဖြစ်ပြီးလျှင်။ အမွေခဏ်းစားစရိတ်လမ်းတို့၌ အားထားစရာအလျှင်း မရှိချေ။ ဟိန္ဒူယောကျ်ားကို ဗုဒ္ဓဘာသာဘက် ကူး လိုက်သော်လည်း မခြားနား။ ထိုကုလားကိုမြန်မာဥပဒေကာမ အုပ်ချုပ်နိုင်။ မြန်မာမိန်းမတို့တရားဝင်အိမ်ထောင်ပြုနိုင်စရာအကြောင်းရှိသောဟိန္ဒူဆို၍ တပါးသာရှိ၏[၁]။ ထိုတပါးမှာ အမျိုးဇာတ်လေးပါးတွင် မပါဝင်သော ဥပဒေကင်းသည့် ပါရိယာဟိန္ဒူတည်း။ (ပဥ္စမဟိန္ဒူလည်းခေါ်၏။)

ခရာစ်ယန်လူမျိုးနှင့် မြန်မာများမှာ ခရာစ်ယန် အိမ်ထောင်ပြုအက်[၂] ဥပဒေအရ။ ၎င်းလူမျိုးတို့ အခင်းအကျင်း အလျောက် ထာဝရ ဘုရား ရှိခိုးကျောင်း ရောက်၍ငင်း။ အိမ်ထောင် ပြုခရေစ္စတြာ အရာရှိတို့ရှေ့တွင် ဂဇက်ပုစ်ဖြင့်ငင်း။ စုံဘက် ထိမ်းမြားနိုင်၏။ သို့ရာတွင် ခဲယဉ်းသည့် အချက်မှာ မြန်မာကကွာရှင်းလိုသော် ခရာစ်ယန် ဘာသာသို့ကူးပြောင်းလိုက်ပြီးမှကွာနိုင်၏[၃]။ ခရာစ်ယန်နှင့်။

တရုပ်လူမျိုးတို့မှာ များသောအားဖြင့် ဗုဒ္ဓဘာသာအယူကိုယူကြငြားသော်လည်း။ မြန်မာ ဗုဒ္ဓဘာသာ ဥပဒေနှင့် မအုပ်ချုပ်ရဘဲ တရုပ်ထုံးစံကိုသာ အမှီပြုရ၏[၄]။ ထိုသူတို့နှင့် တရားဝင် အိမ်ထောင်ဖြစ်မြောက်နိုင်ရန် ရှုပ်ထွေးသော အခမ်းအနားတို့ကို ဆောင်ရွက်ရခြင်း။ နှစ်ဘက်သော မိဘတို့ သဘောတူမျှရခြင်း။ တရားဝင် နိုင်သော ဂဏ်အင်္ဂါ အရပ်ရပ်နှင့် ပြည့်စုံရခြင်းစသော ဓလေ့ထုံးစံ တချုပ်နှင့်။

(၁) အနာဂမလဲ v. မိုးလန်း။ အောက်မြန်မာ။ တတိယ ၂၂၈။
(၂) ပုဒ်မ ၅။
(၃) ဒုနိယာ အိမ်ထောင်ဖျက် အက် ပုဒ်မ ၂။
ခင်မြွေးဦး v. ရစ်ပလီ–အထက် မြန်မာ (၁၈၉၇–၁၉၀၁) ဒုတိယ။ ၄၈၈ ကိုကြည့်သင့်၏။
(၄) ဂုံလန် v. မကြီး–အောက် မြန်မာ။ ဒုတိယ ၉၅။ ဟောင်ကူး v. မသင်း–ရွှေကောက် ၁၃၅။

အမျိုးမျိုးရှိရာ။ ၎င်းထုံးစံအရှပ်တို့ကို တရုပ်မှသာ သိနိုင်ပေလိမ့်မည်[၁]။ ထို့ပြင် အရေးကြီးသော အချက် တခုမှာ ယောကျ်ားပြုသူတရုပ်သည် အဟုတ်မယားအပြင် အမွေဝင်မယားငယ် အမြောက်အမြားထားနိုင်ပေသည်[၂]။

စကားချုပ်။ အထက်က ဆိုအပ်ခဲ့ပြီးသော အခြေတို့ကို ထောက်ထားသဖြင့် မြန်မာတိုင်းသား ဗုဒ္ဓဘာသာ မိန်းမများမှာ တသက်လျှာ ကိစ္စ လေးလံသော ဂရုဝါသ အမှုကြီးကို မဆောင်နှင်းမပြီးစီးခင် အလျင်တင်ကြို၍ ပိုပိုမိုမို သိထားအပ်လှသည် သာမက။ နောင်သောကာလ၌ အကျိုးကြီးနဲ့ မဖြစ်ရလေအောင်တောင်မြောက်လေးပါး စဉ်းစားကြ၍ဘာသာခြား လူမျိုးကွဲတို့ကို ဖဲကြဉ်ရှောင်ခွါရန် အမှန်သင့်လှ ပါပေသည်။ မလွှဲ မရှောင်သာ၍ ကံဇာတာ အလျောက် လူမျိုးကွဲတို့နှင့် အိမ်ထောင် ရောက်ကြပြီးသော မိန်းမတို့မှာလည်း။ မိမိတို့ကိုယ်ရေးကိုမျှော်တွေးထောက်စာလျက်လသာခိုက် ဘိုင်းငင့်ထားကြဘို့သာ သင့်လျော်ပါပေသည်။ ဤကားစကားချပ်တည်း။

## အချုပ်မှတ်စု။

၁။ အိမ်ထောင်ပြုမှု သဘော တခုသာ ပြဋ္ဌာန်း သည်။ (မကြွယ် v. မသီတာ[၃])

၂။ အရွယ်မမှီ မိန်းကလေးသည်။ အုပ်ထိန်းသူ သဘောမတူဘဲ တရားဝင်အိမ်ထောင်မပြုတန်ရာ။ (နောက်ဆုံးစီရင်ထုံး စိန်ထွန်း v. စံညွှန်းလောဂျာနယ်။ ပဉ္စမ၊ ၁၄၅ ကိုပယ်သင့်၏။)

၃။ မိန်းကလေး၏သက်တမ်း ၁၈ နှစ်ကို ထားသင့်၏။

(၁) တရုပ်ထုံးစံတို့ကိုအကျယ်တဝင့်သိလိုမှုရန်ကုန် စီရင်ထုံး။ ပဉ္စမ။ ၁၆၁။ မောင်မိုးမောင် v. မမြစိရအမှုတွင်ဘော်ပြထားသော စာအုပ်တို့ကိုကြည့်လေ။
(၂) ပေးဘင်တိန် v. ကိုမောင်—အောက်မြန်မာ။ ဒုတိယ။ ၂၆၁။
(၃) အထက်မြန်မာ (၁၈၉၂—၉၆) ဒုတိယ။ ၁၉၄ (၁၈၉၂)။ ဤကျွမ်းမှက်နှာ ၁။




ရွှေကျော့ဝင်းသောအဆင်းမယ်သာ ရေသုပ္ပသူမစ်ဖို

## ၂။ အိမ်ထောင်အခြေခြံသက်သေခံ။

အိမ်ထောင် ခြင်းရာကို ဆိုခဲ့ပြီး သည့် နောက်။ အိမ်ထောင်အခြေ၏ သက်သေခံကို ပြရန် မနုကျယ်ဓမ္မသတ်တွင်[၁] ရှင်ရသေ့ မနုကဲ့ကျောင်းဘဝကဆုံးဖြတ်သောအမှုအခင်းတခုကို ဆိုအံ့။ ''အကြင် သူနှစ်ယောက်သည် သူ့မယား ငါ့မယားလုကြသည်။ ထိုသူခမိန် (ကဲ့ကျောင်းသားမနု) မေးစစ်သည့်အခါ နှစ်ယောက်ကပင် မယားဆိုသည်။ မိန်းမကိုစစ်သော် တဦးသော ယောက်ျားကိုသာ လင်ဆိုသည်။ ထိုသို့မိန်းမဆိုကာမျှနှင့် စကားအစစ်မဝင်၊ သုံးယောက် အခြားနေစေ၍ အသီးသီးစစ်ငြန်လျှင် မြို့ရွာတချက်တည်း ဖြစ်ကြ၍ တဦးတည်း ပြောသည့်အတိုင်း ဘိုးဘွား မိဘ အမည်အရည် ဉစ္စာမျိုးရိုး တူကြသည်ဖြစ်သည်။ သင်တို့သုံးယောက်ကို လူသာမည့စစ်၍ မစင်ရာ။ ရေ။ ဆန်။ မီး။ ခဲ—ကမ္ဘာ့လေးရပ်တွင် တပါးပါးနှင့် စီရင်ရမည် ဆိုပြီးမှ။ သင်းတို့မိဘပေါက်ဘော် ဆွေမျိုးအရပ်သားတို့ကို ခေါ်ခဲ့၍ စစ်လျှင် တဦးသော ယောက်ျားသို့ အညီ ထွက်ချေသည်။ ကမ္ဘာလေးရပ်သို့ မရောက်သာ။ အညီထွက်သူ မယားဖြစ်စေဟုစီရင်ရာတွင် မိန်းမက လင်မဟုတ် ဆိုသောယောက်ျားသည် မိန်းမကိုရလေသည်။'' မြူးကနမူနာ။

အကြင်မိန်းမတဦးနှင့် ယောက်ျားတဦးသည် လင်မယားဟုတ်မဟုတ် အိမ်ထောင်ဖြစ် မဖြစ်ဟူသော အချက်နှင့်စပ်လျဉ်း၍ အမှုအခင်းတို့မကြာမကြာပေါ်ပေါက်ဖြစ်ပွါးရကား အိမ်ထောင်ပြုစဉ်အခါ ဩဘာဘတ်ခြင်း ပရိသတ်တို့အား ဘိတ်ကြား၍ ကွမ်းဆေး လွှက် တည်ခြင်း။ ကာယကံရှင် သတို့သားသမီးတို့၏လက်နှစ်ခုကိုထပ်ခြင်းစသော အခင်းအကျင်း တို့ကို ပြုလုပ် ခဲ့ပါမူ ၎င်းအိမ်ထောင်မှုကို လွယ်လင့်တကူဆုံးဖြတ်နိုင်၏။ ဤအခင်းအ စစ်ဆေးပုံ

(၁) စာမျက်နှာ ၁၅။

ကျင်းတို့ကို မပြုလုပ်ခဲ့ ပါမူ တဘက်သူက ငြင်းဆို လာသောအခါ စီရင်ရန်ခဲယဉ်းပေသဖြင့် အဆင့်ဆင့်သောအချက်တို့ကိုလည်း စစ်ဆေးရန် လိုလေသည်။ ၁၉၀၄ ခုနှစ်တွင်ဖြစ်ပွါးသော အမှုတခင်း၌[၁] စီရင်သောရုံးမင်းက ၎င်းအမှုမျိုးကို သေချာစေ့ငုစွာ ဆုံးဖြတ်နိုင်ရန် စီရင်ထုံးဓမ္မသတ်တို့ လွန်စွာ ပါးရှားကြောင်း အမိန့် ရှိခဲ့လေသည်။ ၁၉၁၂ ခုနှစ်တွင် ပရီးဗီး ကောင်စီ လွှတ်တော်က စီရင်သောမိမေ v. မရွှေမ[၂] အမှု၌ ''အခင်းအကျင်းမပါသ တင်းအခြင်းအရာ လောက်ဖြင့်သာ သောက်စာ၍ ဆုံးဖြတ်ရသော ဤအိမ်ထောင် မှုမျိုး၌ သထိ အထူး မှု၍ စစ်ကြောစုံစမ်းရမည်။ အဘယ်ကြောင့် ဆိုသော်။ မြန်မာတို့သည် တရားဝင် ပွဲတက်မယားမှာပါးသော မယားငယ်တို့အားလည်း မယားဟူ၍ လွယ်ကူစွာခေါ်ဝေါ်လေ့ထအသုံးပြုကြသော အကြောင်း ကြောင့်တည်း''ဟု လွှတ်တော်လတ်မင်းကြီးတို့က မိန့်ဆိုလေသည်။ မောင်ရွှေဂို v. မမိ[၃] (၁၉၀၀ ပြည့်နှစ်) အမှုပါမှုတွင်လည်း ဆာသာကယ်ပိုက် သခင် သည် မောင်ရွှေဂို အမှုကို ပယ်လိုက် ရာ၌ ''တရားလို မောင်ရွှေဂိုသည် တရားခံမမိနှင့် သူ့အမိကို အိမ်တဆောင်၌ ထမင်းခ ပေး၍ ထားပြီးကာလ တစတစ သွားလာလည်ပတ်သည်ကို အိမ်ရှင် လင်မယားနှင့် အခြား သူတပါး သက်သေများက မောင်ရွှေဂိုသည် သူတို့အားမမိ၏လင်ယောကျ်ားဖြစ်သည်ဟု ပြောကြားဘူးကြောင်းထွက်ဆိုကြငြားသော်လည်း။ တရားခံမမိနှင့် သူ၏ မိခင်တို့က သူတို့သဘော မပါရသဖြင့် တရားဝင်မယားမဖြစ်သင့်ဟု ငြင်းဆိုသည် အလျောက်။ အပြောင်းမျှလောက်သာ ခရီးရောက်သည်''ဟူ၍ သတ်မှတ်ခဲ့၏။

အတူနေထိုင်ခြင်း အခါ။

ယောကျ်ားနှင့် မိန်းမသည် နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ အတူတကွ နေထိုင်စားသောက် လာခဲ့ကြလျှင်။ ဤသူနှစ်

(၁) မောင်ဆုံ v. မသက်နု၊ သောင်ပြွတ်၊ သသမ ၁၆၆၊
(၂) အထက်မြန်မာ (၁၉၁၈—၁၃) ၁၁၁၊ ဤကျမ်းမျက်နှာ ၄၊
(၃) ဦးနုံထွန်းစီရင်ထုံးပုံ၊ ၃တိသ။ ၁၉၁၁ ခုအထိ၊ ၁၅၅။

ယောက်မှာ လင်မယား တည်းဟု အရင်း ပဓာနထား သင့်သည်[1]။ သို့ ထားပြီးမှ အပျော် မယား။ အပြောင် မယားသာ[2] ဖြစ်ကြောင်း (ဝါ—မယား အစစ် မဟုတ် ကြောင်း) သက်သေသာဓက လုံလောက်စွာ တဘက်က ပြနိုင်မှ ဤပဓာန တရားကို ပယ်ရှားရာသည်။ အတူတကွ နေထိုင်စားသောက်ခြင်း အင်္ဂါသည် အဘယ်မျှလောက် ခရီးရောက်သည်ဟုဆိုရလျှင် တရုပ်။ ကုလားတို့နှင့် ဆက်ဆရာ၌ပင်ထင်ပေါ်၏။ ယခုကဲ့သို့ထင်ရှား ပေါ်လွင်စွာ လူမျိုးကွဲယောက်ျားတဦးနှင့် မြန်မာမိန်းမက နေလာခဲ့လျှင် တရုပ်နှင့် ကုလားက 'ဤသို့စဉ်လျက် အိမ်ထောင်ဘက်မပြီသ'ဟု မိမိတို့ဓလေ့ထုံးစံကို ထိထိရောက်ရောက် နေရာတကျ ညွှန်ပြနိုင်မှ သာလျှင် မယား ဇရာ မဝင်ဟု ပယ်သင့်သည်။ [ဟိန္ဒူနှင့်ကြည့်[3]။ တရုပ်နှင့်ကြည့်[4]။ ပါရီယာနှင့်ကြည့်[5]။] ထိုသို့မပြနိုင်လျှင် ထိုလူမျိုးတို့ အခမ်းအနား အလေ့အလာကို မဆောင်ကျဉ်းခဲ့သော်လည်း ဤအင်္ဂါကြောင့် အိမ်ထောင်မြောက်နိုင်၏[6]။ မောင်စိန်ထွန်းတို့အမှု၌[7] အရွယ်မရောက်သော မိန်းမကလေးသည် အုပ်ထိန်းသူသဘော မတူလျက် အိမ်ထောင် ဘက်နိုင်သည် ဟူ၍ တရားဝန်ကြီး ဦးခင် ဆုံးဖြတ် ခြင်းသည် ၎င်းအနေအထိုင် အင်္ဂါကိုလည်း တနည်း အကြောင်း ပြုသည်ဟု အောက်မေ့ သင့်သည်။ ဤအင်္ဂါအပြင် ဆင်ခြင်စရာ လိုအပ်သော အချက် တို့ရှိသေး၏။ အိမ်နီးပါး ရပ်ဆွေရပ် အခြားသောအင်္ဂါများ
မျိုးတို့က နည်းများမဆို အသိအမှတ် ပြုကြရမည်။ ဤအချက်အရေးကြီး၏။ ရှေးအခါက လူသူတို့မှာရွာ၌၎င်း။ မြို့၌ ၎င်း နေသည်ရှိသော် တဦးနှင့်တဦး တယောက်နှင့် တ

(၁) အနှာမလဲပလဲ V. ဗိုလ်လန်း—အောက်မြန်မာတာဝီယ။ ၂၂၅။ ငယ်နုးကိုပေါလ် V. ကစ္စနာဆမ္မိ— ၎င်း ၎င်း ၂၁။
(၂) ယခုကာလလူတို့ 'အနှောင်' ဟုခေါ်ကြသည်။ သို့မဟုတ် ..အေး၏ (A.C.)
(၃) မတင် V. ဒုရဂ်းဘာနော။ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၃၀၈။
(၄) သိန်းခိုင် V. ဗဟိန်း။ အောက်မြန်မာ အမှုမ ၂၂၂။
(၅) အနှာမလဲပလဲ V. ဗိုလ်လန်း။ (၁) ၌ကြည့်။
(၆) နံပါတ် (၄) ကိုကြည့်။
(၇) ဤဂျာနယ် အတွဲ ၁၁။ လောကဂျာနယ်။ ပဥ္စမ ၁၄၄။

ယောက် ဘုရားသွားအတူ ကျောင်းတက်မကွဲဆိုသကဲ့သို့ သိကြ အကျွမ်းဝင်ကြသဖြင့် တဦးကိစ္စတွင် တဦးက ဝင်ရောက်ထမ်းရွက်ကြလျက် သာမှုနာရေးတို့၌ ရိုင်းပင်းကူညီလေ့ရှိ၏။ ထိုကြောင့် ထိုခေတ်သမယများ၌ ဘယ်သူ့သားနှင့်ဘယ်သူ့သမီးဘယ်နေ့ဘယ်အခါဘယ်နေရာမှာ ထိမ်းမြားမင်္ဂလာပြုမည်စသဖြင့် ရပ်သိရွာသိဖြစ်၏။ ယခုအခါမူကား မြို့ပြပြည်ရွာတို့၌ နိုင်ငံခြားသား အမြောက်အမြားဝင်ရောက်နေထိုင်ကြသဖြင့် တိုင်းရင်းသားမြန်မာတို့မှာ အနေအထိုင်ပြောင်းလွှဲ၍ အိမ်နားနီးချင်း ရပ်ဆွေရပ်မျိုးစသော ရင်းနှီးသဘော တိမ်ကောပြီးလျှင် ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်ဂေဟာကိုသာ ပဓာနထားလျက် ခင်မင် နည်းပါး ခပ်ကြွားကြွား နေထိုင် ကြကုန်၏။ အိမ်ထောင်ရေး၌လည်းခပ်ဇဆေသာဖြစ်ပြီး အကျော်အစောမရှိ။ အိမ်သားတစုလောက်သာသိရကုန်၏။ သို့ရာတွင်အပေါင်းကြလျက် ဤသူတို့နှင့်ဆက်ဆံရသော မိတ်ဆွေတို့က ‘ဤလူနှစ်ပါး လင်မယားတည်း’ဟု အယူရှိကြလျှင် တရားဝင် အိမ်ထောင်ဟု ကောက်သင့်၏။ ၎င်းကောက်ချက်အရင်းခံမရှိနိုင်လျှင် ကျန်သနစ်တို့ကို စစ်ဆေးရပြန်သည်။ဥပမာ–ဤသူတို့လင်မယားဖြစ်ကြောင်း သူတထူးအား ပြောကြား ခဲ့ဘူးသလား။ ဝါ။ တယောက်နှင့် တယောက်နေထိုင်ပုံမှာ လင်မယားအင်္ဂါနှင့်ညီရဲ့လား။ ဝါ။ ဆွေမျိုးမောင်နှမ မိတ်ဆွေ သင်္ဂဟတို့အိမ်သို့ အတူတကွ လည်ပတ်ကြဘူးသလား။ ဝါ။ ကျောင်းကန်ဘုရား ရှင်ပြု တရားနာအတူသွားကြဘူးရဲ့လား။ ဝါ။မိဘဆွေဥာတို့က ဘယ်လို သဘောပိုက်ကြသနည်း။ ဝါ။ တဦးသူ သေဆုံးသည့်အခါ ကျန်ရစ်သူမှာ မသာကိစ္စတွင် ဘယ်လို ရွက်ဆောင်သနည်း ဟူသော အချက်တို့ကို အကုန်အစင် မဟုတ်သော်လည်း အတော်အတန် စစ်ဆေးပြီးမှသာလျှင် အိမ်ထောင်မှုကိုဆုံးဖြတ်ရာသည်။ ၎င်းတို့အနက်အတူတကွနေခြင်းအင်္ဂါသည် အရေးအကြီးဆုံးဟု ဆိုအပ်သည်မှာ။ လင်မယားမဟုတ်ဘဲလျက် ယောကျ်ားနှင့် မိန်းမအ

တူနေထိုင်ခဲ့လျှင် လူသူအထင်အမြင်လည်းမတော်တရား မမှန့်လည်း မလျော် ဆိုသကဲ့သို့ ကဲ့ရဲ့ သဂြိုဟ် ခြင်းခံရ လျက်။ အရှက်ကို ငဲ့ကွက် ပြီးလျှင် မြန်မာတို့ ရှောင်ကြ ၏။ ထိုကြောင့် တစိမ်းပြင်ပြင်ဖြစ်သော ယောက်ျားနှင့် မိန်းမသည် အသက်အရွယ် အခြေအနေအားဖြင့် ညီမျှ၍ အဘူတကျွသွားလာနေထိုင်လေ့ရှိခဲ့လျှင် မုချစင်စစ် လင် မယားသာ ဖြစ်တန်ရာသည်။ ဤအင်္ဂါမထင်လျက်လည်း လင်မယားဖြစ်နိုင်ကြောင်းကို မကြွယ် v. မသီတာ [2] အမှု၌ ဆိုခဲ့လေပြီ။

(သို့ရာတွင်။အချို့သောစီရင်ထုံးများတွင် ဤ တူတကွ နေထိုင်စားသောက် ခြင်းအင်္ဂါနှင့် ပြည့်စုံမှသာလျှင် လင်မယား မြောက်သည်ဟု ဆင်ခြေဆိုခဲ့ကြ သည့် အမှိုပြုသော အချက်ကား မစ္စတာရစ်ချက်ဆင်ပြန်ဆိုသည့် မနုကျယ် မမှု သတ် တနေရာ၌ အင်္ဂလိပ်လို အပြန်မှားခြင်းကြောင့် ဖြစ်ပေသည်။ 'နေစား' ဆိုသောစကားကို အဓိပ္ပါယ် ကောက်ရာ၌ စာပြန် ဆရာကြီးက နေ၍စား ခြင်းအနက်ကို သမ္ဗန်၏။ ဤမှန်အားဖြင့် 'နေစား' ဆိုသောစကားမှာ အိမ် ထောင်ဖြစ်မြောက်ခြင်းအနက်သာမည်ကိုသာရောက်၏။ အတူတကွ နေထိုင် စားသောက်ခြင်း အဓိပ္ပါယ် မပေါက်။ ယောက်ျားနှင့်မိန်းမကို အိမ်ထောင်ပြု စေလျှင် ပေးစားဆိုသောစကားကဲ့သို့ ယောက်ျား မိန်းမ အိမ်ထောင်ပြုလျှင် နေစားကြသည်ဟုဆို၏။ ဤကားစကားချပ်တည်း။)

လင်မယားအကူတကွ မနေခြင်းမှာ အယုတ်ဆုံးအား ဖြင့်တဦးအမွေတဦးမခံထိုက်ရုံမျှသာရှိမည်။သို့သော်ငြား လည်း သီးခြားကွဲပြားနေရခြင်း အကြောင်းရင်း မူလကို နေရာ ချပြနိုင်လျှင် အမွေခံ ထိုက်သေး၏ [1]။ မယား အ မြောက်အမြား ယူနိုင်သော ခေတ်အတွင်းဝယ် မယား ငယ်ဖြစ်သူမှာ မယားကြီးနှင့် အတူနေရန် ခဲယဉ်းရကား လင်ယောက်ျားကမယားငယ်ကို ကျော်စောတင်ပေါ်စွာ ထားလျှင် အိမ်သီးခြားဖြစ်လျက်ပင် အမွေဝင် မယားတ ယောက်အဖြစ်သို့ ရောက်နိုင်ပေသည် [3]။ အိမ်သင်းခြားနေခြင်း။

အထက်၌ ဆိုခဲ့သော ရပ်ရွာက သူတကာ သဘော ထားကိုစစ်ဆေးရန်အချက်တွင်ထိုသူတို့က ပုဂ္ဂိုလ်နှစ်ပါး ရပ်ရွာသဘော။

---

(၁) ဤကျမ်းမျက်နှာ ၁။ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၁၉၄ (၁၈၉၂)
(၂) မကြွယ် v. မသီတာ။ ဤကျမ်းမျက်နှာ ၁။
(၃) မိမေ v. မရွှေမ။ အထက်မြန်မာ (၁၉၁၀–၁၃) ၁၁၁။ ဤကျမ်းမျက်နှာ ၄။

လင်မယား ထင်သည်ဟု ပြောရုံမျှနှင့်မပြီး။ ဤသဘောထား၏ အကိုးအကားယုတ္တိဖြစ်သောအပြုအမူကိုလည်း ဆင်ခြင်ရမည်။ ဥပမာ—သက်သေခံသူရွာအုပ်သည် လူနှစ်ယောက်ကောက်ခံရာ၌ ထိုသူတို့ကို လင်မယား အဖြစ်ဖြင့် ကောက်ခံခဲ့ကြောင်း ထွက်ဆိုလျှင် ရွာအုပ်၏သဘောကို အလေးဂရုပြုရာသည်။ ဤကား သက်သေခံအက်[၁] အလိုတည်း။

ကွာပြီးသား လင်မယားပြန်ချင်းလျှင်။

ကွာပြီးသားလင်မယားတို့ပြန်ချင်းကြလျှင်လည်း ပြန်ချင်းကြောင်းကို မူလငြားစမှာကဲ့သို့ တင်ရှားစွာ သက်သေပြနိုင်မှသာလျှင် လင်မယားဖြစ်မြောက်နိုင်သည်[၂]။

## အချုပ်မှတ်စု။

၁။ တရားဝင်ပွဲတက်မယားနှင့် အပြောင်မယား ၂ စားကို သတိပြုရာ၏။ မောင်ရွှေဂုံ v. မမိ ဦးချိုတွန်း စီရင်သုံးစု။ ဒုတိယ ၁၅၅။

၂။ လင်မယားသီးခြားနေတိုင်းအာဓမ္မမကန်းအမြဲဟု v. မသီတာ။ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၁၄၃ (၁၈၉၂)

---

(၁) ပုဒ်မ ၅၀။
(၂) မောင်လှကြီး v. မဥဘက်၊ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၂၀၂။

## ၃။ အိမ်ထောင်ဂတိပျက်မှု။

ဗုဒ္ဓဘာသာယောက်ျားမိန်းမတို့သည် တဦးနှင့် တဦး အိမ်ထောင်ရန် ဂတိထားကြ၍ နောင်သောကာလ၌ ဂတိကိုဖျက်လျှင် လျော်ကြေးတပေါင်စွဲဆိုအောင်မြင်နိုင်မည်လောဟူသော အကြောင်းအရာကို ဆင်ခြင်သည့်ရှိသော်။ ၎င်းအမှုမျိုးမှာ မြန်မာ ဗုဒ္ဓဘာသာ ဥပဒေ အိမ်ထောင်ခန်းနှင့် သက်ဆိုင်သလော။ သို့မဟုတ် ပဋိညဉ်ဥပဒေနှင့် သက်ဆိုင် သလောဟု တွေးတောစရာ ရှိပေသည်။ ယေဘုယျအားဖြင့် ဂတိပြုခြင်း ဖျက်ခြင်းစသော ဂတိတရားတို့မှာ ဣန္ဒိယ ပဋိဉာဉ်အက်၌ ပါဝင်လေသည်။ သို့ရာတွင် ၎င်းအက်ကို စီမံသူ ပုဂ္ဂိုလ်တို့သည် ကူးသန်းရောင်းဝယ် ကုန်သွယ်ဘောက်ကားခြင်းစသော လုပ်ငန်းများကိုသာ ပဓာနထားကြလျက် အိမ်ထောင်ဂတိ သက်သက်ကို သတိမူကြသည့်လက္ခဏာမရှိချေ။ ဓမ္မသတ်ကျမ်းတို့ကိုကြည့်ပြန်လျှင်လည်း ဤအမှုတရားမျိုး စွဲဆိုနိုင်သည်ဟု အသီးအခြား ဖော်ပြထားသည်မဟုတ်။ တားမြစ်သည် ဟူ၍လည်းမရှိ။ ပကတိစင်စစ်အားဖြင့်၎င်းအမှုမှာ အိမ်ထောင်ခြင်းရာနှင့်သာ၍ သက်ဆိုင်ပေသည်။ အဘယ်ကြောင့် ဆိုသော် အိမ်ထောင်ဟူသမျှ မူလပဌမ ဂဟိက အစတည်း။ ဝတီသဘောမပါလျှင် အိမ်ထောင်မင်္ဂလာ မဖြစ်နိုင်၊ သို့သော်လည်း အဆုံးစကားမှာ။ မည်သည့် ဥပဒေနှင့်ပင် သက်ဆိုင်စေကာမူ ဤအမှုမျိုးစွဲဆိုနိုင်ကြောင်း စီရင်ထုံးထင်ရှားရှိ၏။ [မောင်မှိုင်း v. မဖွားမေ[2]။ ကံကောင်း v. မိလှချုပ် အမှုတို့ကိုကြည့်လေ။] အမှုသဘော။

အိမ်ထောင်ဂတိပြုသူတို့မှာ လူလားမမြောက်အရွယ် မရောက်သော် အသို့နည်း [1] အထက်ပါ ကံကောင်း v. သေးလှိုင်။ အရွယ် မရောက်

(၁) ရွှေးကောက်ဖြတ်ထုံး ၁၃၃၃။
(၂) အထက်မြန်မာ (၁၉၀၇-၀၉) ဒုတိယ။ ပဋိဉာဉ် ၅။

မိလှချုပ်အမှုတွင် တရားလိုသူငယ်မမှာ အရွယ်မရောက်သေးသဖြင့် ထိုအမှုကို မစွဲထိုက်ကြောင်းတရားခံက ငြင်းဆိုရာ တရားဝန်ကြီးရှောသခင်က ''ပဋိညာဉ်အက်အရ မစွဲထိုက်မှန်၏။ သို့ရာတွင် ဗုဒ္ဓဘာသာ ဥပဒေအရ စွဲနိုင်သည်''ဟု ဆုံးဖြတ်လေသည်။ မောင်မြတ်သာ v. မသုံ[1] အမှုတွင်မစ္စတာဘာဂျစ်သခင်က ''အိမ်ထောင်ထိမ်းမြားရေးသည် ပဋိညာဉ်ထရားနှင့် သက်ဆိုင်သည်သာ မက။ ပဋိညာဉ်ထက်ပိုမိုလွန်ကဲသော အာက်အလက်များရှိသေး၏''ဟုမိန့်လျက်ဗုဒ္ဓဘာသာဥပဒေကို အသုံးပြု၍ဆုံးဖြတ်လေသည်။ထိုအတွက်ကြောင့်ပဋိညာဉ်အက်ပုဒ်မ ၁၁ အရ အရွယ်မရောက်ခြင်းအခြေကိုအားကိုးအားထားပြု၍အိမ်ထောင်ဂတိပျက်မှုကို ပယ်လှန်ခြင်း မပြုနိုင်။ ဂတိထားသူယောကျ်ားကလေးမှာ ၁၈ နှစ်အောက် လူပျိုပေါက်ကလေးဖြစ်သော်လည်း လျော်ကြေးပေးခဲ့ရ၏[2]။ သို့ရာတွင် မစ္စတာအော်မန်သခင်၏ သဘောကိုသွန်းကျင် v. မမယ်တင် အမှုတွင် ကြည့်သင့်ပေသည်[3]။

ကျွားကစွဲလျှင်။ အထက်အမှုတို့တွင် မိန်းမ တရားလိုချည်း ဖြစ်ကြ၏ ယောကျ်ားက စွဲသော်အသို့နည်း။ စွဲဆိုနိုင်ကြောင်းကား မငွေရင် v. မောင်ဘိုးတော[4]အမှုတွင် ထင်ရှား၏။ သို့ရာတွင် ၎င်းအမှုပလပ်သွားရာ စီရင်သူတရားဝန်ကြီးမစ္စတာပါးလက်သခင်က ''တရားလိုမှာ ဆုံးရှုံးခြင်းမရှိ။ ဂုဏ်သရေနှင့်အခြေအနေတို့ နစ်နာ ပျက်စီးခြင်း ကိုလည်း မပြုနိုင်။ မိတ်သင်္ဂဟတို့ ကဲ့ရဲ့ပြောင်လှောင် ခြင်းကြောင့် အရှက်ခံရရုံမျှနှင့်လျော်ကြေး မဝင်ထိုက်''ဟု အမိန့် ရှိလေသည်။ အမှုစွဲဆိုခွင့်ပြုရာတွင် ပေါင်းချုပ်[5] ပုဒ်မ ၆၃ နှင့် ၇၄ တို့ကို ရည်ညွှန်းခဲ့၏။ အမှန်အားဖြင့် ပုဒ်မ ၅၄ နှင့် ၅၆ တို့တွင် သာ၍ ထင်ပေါ်သည်။ ၅၄ ၌ ''အငွေ တေ ဒမှိ

---

(၁) အောက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၂၀၀။
(၂) ၎င်း (၁၉၁၈) တတိယ ၇၅။ မောင်မောင် v. မမြင့်။
(၃) အောက်မြန်မာ။ ဒသမ ၂၈။
(၄) လောတိုင်း။ ဆဌမ ၁၄။
(၅) ဦးဓောင်းပေါင်းချုပ်ပဌမတွဲ။

မိတရံ။ ကမ္မံ ကရောဟိ ပါ၀စေ။ ပတ္တာ ဒိန္နေပိ ဒိယနံ။ မိတ္တဿ၀ ဒဒါပယေ။ ။အင်္ဂ၊ ဤမည်သောနေ့ရက်သို့။ ဣတော၊ ရောက်သည် ရှိသော်။ မိတရံ၊ သမီးကို။ ဒမ္မိ၊ ပေးအံ့။ ကမ္မံ၊ အမှုကိစ္စကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊ ဤသို့။ ပါ၀စေ၊ ဆိုရာ၌။ ဒိယျနံ၊ အချိန်း အချက်သို့။ ပတ္တာ၊ ရောက်လျက်လည်း။ အဒိန္နေ၊ မပေးသည့်ရှိသော်။ မိတ္တဿ၊ သမီး ကိုယ်ဘိုးကိုသာလျှင်။ ဒဒါပယေ—ပေးစေရာ၏။” ဟု ပါရှိသည်။ ၅၆ မွေ့သတ်ကျော်က “သမီးပေးမည်ဟု သူသွင်းသောဥစ္စာကို ယူပြီးမှ မပေးဘဲနေချေအံ့။ အသွင်းဥစ္စာကို ထဘိုးပြန်ရချေ၏”ဟု ဆိုသည်။

အထက်ပါ မွေ့သတ်စကားရပ်တို့မှာ အမိအဘတို့က ပျက်ကွက်သောဂတိကိုသာပြသည်မှန်၏။ သို့ရာတွင် ၎င်းစကားတို့ကို ပုဒ်မ ၆၇။ ၇၁။ ၇၂ တို့နှင့် ယှဉ်တွဲ၍ကောက်လျှင် အဓိပ္ပါယ်ပေါက်စရာအကြောင်းရှိပေသည်။

၇၁။ အကြင် သမီးကညာကို မိဘ ကြိုက်နှင်းသက်၍ လင်ပေး စား၏။ မိန်းမငယ် မကြိုက် သောကြောင့် ချင်းကြိုက်သော ယောကျာ်းထံ ပြေးထွက်လေအံ့။ အုံးအိပ်ရာ မစပ်ခင် မှုကား အသွင်းအများပေးသောဥစ္စာကို အတိုင်းပြန်စေ။ အုံးအိပ်ရာစပ်၍ မယားမြောက်ပြီး မှုကား။ ထဘိုးပေးအမ်းစေ။ (ဝိလာသ)

၇၂။ ဆင်း၀ါပျိုရွယ်။ သမီးငယ်လျှင်။ ချစ်ဘွယ်ကြင်လေး။ မိဘာပေးသား။ ရည်သွေးသန့်လွှင်။ လူပျိုခင်နှိုက်။ မကျင်ချစ်လျှင်း။ မေတ္တာယွင်းမူ။ အသွင်းနှစ်ဆ။ တနည်းမှတုံ။ ကျစေလျော်ရိုး သင်းကိုယ်ဘိုးတည်။ (ကန်တော်)

ထိုကြောင့် ၎င်းအမှုမျိုးကို မွေ့သတ်တို့က မပိတ်ပင်သည့်ပြင် လျော်ကြေးစကား အမြောက်အမြားပါဝင်ရကား မငွေ့ရင်အမှု၌ပေါ်ထွက်သော မစ္စတာပါးလက်၏

မိန့်မြွက်ချက်တို့ကို ဂရုစမ္မမပြုသင့်လှ။ ယောကျ်ားကိုမနှစ်သိမ့်လိုလည်း။ အယုတ်ဆုံးစကားဂတိမမှန် စိတ်ပြောင်းမြန်သူမိန်းမအား အပြစ်ပေးသည့် အနေမျိုးဖြင့် လျော်ကြေးကို နည်းများ မဆို ချအပ်၏။ အကြောင်း မှာမူ ယောကျ်ားလုပ်သူ၌ အပြစ်မထင် ငြားသော်လည်း အရေးတင်ခံရပေ၏။ တော့တ်ဥပဒေအရလည်းသင့်မြတ်ပေသည်။ "အနာရှိကဆေးရှိရ၏။"

မိဘတို့ထံ။ ယောကျ်ားက မိန်းကလေး၏မိဘတို့ထံ လျော်ကြေးငွေတောင်းခံနိုင်သည်ဟု မည်သည့်စီရင်ထုံးတခုတွင်မှ မတွေ့ရငြားသော်လည်း။ အထက်ပါ 'အဇ္ဈေတောဒမ္ဗိဓိတရုံ' အစရှိသောပေါင်းချုပ်ပုဒ်တို့အရ ဓမ္မသတ်တို့တွင် စွဲနိုင်ကြောင်းလာ၏။ သို့ရာတွင် ယောကျ်ားရှင် မိဘ တို့က ဖျက်ကွက်ခဲ့သော်မိန်းမကလေးကထိုသူတို့ထံလျော်ကြေးပန်နိုင်သလောဟုပြောဆိုစရာရှိသေးသည်။ "ဓမ္မသတ်တို့တွင် ဤအချက်မပါမရှိသည့်ပြင်။ ၎င်းအမှုစဉ်ကိုထောက်ပံ့အားပေးခြင်းပြုလျှင် အိမ်ထောင်မှု တရား၌ သဘောဆိုသောစကား ပယ်ရှားသည့် အနေသို့ ရောက်မည်" ဟု ဆာချားလ်ဖေါက်သခင်သည် မောင်သိန်း v. မသက်နှင်း[၁]အမှုတွင် အဆိုဝင်ခဲ့၏။ ထို့ကြောင့်ဂတ်လွန်မြောက်သော်လည်း သား သဘော မရောက်က အိမ် ထောင်ဖေါက်ထွင်းမှု ဟူ၍ မိန်းကလေးသည် ယောကျ်ားမိဘတို့အား လျော်ကြေး တရားမစွဲနိုင်။ အထက်ပြည် မောင်ဖိုးသော် v. မောင်သာလှိုင်[၂] အမှုကိုလည်းကြည့်လေ။ ဤအမှု၌ ယောကျ်ားမိန်းမ ၂ ပါးမှာ အိုးအိမ်ရာစဉ်၍ ကာမဂုဏ်မြောက်သည့်တိုင်အောင် ခရီးရောက်ခဲ့ကြသည်။ သို့လျက်ပင် လျော်ကြေးမဝင်။

ဂတိမြောက်သက်သေခံ။ အိမ်ထောင်ရန်ဂတိရှိမရှိ သက်သေခံအခြေကို ကြည့်ရှုစစ်ဆေးသည့်အခါ။ တယောက်နှင့် တယောက် ဆက်

(၁) အောက်မြန်မာ၊ ပဋ္ဌမ ၃၄၇။
(၂) အထက်မြန်မာ။ (၁၉၁၈) တတိယ ၁၀၆။

သွယ်ကြစဉ်''သင်နှင့် ကျွန်ုပ်ပေါင်းပါမည်။ သင့်အား မယားပြုပါမည်''စသောစကားများကို ပြောကြားမှ ဂတိမြောက်သည် မဟုတ်။ ဥပဒေအလိုငှါ အနားပတ်လည် စကား အစဉ်အလာကို အရိပ်အကဲခတ်၍ ဆုံးဖြတ်နိုင်သည်။ မောင်ရွှေသဲ v. မငေပုံ[၁] အမှုတွင် ယောကျ်ားပြုသူက အောင်သွယ် မောင်ကျော်သောင်းအားမိန်းမကို အလိုမ့်ခိုင်းရာ။ မိန်းမပြုသူသည်''ရှင့်လူက အတော်နာမည်ပျက်သည်။ ဟန်ကျ ပမလား''ဟု ပြောလိုက်သောအခါ မောင်ကျော် သောင်းက တဘန် စကား ပြန်လျှင် ယောကျ်ား မောင်ရွှေသဲက ''ကျွန်ုပ် ရဲရဲကြီး အာမခံပါမည်။ သူနှင့်တော့ အတည်ပိုင်းပါဘဲ''ဟု ဆိုလိုက်လေသည်။ ထိုနောက် မိန်းမအိမ် အရောက်တွင်လည်း ၎င်းနည်းတူ ထပ်မံဆိုပြန်သည်။ယောကျ်ားသည် အိမ်ထောင်ရန် ဂတိထားခဲ့ကြောင်း တရားဝန်ကြီး ဦးခင် စီရင်လေသည်။

## အချုပ်မှတ်စု။

၁။ အိမ်ထောင်ဂတိပျက်သော် လျော်ကြေးမှုစွဲနိုင်သည်။ (မောင်မှိုင်း v. မဖွါးမေ။)

၂။ အမှုသည်တို့ အရွယ်မရောက်သော်လည်း ပဋိညာဉ်ဥပဒေကိုမှီ၍ ဆင်ခြေမဆိုနိုင် (ကံခေါင်း v. မိလှချုပ်။ မောင်မောင် v. မမြင့်။)

၃။ ယောကျ်ားကစွဲလျှင်လည်း လျော်ကြေးရသင့်၏ (ပေါင်းချုပ်။ ပဌမ။ ၅၄။ ၅၆။ ၆၃။ ၇၄။ ၈၁ နှင့် ၈၂။)

၄။ မိန်းကလေးမိဘတို့ ဂတိပျက်သည့်အခါလည်း ယောကျ်ားကလျော်ကြေးတောင်းခံနိုင်သင့်သည်။ (ပေါင်းချုပ်။ ပဌမ။ ၅၄။ ၅၆။)

၅။ မိန်းမကလေးက ယောကျ်ား မိဘတို့ထံ လျော်ကြေး ပန်သော် မရ။ (မောင်သိန်း v. မသက်နှင်း။ မောင်ဖိုးသော် v. မောင်သာလှိုင်။)

၆။ ဂတိမြောက်သက်သေခံမှာ အရံစကားတို့ကိုအကဲခတ်၍ ဆုံးဖြတ်နိုင်သည်။ (မောင်ရွှေသဲ v. မငေပုံ။)

---

(၁) လောဂျာနယ်။ ပဌမ ၂၅၉။

## ၄။ မိန်းမကိုယ်သွေးဆောင်ဖျက်ဆီးမှု။

မိန်းမကိုယ်တိုင်စွဲ သောအခါ။

ပုစ္ဆာ—မိန်းမ တယောက်သည် ယောကျ်ားတယောက်နှင့် ကာယ သံသဂ္ဂ ပြု၍ ပဋိသန္ဓေ တည်ခဲ့၏။ ''ကျွန်မကိုသွေးဆောင်သဖြင့်ကျွန်မသဘောတူရသည်။ ကျွန်မမှာ နစ်နာခြင်း ဖြစ်သည်'' ဆို၍ မိန်းမက အိမ်ထောင်မပြုလိုသူ ထိုယောကျ်ားအား လျော်မကြေး တရားစွဲတောင်းနိုင်မည်လော?

အဖြေ—အိမ်ထောင်မှုနှင့်လည်း မသက်ဆိုင်။ ပဋိညာဉ်ဥပဒေ၌လည်း မပါဝင်သော ဤအမှုကို သဘာဝဓမ္မဖြောင့်မတ်သော တရား သဘောအရ ဆင်ခြင်စရာ အကြောင်းမှာ လျော်ကြေး ပေးခဲ့သော် သင့်တော်ပါမည်လော။ လျော်ကြေးပေးခြင်းဖြင့်ယုတ်မာသောအကျင့်မျိုးကို (ဝါ—မမြင့်မြတ်သောအကျင့်မျိုးကို) အားပေးသည့်အနေမရောက်လောဟု ချက်သောစကားကို ချိန်ဆပြီး ကာလ တရားဝန် မစ္စတာဂျာဗိုင်းသခင်သည် ဒုတိယသဘောသို့ စောလျက် မိကင်းအမှု[၁]ကို ပလပ်လိုက်သည်။ မိနှင်းဇံအမှု[၂]လည်း ဤနည်းတူ ပလပ်ခံရ၏။ ၎င်းအမှု၌ မူလ စစ်ဆေးသော အောက်ရုံးတော်က ''မနုကျယ်ဓမ္မသတ် ဆင့်မတွဲ ၂၆ က ၃၀ ထိ ပါရှိသော ပုဒ်မ တို့ကိုထောက်လျှင် ယောကျ်ားမိန်းမနှစ်ဦးတို့မှာ တယောက်နှင့်တယောက် အိမ်ထောင်ရန် ဂတိမခံဘဲ ဘယ်နည်းမှ သံသဂ္ဂမှုကို ပြုခွင့် မရနိုင်'' ဆို၍ အမှုကို ဒီကရီ ချပေးလိုက်၏။ အမှုကို ပလပ် လိုက်သော အယူခံ ရုံးမင်း၏သဘောမှာမူ ''ကာယသံသဂ္ဂပြုတိုင်း (ဝါ- ကာမဂုဏ်မြောက်တိုင်း) အိမ်ထောင်ဂတိရှိခဲ့ပြီဟု ယူရလျှင် သဘာဝဓမ္မ (ဝါ—ပကတိဖြောင့်မတ်ခြင်း) မဖြစ်နိုင်''ဟု ဆို၏။ ထို့ကြောင့် 'ဂတိရှိမှသာ ကာမဂုဏ်မြောက်နိုင်'မည် ဆို

---

(၁) မိကင်း v. မြေနှင့်ကြီး။ ရွှေကောက်မြွတ်ထုံး ၁၁၄။
(၂) မိုးသိုက် v. မိနှင်းဇံ၊ ၎င်း ၃၅။

သောအောက်ရုံးသဘောမျိုးကို ထာဝစဉ်ဆောင်ရလျှင် တရားခံသဘင်တို့မှာ များစွာ ဝန်လေးဘွယ်ရာ ဖြစ်ပေသည်။ အိမ်ထောင်ပြုဂတိအသေအချာရှိ၍ လျော်ကြေးဒီကရီချပေးသည့်အခါသာလျှင် ဤကာယကံမှုကို ကြည့်ရှုရေတွက်၍ လျော်ကြေးငွေဒဏ်ကို ဝေဘန်သင့်၏။ ဤတရား လျော်ကန်ပေသည်။ အောက်အထက်[1] နှစ်ပြည်စလုံးနှ သည့်ဝဲုင်းဆုံးဖြတ်၏။ သို့ရာတွင် မိလှုဝိုင်း ဗ. ငကံတို့အမှုတွင်[2] မစ္စတာ တူမီးသခင်က ''ဤအမှုမျိုးကို ဗုဒ္ဓဘာသာ ဥပဒေအရ စီရင်လေ့တ မရှိကြသော်လည်းဓမ္မသတ်များတွင် မိန်းမကို သွေးဆောင် ဖျားယောင်းသည့်ယောကျ်ားတို့လျော်ကြေး ပေးရမြဲဖြစ်သည့်ပြင် ရုံးတော်သို့ မရောက်အောက်တွင် ဖြစ်ပွါးသော ဖြန်ဖြေမှုတို့နှ လူကြီးတို့က လျော်ကြေး ပေးစေဟု ဆုံးဖြတ် ထားရှိလျှင် 'မစွဲအပ်သော ဤအမှုမျိုးနှ လူကြီးတို့ ဆုံးဖြတ်ချက် မတည်ထိုက်'ဟု ကန့်ကွက်ခြင်းကို ခွင့်မပြုသင့်စသဖြင့် မိန့်မြွက်ခဲ့၏။မည်သည့်နည်းမဆိုရုံးတော်တို့က ဤအမှုမျိုးကို စွဲခွင့်မပြုပေ။

ဥပဒေသဘောစင်စစ်မှာ မိန်းမကိုသွေးဆောင် ဖျက်ဆီးသူ ယိုယိုယောကျ်ားအား ဘေးမဲ့ ထားလိုသည် မဟုတ်။ ၎င်းယောကျ်ားတို့မှာ မိန်းမကိုအုပ်ထိန်းသူ အမိအဘတို့အား မလေးမစား ပြုသည် မှန်၏။ ထိုကြောင့် လျော်ကြေးကို အုပ်ထိန်းသူတို့အား ပေးသင့် ကြောင်း အာလဟာဘတ် ဖြတ်ထုံးရမ်လလိ ဗ. တလရမ်အမှု[3] တွင် ဆုံးဖြတ်ဘူး၏။ဤဖြတ်ထုံးမှာ ဣန္ဒိယပြည်သားတို့နှင့် သာသက်ဆိုင်သည်ဟု ဆိုရသော်လည်း ကျွန်ုပ်တို့မြန်မာပြည်နှင့်သာလွန်၍ လျော်ကန် ပေသည်။အဘယ့်ကြောင့် ဆိုသော် မြန်မာ သမီးသားတို့မှာ မိဘ အုပ်ထိန်းသူ တို့ကို ထောက်ပံ့ကျွေးမွေးရန် မိမိတို့ကိုယ်ကိုပင် ကျွန်အဖြစ်ဖြင့်

အုပ်ထိန်းသူတို့ခွဲလျှင်။

---

(၁) မယုံ ဗ. မောင်ဘိုးလူ—အထက်မြန်မာ (၁၈၉၇–၉၀) ဒုတိယ—၄၉၉။
(၂) အထက်မြန်မာ (၁၉၁၅–၁၉) ဒုတိယ တရားမကျွင့်ထုံး ၁၉။
(၃) အာလဟာဘတ်ဖြတ်ထုံး။ စတုတ္ထ ၉၇။

ရောင်းချသင့်ကြောင်း ဓမ္မသတ်တို့[၁]ကဆိုကြသည်။ ထိုပြင် တရပ် ဝါရူလက်ာ ဓမ္မသတ်[၂] ၌ "ဂေါရိကုမ္မာ ဖြူပြာညိုလွှဲ စွန်းမွဲ့မရှိ ရွှေဇာတိသို့ မိဘနှစ်ပါး ယုယထားသည့် သနားကြင်ဘွယ် သမီးငယ်ကို လိုဝယ်ကြောင်းရေး လှည့်ဖျက်မေး၍ ကျွန်ကျေးရွှေငွေ ပေးထွေစပ်ရှက် မှားယွင်းချက်နိုက် အမျက်မိုးသိ မိဘသိ၍ မခံချိလို အရေးဆိုကထိုခပေးသမျှ သမှုဟာလည်း ဆုံးရသည်ပင်။ သည့်ပြင်မှာသော် အလျော်ထိုက်ရာ ဖြစ်စေမှာ၏" ဟူ၍ပါရှိသည်။ ဤစကားအလာကို အမှီပြု၍ မြန်မာပြည်၌ရှိ ရုံးတော်တို့လည်း မိဘ အုပ်ထိန်းသူတို့အား လျော်ကြေးငွေ ပေးသနားသင့်ပေသည်။ သို့ရာတွင် အုပ်ထိန်းသူက စွဲသော ဤအမှု မျိုးသည် မြန်မာပြည်၌ မဖြစ်သေးရကား စီရင်ထုံးလည်း မရှိချေ။ ဤအမှုမျိုးကို ရှေးကဆိုခဲ့သော မောင်ဖိုးသော် ဗ. မောင်သာလှိုင် အမှု[၃] နှင့် ခွဲခြား၍ သိသင့်သည်။ ထိုအမှု၌ ဆက်ဆံခံ မိန်းကလေးက ယောက်ျား၏မိဘတို့ကို ဂတိပျက်မှုစွဲသည်။ ဤအမှုမျိုး၌ကား ဆက်ဆံခံ မိန်းကလေး၏ မိဘ များက သွေးဆောင် သောယောက်ျားအား စွဲခြင်းဖြစ်သည်။ အမှုသွား ရိုးရိုးရိပ်တူသော်လည်း အမှုစွဲနည်း ကွဲပြားကြောင်းကို သတိပြုအပ်သည်။

## အချုပ်မှတ်စု။

၁။ သွေးဆောင် ဖျက်ဆီးခံရသော မိန်းမက လျော်ကြေးတရားမစွဲနိုင်။ (မိကင်း ဗ. မောင်မြင့်ကြီး။)

၂။ မိန်းမကို အုပ်ထိန်းသူတို့ကစွဲလျှင် ခွင့်ပြုသင့်သည်။ (ပေါင်းချုပ်။ ပဉ္စမ ၂၇ နှင့် ဒုတိယ ၁၄၂။)

---

(၁) ပေါင်းချုပ်။ ပဉ္စမပုဒ်မ ၂၇။
(၂) ပေါင်းချုပ်။ ဒုတိယပုဒ်မ ၁၄၂။
(၃) ဤကျမ်းမျက်နှာ ၂၆။

## ၉။ မယား အများထားသော အခြင်းအရာ။

မဂဓဘာသာဖြင့် ဒါရိဟုဆိုအပ်သော မယားအထပ် ထင်ယူသူပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍ မေးအပ်သော ပြဿနာတို့မှာ— ဒါရိ အ ကျင့်နှင့် ဓမ္မသတ်အဖွင့်။

၁။ ဗုဒ္ဓဘာသာ မြန်မာယောကျ်ား တယောက်သည် မယားမည်မျှ ယူနိုင်သနည်း။ ?

၂။ မယား ဆိုသော စကား၏ အဓိပ္ပါယ်မှာ အသို နည်း။ ?

၃။ မယားအပြား မည်မျှရှိသနည်း။ ?

ပဌမပုစ္ဆာကိုစစ်ဆေးရန်အလို့ငှါ ဓမ္မသတ်[1] အလာကိုကြည့်လျှင်—

(က) ယောက်ျားတို့မှာ ဘုန်းသမ္ဘာနှင့် ပညာကြီးခိုင် ကျွေးနိုင်မယား တကျိပ်ထားလေ၎။ (ပါကံ)

(ခ) ဂုဏ်အင်ထူးချွန် လူ့ရည်မွန်တို့ တတ်ပွန်ထူးလည် လိမ္မာရည်ဖြင့် ဆွေသည်ပည်းသိပ် တကျိပ်ပြည့်အောင် လုပ်ဆောင် သိမ်းမွေး ကျွေးနိုင်စေက နေစရေ၏။ (ကန်တော်)

(ဂ) သားယောက်ျားတို့သည် တတ်ရည်လိမ္မာရည်ဖြင့် မယားတကျိပ် ပင်နေစငြားသော်လည်း နေစရလေ၏။ (ကိုင်းစား)

သို့ရာတွင် (ဂ) အမှတ်ပါကိုင်းစား ဓမ္မသတ်ကိုစီရင်သော မနုရာဇာအမတ်သည် နောက်ထပ်တဘန် ဘုရင့်အမိန့်အာဏာသံနှင့် ရေးရသော မဟာရာဇသတ်ကျမ်းတွင် ''အကြင်ယောက်ျား အကြင်မိန်းမတို့သည် ကျင့်ကြံဖေါက်ပြား၍ မယားငယ် လင်ငယ် သယောက်မျောက်မရှိချေသော် ငယ်လင်ငယ်မယား ဖြစ်သည်မဆိုသာ။ အပြစ်ရှိသူက ကိုယ်ဘိုးလုံးထွန်းပေးလျော်၍ ရှင်းကွာ ပြတ်စေ။ ဓမ္မသတ်ရှိသည့်အတိုင်း စီရင်ပေသည်''[2] ဟူ၍ ရေးကင်းကြသားလေသည်။

---

(၁) ပေါင်းချုပ်။ ဒုတိယပုံနှိပ် ၂၅၃။
(၂) ၎င်း ၂၅၆။

ခမ္ဘသတ်တို့ခေတ်၊

ခမ္ဘသတ်တို့၏ ခေတ်ကာလတွင်။ မြန်မာဘုရင်တို့၏ လက်ထက်တော် အခါ ဖြစ်သည်နှင့် အညီ ဝိုးစံရာ မင်း မြတ်ကပင် မိဖုရား အယပ်ထပ် ထားလေ့သည်ကို မှီ၍ တိုင်းသူ ပြည်သားတို့ကလည်း အားကျနည်းယူ ဒါရိမှုကို ပြုကျင့်လိုက်နာ ဆည်းပူးခဲ့ကြရှာလေ၏။ မြန်မာ မင်းတို့ မှာ မိဖုရား ရှစ်ဘော်နှင့် ပျော်ပိုက် လေ့ရှိရကား သီပေါ အရှင် လက်ထက်သို့ ကျရောက်သည့် ကာလ ရှစ်ပါး မဟုတ် တပါးယုတ် မိဖုရားခုနစ်ဘော်နှင့်သာ ပျော်ပိုက် သောအခြင်းအရာကို သိမြင်သူလူအပေါင်းတို့သည် များ စွာ ခြောက်ခြားခြင်းဖြစ်ကုန်၏။ သို့ရာတွင် တောင်နန်းစံ မိဖုရားခေါင်တပါးသာလျှင် ထီးဖြူရိပ်စံ ဘိသိက်ခံ၍ ရာ ဇပလ္လင် ဥကင် ကနက် ဝင်ယှက်နိုင်ပေသည်။ ၎င်းနောက် မှ မိဖုရားကြီးသုံးပါး မိဖုရားငယ် လေးပါး အစဉ်အလိုက် ထား၏။ ထို့ပြင်လည်း ဘုရင့်သဘော အတိုင်း အခြား မိဖုရားငယ် ခြွေရံ သင်းပင်းတို့ကို လိုသ၍ သိမ်းပိုက် နိုင် သေး၏။ မြန်မာမင်းတိုင်းလိုပင် ဤသို့ ပြုရကား လက် အောက်ခံ ပြည်စားမြို့ဝန်မှစ၍ မှူးမတ်သေနာပတ် အမိ ပတိ သူဌေးသူကြွယ်တို့ပါမကျန် အတုခိုးကြဟန်ဖြစ်သည် အလျောက်။လူချွန်တယောက်တွင်မယားဘွန်အမြောက် အမြား ထားလေ့ရှိ၏။အကယ်တန္တုမယား တခုသာ ရှိ သော ယောက်ျားကိုတွေ့မြင်ရလည်း မယားကြီးလုပ်သူ မှာ အရှင်သီပေါမင်း၏ မိဖုရားခေါင်ကဲ့သို့ ဩဇာတန်ခိုး လွှမ်းမိုးနိုင်ခြင်းသတ္တိကြောင့်၎င်း။သို့မဟုတ် ဥစ္စာဓနနှမ်း ပါးလှ၍သာလျှင် သူ့ခမျာ နေရရှာပေလိမ့်မည်။ ဤအ ချက်နှင့် ပတ်သက်၍ စဉ်းစားရန် အကွက်မှာ ထိုမြန်မာ မင်းတို့ခေတ်များ၌ အစဉ်တစိုက်အတွင်း စစ်တိုက်ခိုက်နေ ကြသည် တကြောင်း။ ရဟန်းဘောင်သို့ ဝင်ရောက်ကြ သော ပုဂ္ဂိုလ်အပေါင်းကလည်း များပြားသည် တချက်။ ယောက်ျားဦးရေထက် မိန်းမဦးရေက ပိုမိုလွန်ကဲလျက်။ အပိုင်စား ကျေးကျွန် အဆက် တို့လည်း မပြတ်စဲ သေး သောခေတ်ကာလမျိုးတွင် ဒါရိ အရှင်တို့ပေါ်လွင် ထွန်း

ကားခဲ့လေသည်။ ယိုခေတ်မျိုးကိုမှီ၍ သာလျှင် မယား အပြား၊ သားအခြားတို့၏ ဝတ်တရားနှင့် ပိုင်ဆိုင်ခွင့် အဖုံဖုံကို သတ်မှတ် အပ်သော တရားဥပဒေ နိဿျည်းတို့လည်းဖြစ်ပွါး ထွန်းပလာခဲ့ရကား ဒါရိအရေးကို အားပေးသဘွယ် ရှိခဲ့သည်။ သို့တပြီးကား ဓမ္မသတ်များက ၎င်းစရိုက်ကို တိုက်ရိုက်တိုက်ကွန်းသည်မယူသာ။ မယားအပြား၏ ခြား နားခြင်းကို—သာမည ဘော်ပြ သည်ဟု ဆိုရမည်။

'မယား' ဆိုသော စကား။

ဤနေရာ၌ မယားဆိုသော မြန်မာစကားကို စစ်ဆေးရန် သင့်လျော်၏။ စစ်ဆေးသင့် ကြောင်းကား အခြား မဟုတ်။ အနောက်နိုင်ငံသား အင်္ဂလိပ်လူမျိုး။ အချို့ချို့သော အရှေ့ နိုင်ငံ သားတို့မှာ သိမ်းပိုက် ထိမ်းမြား ရာသော မယားသီးခြား တယောက်သာထား၏။ ကျန်မိန်းမတို့မှာ တရားမရောက်သော အပြောင်မျှလောက်သာ ဖြစ်သည်။ မယားဟူ၍ ဖြစ်မြောက်ဘို့ရာလည်း ထိထိရောက်ရောက် ဘုရားကျောင်းတခေါက်တက်ခြင်းစသော ဆိုင်ရာအခမ်း အနားတို့ကို ပြုလုပ်ဆောင်ရွက် ရပေသည်။ မြန်မာတို့မှာ မူသဘောတူလျှင်မည်သူမဆို မယားဘုံကို ခိုလှုံနိုင်သဖြင့် ဥပဒေအလိုငှါ သုံးစွဲသောအခါ ၎င်းစကား အတွက် အခက်အခဲတွေ့ကြုံရတတ်၏။ ထို့ကြောင့် မယား ဆိုသော စကားကို အသုံးပြုသောအခါ ယေဘုယျလောကသုံးနှုန်းဖြစ်သော အပေါ်ရံကြောသဘောကိုရှောင်၍ ပွဲဝင်ပွဲတက် မိန်းမဟု ဆိုအပ်သော တရားဝင် မယားကိုသာ အနက် သမှာန်သင့်လှ၏။ ပွဲဝင်ပွဲတက်မယား ဆိုသည်မှာလည်း မြန်မာမင်းတို့ လက်ယက်တွင် ဘုရင်ကိုယ်တိုင်က အသိအမှတ်ပြု၍ နန်းတွင်းသို့ ဝင်ထွက်နိုင်သော မယားပေတည်း။

မယားအပြား။

သို့သော်လည်းဓမ္မသတ်နည်း ဝေါဟာရနည်းတို့ အလျောက် ခေါ်ဝေါ် ပိုင်းခြားအပ်သော မယားတို့ကို စစ်ဆေးဦးအံ့။ ပဌမ မယားကြီး ဟူ၍ရှိ၏။ ၎င်းမယားကြီးမှာ ဥပဒေအရာ၌လည်းထင် လူတကာကလည်းအပေါ်တင်

ဆိုသည့်အလား မိမိက ပေါက်ဘွားသော သားသမီးမှ
လည်း ညြရသအဖြစ်သို့ရောက်နိုင်၏[၁]။ ၎င်းနောက်မယား
ငယ်။ လူသူတို့ အသိအမှတ် ပြု၏။ လင် ယောကျ်ားနှင့်
လက်ဆုံစား၏။ ထိုနောက်အပြောင်မယား၊ တော်ပြောင်
မယား။ ကျွန်မယားဟူ၍ ခွဲခြား၏။ မွေ့သတ်တို့တွင်[၂] အ
မျိုးလေးပါးကိုလိုက်၍မင်း၊ ပုဏ္ဏား၊ ကုန်သည်နှင့် လယ်
ထွန်မျိုး၌ဖြစ်သော မယားအပြား လေးပါးတဲ့လည်း ဆို
၏။ ၎င်းအမျိုးမယားတို့မှာ ဟိန္ဒူဥပဒေတရားမှ တုပခြင်း
ပြုသည့်ပြင် မြန်မာနယ်တခွင်၌ အမှတ်မထင်ခဲ့။ ဒါရိုက်နှင့်
စဉ်နှင့်လည်း စိုးစဉ်းမျှမသက်ဆိုင်ချေ။

**ကာလမယား။** ယခု ခေတ်သမယတွင်မူကား မယား အမျိုးခွဲခြား
သားနားခြင်းကွယ်ခဲ့လေပြီ။အစိုးရသူအင်္ဂလိပ် လူမျိုးမှာ
လည်း ဧကဘရိယ မယားတခုမျှသာထားသော လူမျိုး
ဖြစ်သည့်ပြင်။ယခင်အခါကမြန်မာပြည်၌ တွေ့ရသော
ကျေးရိုး ကျွန်မျိုးတို့လည်း ကင်းရှင်း ပပျောက်ခဲ့လေပြီ။
လက်ဆုံ စားသော အရည်အခြင်း ကိုလည်း စီးနင်းမှုချ
မယူရ။ မြန်မာ့စကားအားဖြင့် မယားကြီးငယ် နှစ်သွယ်
သာ ကျန်ရှိလျက် မယားငယ်ဆိုလျှင် ရှက်ခြင်းနှင့်ယှဉ်၍
အခေါ်ခံရသူမှာအမျက် ထွက်တတ်လေရကား အထက်
နယ် များတွင်မယား ငယ်တို့သည် မိမိတို့ ကိုယ်တိုင်က
မယား ပြိုင်ဟုတပ်ခေါ်လေ့ ရှိပေသည်။အပြောင် မယား
ဟူ၍လည်း ယခုအခါပေါ်ထင်စွာမရှိ။ယောကျ်ားထားရှိ
သော တိတ်တိတ်ပုန်း မယား ကိုလည်း ချစ်ခင်သူ မိမိ၏
မိတ်ဆွေတို့အား ပြောစားခြင်းမပြုလို။ပြုမိကလည်း မိတ်
ဆွေတို့ စိတ်နှလုံးမသာ ဖြစ်ရကား ပြောကြားရန် တတ်
အားသမျှရှောင်ကြဉ်၏။

**အင်္ဂလိပ်အစိုးရဘို့အဆွေး။** အမှန် အားဖြင့်။ မွေ့သတ်တို့တွင် မယား အပြား အ
မြောက်အမြား ခွဲခြား၍ ပြငြားသော်လည်း အထက်က
ဆိုခဲ့သည့်အတိုင်း ဒါရီအကျင့်ကိုချီးမြှင့်သည်မဟုတ်။ ဗုဒ္ဓ

(၁) အဋ္ဌသာလိနီ။ ပုဒ်မ ၂၃၃။
(၂) ပေါင်းချုပ်။ ပဌမ။ ပုဒ်မ ၂၆၈။

ဘာသာ ကျမ်းစာ တို့က လည်း အားမပေးခဲ့။ သို့ရာတွင် မြန်မာပြည်သို့ဝင်ရောက် အုပ်စိုးခဲ့ကြသောအင်္ဂလိပ် အစိုးရတို့မှာ ၎င်းအခြင်းအရာကိုမြန်မာတို့ လေ့လာပြုကျင့်နေကြသည်ကို တွေ့မြင်ရသဖြင့် ဘာသာ တရားနှင့် ဓမ္မသတ်များက ခွင့်ပြု အားပေး သည်ဟု သဘောပိုက် အထင်ရောက်ကြကုန်၏။

စီရင်ထုံးများ။

၎င်းကျင့်မှုမှာ မည်ကဲ့သို့ပင် မတင့်တယ်ဟု ကျွန်ုပ်တို့ ထင်မှတ် သော်လည်း မြန်မာတို့ လေ့လာ နေသေးကြရကား မယား အမြောက်အမြား မယူစေရဟု ဥပဒေစီမံ၍ မြီးကာနဲတချက်တည်းတားဆီးပိတ်ပင်ရန် လွန်စွာခဲယဉ်းသဖြင့် အစိုးရမင်းကိုကလည်း ခွင့်ပြုခဲ့ရ၏။ ထို့ကြောင့်၎င်းအချက်နှင့် ပတ်သက်၍ ဆုံးဖြတ်ခဲ့သော စီရင်ထုံးတို့ကို ကြည့်လျှင်ရှေးကျသော စီရင်ထုံးတို့တွင်[1] ၎င်းကျင့်စဉ်ကို မကန့်ကွက် ခဲ့ကြောင်း ထင်ရှားသည်။ မအင်သန်း v. မောင်ခစာလှအမှု သို့ ကျရောက်ခါမှ ၎င်းအကျင့်ကိုကန့်ကွက်ဖစ်ဆေးရန်ဖြစ်ပေါ်လာ၍ရကောဒေးရုံးက အထူးလွှတ်တော်သို့ စေ့ဒကတင်ပြခဲ့ရာ''၍အမှု၌ ဆုံးဖြတ်ရန် အချက် ကားယောက်ျားတယောက်သည် မယားကြီး ထင်ရှား ရှိလျက်မယားကြီး သဘော မတူဘဲ မယားတယောက် နောက်ထပ်ယူလျှင် အပြစ်ရှိမရှိ? ဗုဒ္ဓဘာသာ ဥပဒေကိုကျမ်းကျင်သူ ပုဂ္ဂိုလ်မှန်တို့နှင့်ဆွေးနွေးသည့်အခါ အပြစ်ရှိကြောင်း ဓမ္မသတ်တို့၌ လာသည်ဟု ဆိုကြခြင်း။ ၎င်းပြင် ဥပဒေကိုအသချာစွာ လေ့လာသော မင်းတုန်း အချင် ရှိစဉ်က ဒါရိုပုဂ္ဂိုလ်တို့ကို အပြစ်ဒဏ်ပေးရန် အမိန့်တော် ပြန်ခဲ့ဘူးကြောင်းသိရသည်''ဟု ရကောဒေါ်ရုံးမင်းက အဆိုတင်သွင်းခဲ့၏။ စေ့ဒကအဝင်ခံ အထူးလွှတ်တော် တရားသူကြီး မစ္စတာ ဂျာဒိုင်းသခင်သည် အကျယ်တဝင့်ဝိတ္တာရဖွင့်လျက်ဓမ္မသတ်နှင့် တိုင်းပြည်ဓလေ့

(၁) ဓိခ v. မောင်သက်၊ ငအိုးသစ် v. မိသိုင်း ရွေးကောက် ၆ နှင့် ၁၈။ မောင်ကျင် v. မဆော်း မငွန်၊ v. မငွန်း။ ၎င်း ၂၇ နှင့် ၃၃။
(၂) ရွေးကောက်ဖြတ်ထုံး ၁၀၃။

ကိုစစ်ဆေးပြီးကာလ ''မယား ဗဟုယု ခြင်း အကျင့် ဥပဒေနှင့် သင့်တင့်၏။ (ဝါ—မဆန့်ကျင်) '' ဟု ကောက်ယူဆုံးဖြတ်လေသည်။ သို့ရာတွင် ဤသို့ ဆုံးဖြတ်ပြီးနောက်နှစ်တွင် မစ္စတာဂျာဒိုင်းသခင်ကိုယ်ပိုင် ရေးသား ထုတ်ဝေသော ဗုဒ္ဓဘာသာ ဥပဒေမှတ်စု[၁]၌ ''မအောင်သန်းတို့အမှုကို စစ်ကြောစဉ်အခါက။ မနုဝဏ္ဏနာ ဓမ္မသတ်ပုဒ်မ ၁၇၃ ၏စကား အလာကို ဘွန့်ပ်မသိလိုက်ရ'' ဟု မိန့်ဆိုခဲ့လေသည်။ ထိုဝဏ္ဏနာစကားသည် စီရင်ထုံး သဘောတရားနှင့် ဆန့်ကျင်၏—''မယားအလိုမတူဘဲ အကြင်ယောက်ျားသည် အခြားသောမိန်းမကိုသင့်နေအံ့၊ သူတထူးတို့၏ တင်မြှိုက်ကိုအကုန်ဆပ်စေ၍ထိုယောက်ျားကိုမွေးတိုင်းသောကိုယ်ဖြင့် အိမ်မှယုတ်ချလိုက်ရာ၏။''

မအောင်သန်းအမှု နောက်မှဖြစ်ပွားသော အမှုတို့ကို အထက်အောက်မြန်မာ ၂ ပြည်စလုံးက စီရင်ထုံးတို့တွင် အစဉ်သဖြင့် ကြည့်သည် ရှိသော် ငနွဲ့ v. မစုမ အမှုတွင် လင် ယောက်ျားတို့၏ ပိုင်ဆိုင်ခွင့်ကို စစ်ဆေးရာ မအောင်သန်းအမှုအပါအဝင်ဖြစ်သော အထက်ထက်က စီရင်ထုံးဆုံးဖြတ်ချက်တို့ မှားချွတ်ကြောင်း အဆိုရှိ၏။ (၁၈၈၆ ခုနှစ်)။ အထက်ပြည်မောင်ကောက် v. မဟန်အမှု[၂]၌စီရင်သူ မစ္စတာဘားဂျစ်သခင်က လင်ယောက်ျားသည် အကြောင်းဝိသေသ တစုံတရာထင်ရှားရှိမှသာလျှင် မယားငယ်ယူနိုင်သည်ဟု မနုကျယ်[၃]ပုဒ်မ ၄၃ ကိုအော်ပြလျက် မအောင်သန်းထုံးကိုသံသယမကင်းရှိခဲ့၏။ (၁၈၉၃ ခုနှစ်)။ မရွှေမ v. မလှိုင်အမှု[၄]သို့ ရောက်သောအခါ ထိုတရားဝန်ကြီးမစ္စတာ ဘားဂျစ်ပင် ''ဗုဒ္ဓဘာသာ ဓမ္မသတ်သဘောအရ ယောက်ျားတို့မှာ ပွဲဝင်မယားတယောက်သာ ယူပိုင်သည်''ဟု အတိအလင်းဆို၍ ''ထိုမှတပါး အမွေတရား

---

(၁) ဂျာဒိုင်းမှတ်စု ၃။ မျက်နှာ ၃၀၄
(၂) ရွှေးကောက်ဖြတ်ထုံး ၃၃၁။
(၃) အထက်မြန်မာစီရင်ထုံး (၁၈၉၂-၉၆) ဒုတိယ ၄၈။
(၄) ဒုတိယတွဲ။
(၅) အထက်မြန်မာစီရင်ထုံး (၁၈၉၂-၉၆) ဒုတိယ ၁၄၅။

ကိုကြည့်လျှင် တဦးတည်းသော မယားကိုသာ ရည်မှန်းကြောင်းသိရှိနိုင်၏'' ဟုမိန့်ခဲ့၏။

အောက်ပြည်မဝန်ဒီ [၁]. မကင်း အမှု[၁]တွင် ချုပ်ကွတ်တရားဝန်ကြီး ဆာဟာဝေ အယ်ဒမ်ဆင်သခင် မိန့်ဆိုသော အောက်ပါစကားရပ်တို့ကို ပရီးဗီးကောင်စီ လွှတ်တော်လတ်မင်းကြီးများက ထောက်ခံချီးမြှင့်ခဲ့ပေသည်။ အဆိုမှာ– ''ဗုဒ္ဓ ဘာသာ မြန်မာ တယောက်သည် မယား ၂ ယောက်ယူနိုင်၏။ သို့ရာတွင်ဘာသာ တရား၏ အခြေခံသဘောကပင် ဒါရိကျင့်စဉ်ကို ပယ်ရှားသည် ဖြစ်သောကြောင့် အများက မလိုလား သည့်ပြင်။ ယောကျ်ားဦး မယားထင်ရှားရှိသည်ကို သိလျက်ထိုသူနှင့် ပေါင်းဘက်ဆက်ဆံသော မိန်းမကား အပြောင် လောက်သာ ဖြစ်တန်ရာသည်။'' သို့ ရာတွင် ဆာဂျော့ရှောသခင်က အထက်ပြည် မိရွှေမ [၂]. မမေ အမှု[၂] တွင် ဆိုပြန် သည်မှာ ''အယ်ဒမ် ဆင်သခင်၏ အယူအဆသည် မြန်မာပြည်၏ အကြောင်း အရာကို ကောင်းစွာ ကျွမ်းကျင်လျက် မိန့်မြွက်သော အယူအဆ ဖြစ်သည်နှင့် လျော်စွာ ကောင်စီလတ် မင်းကြီးတို့က သင့်မြတ်သည်ဟု ထောက်ခံ ခဲ့ကြသော်လည်း ကျွန်ုပ်များစွာ မနှစ်မြို့က်။ အဘယ့်ကြောင့်ဆိုသော် အောက်သူ အောက်သား တို့၏ သဘောမှာ– မယားတယောက်က နှစ်ယောက် ယူခြင်းကိုတားမြစ်လိုသည်မဟုတ်။ မယားတယောက်က နောက်ထပ်မံမယားဟန်၊ ဝါ၊ မယားယောင်၊ ဝါအပြောင်မယားထား[၃] ခြင်းကိုသာ ကန့်ကွက် လိုသည့် အခြေသို့ ရောက်သည်။ သူသိလူမြင်ယူသော မယားကို အပြောင်အစားသို့ချလိုက်ရန်။ ဘာသာ တရားနှင့်၎င်း၊ မေ့ွသတ် အသွားနှင့်၎င်း။ စိုးစဉ်းမျှ မလျော်ကန်''ဟု မိန့်ခဲ့၏။ ၎င်းအမှု ပရီးဗီးကောင်စီထံ အယူခံဝင်ရာ ''မြန်မာပြည်တွင် ဒါရီ အကျင့်သည် ဥပဒေ

(၁) ဤကျမ်းမျက်နှာ ၃၃ ၌ ဆိုထားသော အဓိပ္ပါယ်မျိုးကိုယူ။
(၂) အောက်မြန်မာစီရင်ထုံး၊ စာတွဲ ၁၇၅။
(၃) မြန်မာလောကတိုင်း ၂၃၅ (၁၉၀၉)။

နှင့် သင့်တင့် လျောက် ပတ် ၏။ (ဝါ-မဆန့်ကျင်) '' ဟု လတ်မင်းကြီးတို့ ဆုံးဖြတ်၏[၁]။

အထက်ပြည်မိခင်ကလေး ဗ. မိခင်ကြီးအမှုသို့ရောက် လျှင်မကျောလ်သခင်သည် မြန်မာယောက်ျားတို့သည် မယားအမြောက်အမြားယူနိုင်ကြောင်းဆုံးဖြတ်သတ်မှတ် ခဲ့လေသည်။

ရှုံးတော်တို့၏သဘော။

စီရင်ထုံးများတွင်ယခု ကဲ့သို့ အမျိုး မျိုး အဖုံဖုံ တွေ့ရ သော်လည်း ဒါရိုကျင့်မှုမှာ ယခုအခါ၌ ကွယ်ပျောက်သ လောက်ရှိခဲ့လေပြီ။ရှုံးတော်တို့ကလည်းအားပေးမြောက် ပင့်ခြင်းမပြုလိုသည် သာမက တတ်အားသ၍ သုတ်သင် ရှင်းလင်းလိုရကား စီရင်ထုံးများတွင် ''မယားငယ်နှင့် အတူမယားကြီး လိုက်မနေစေရ[၂]''။ ''မယားငယ်၌ လက်ထက်ပွဲပစ္စည်းဟူ၍ မဆိုထိုက်[၃]''။ ''လက်ရောက်ဥစ္စာကိုသာ မယားငယ် ပိုင်သည်[၄]'' စသဖြင့် တွေ့ရှိ ရ၏။ နောက်ဆုံး။ မအင်သန်းထုံး[၅] ကိုပင်မောင်မွဲ ဗ. မစိန်ထုံး[၆] ကပယ်ခဲ့၍ မယားကြီး သဘောမတူဘဲ မယားငယ် ယူသူ ယောက်ျားသည် အပြစ်ရှိရုံမက။ မယားကြီးလုပ်သူကပင် ကွာရှင်းနိုင်ပေသည်။ မကြာမီ အတွင်းက ထွက်ခဲ့သော ရန်ကုန် ဟိုက်ကွတ် စီ ရင် ထုံး တို့[၇] တွင် လည်း ''လင်နှင့် သီးခြား နေသော အိမ်နိမ့် မယားငယ်သည် လင့်အမွေကို မခံထိုက်''ဟု တရား ဝန်ကြီး (ယခုပြည်ထဲရေး အမတ်ကြီး) ဦးမေအောင် ဆုံးဖြတ် စီရင် ပေသတည်း။

ဒါရိုအကျင့်မှပေါ် ထွက် သော အချက်များ။

ဒါရိုကျင့်စဉ် တရားဝင်သည့် အတွက် ပေါ်ထွက်နိုင် သောဥပဒေ အချက်တို့မှာ စားစရိတ်နှင့် ပဋိဉာဉ်နေရာ

(၁) အထက်မြန်မာစီရင်ထုံး(၁၉၁၀-၁၃)၁၁၁။
(၂) ၎င်း ၄၂။
(၃) မခါ့ဦ v. မိုးစော။ အောက်မြန်မာ။ စတုတ္ထ ၃၄၀။
(၄) မောင်ကျင် v. မဆောင်။ ရွေးကောက်ဖြတ်ထုံး ၂၇။
(၅) မကြွယ် v. မသီတာ။ အထက်မြန်မာ (၁၈၉၂-၉၆) ။ဒုတိယ ၁၉၄။
(၆) ဤကျမ်းချက်နှာ ၃၅။
(၇) အောက်မြန်မာ။ နဝမ။ ၁၉၁။ လောတိုင်းစကာဒသ။ ၂၃၆။
(၈) မောင်သာခွန်း v- မသိန်းရင်။ ရန်ကုန်စီရင်ထုံး။ ပဌမ ၁။ နှင့်ဒုတိယ ၆၇။

များ၌ သာ၍ ထင်ရှားပါသည်။ ဥပမာ—လင်ယောက်ျားသည် မယားအား ပဋိဉာဉ်စာချုပ်တခု ပြုလုပ်ပေးသည့်မှာ ''မယားငယ် ယူသော်၎င်း။ နှိပ်စက် ညှဉ်းပန်းသော်၎င်း။ အကျွန်ုပ်သည် ခေါင်းအုံးတလုံးဖျာတချပ်နှင့် အိမ်မှဆင်းသွားပါမည်''ဟုဂတိပြုသည်။ ဤအချက်၌ပဋိဉာဉ်အက်ပုဒ်မ ၂၆ အရ၎င်း ဂတိသည်မတည် ရှိခဲ့သလော?

(ပဋိဉာဉ်အက်ပုဒ်မ ၂၆ အဆို—အရွယ်မရောက်သူကလေးငယ်မှတပါး လူဟူသမျှ အိမ်ထောင်ပြုခြင်းကို တားမြစ်သော ပဋိဉာဉ်သည်အချည်းနှီးဘည်း)

အကျင့်ဒါရီဘည်ခနေသမျှ ကာလပတ်လုံး မယားငယ်ယူခြင်းကို ပိတ်ပင်သော ပဋိဉာဉ်သည် မူလကမတည်ခဲ့ဟု ဆင်ခြေခင်နိုင်စရာ ရှိပေသည်၊ ဤကဲ့သို့ဝင်ခဲ့ကြောင်းကိုလည်း ၁၉၀၂ ခုနှစ်တွင် ချိကုတ်ခုံသဘင်ကစီရင်သော မစန်းရွှေ v. မောင်ဖိုးသိုက်အမှု[၁]၌တွေ့နိုင်၏။ တရားဝန်ဗါးကျ်သခင်က ''မအင်သန်းအမှုတွင် အထူးလွှတ်တော်က ဒါရိအကျင့်ဥပဒေနှင့် သင့်တင့်ကြောင်းဆိုသည် မှန်၏။ သို့ရာတွင် ဤဖြတ်ထုံးကို အဆုံးစကားမထားသာ။ ဒွိဟမကင်းရှိစတကား။ မယားအများ ယူနိုင်ကြောင်းကို ညွှန်းသည့်တရားမှာလည်း ပေါင်းချုပ် ၂၅၃ ရှိစကားတို့အပြင် မည်သည့်တနေရာမျှ ကျကျနနဓမ္မသတ်တို့ အဆိုမရှိ။ ထိုကြောင့် ပဋိဉာဉ်၏အချက် မပယ်ဖျက်သာ။ တည်မြဲတည်ရာသည်''ဟု မနုကျယ်ဒွါဒသမ[၂]နှင့် နှိုင်းစာလျက်စီရင်လေ၏။

(မနုကျယ်ဒွါဒသမ ၃ အဆို—လင်သည် မယားငယ်ခနေ၍မယားကြီးကို ညှဉ်းပန်းရိုက်ခတ်၍ ဆဲရေးအံ့။ သတ်ဖုတ်ထောင်းအံ့။ ထိုသို့သော အမှုတို့နှိုက်။တရံတခါညှဉ်းဆဲသည်ကို စစ်၍မှန်လျှင်၊ သင့်နေမြဲသင့်နေစေ။၎င်းကဲ့သို့ နောက်ကျင့်ပြန်လျှင်။ အဝတ်တထည်တည်းနှင့် ဆင်းသွားစေ၊တင်ပြီကိုလည်း ခံစေ။ပညာရှိတရား သူကြီးတို့ဆုံးဖြတ်ရာ၏။ တနည်း။ စာထားရှိလျက်။ လင်ညှဉ်းဆဲ၍ တရားသူကြီးတို့ စစ်မေးလျှင်၊ နှစ်ပါးစုံရှိရှိသမျှ သက်ရှိသက်မဲ့ကို မယားအလုံးရစေ။ လင်မှာအဝတ် တထည်တည်းနှင့်ဆင်းသွားစေ ⁂ ⁂ ⁂ ⁂ ။

---

(၁) မြန်မာလောရီပွတ်။ အတွဲ ၂၄။
(၂) ပေါင်းချုပ်။ ဒုတိယပုဒ်မ ၂၅၆ နှင့် ၃၀၃ တို့ကိုလည်းစီရင်ထုံးကညွှန်းခဲ့၏။

သို့ရာတွင် ယခု အခါ ဒါရိုက်ချုပ် စဉ်သည် တရားဝင်ကြောင်း ကောင်စီ လွှတ်တော်ကြီးကပင် အထိကရ ဆိုထားသည်ကို ထောက်သော်။ ဤစီရင်ထုံး သဘောကို မပယ်သင့်လေဟု တွေးတောစရာရှိပြန်သည်။ အမှန်အားဖြင့်။ ရုံးတော် လွှတ်တော် တို့က ပြည်သူတို့ များ စွာ သဘောမကျသော ဤကျင့်စဉ်ကို ပိတ်ပင်လိုသည် တချက်။ မနုကျယ်အထွက်ကလည်း သေချာသည်တဝါန်။ မယားငယ်ရုပ်နာမ် ပပျောက် ကင်းရှင်းရန် လျော်ကန်သောဂတိမျိုးကို တိုးတက်အားပေးသင့်သည် အရောက်။ ပဋိဥာဉ်၏ အင်္ဂါအလိုပြီး မြောက်သည် ဟု ပင် ဆုံးဖြတ်ရာသည်။

စားစရိတ်စခမ်းကိုတဘန်ကြည့်လတ်သော် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ ၌၊ ယောက်ျားက မယားကို ခေါ်ထားလိုလျက် မယားမလိုက်က စားစရိတ်မချ ပေးရဟု ပါရှိလေရာ။ မယားကြီးလုပ်သူက မယားငယ်နှင့် စံစားလျက်ရှိသော ယောက်ျားထံ လိုက်မနေရန် ငြင်းပယ်နိုင်ပါမည်လော[၁] ဒါရိုအကျင့်တရားနှင့်သင့်လျှင် မငြင်းဖယ်သာ။ ငြင်းဖယ်လျှင် စားစရိတ်မရသာ။ ငြင်းဖယ်၍စားစရိတ်မရခဲ့ကြောင်းကိုလည်း မစ္စတာအာဝင် စီရင်သော မဖွါးသင် ပ. ဘဝင်း[၂] တို့အမှု၌တွေ့ရ၏။ သို့ရာတွင် မစ္စတာအာဝင် ကိုယ်တိုင် အပါအဝင် ဖြစ်သော တရားသဘင်ခုံစုံညီက ထိုစီရင်ချက်ကို ပယ်ဖျက်ပြီးကာလ။ ''မယားငယ်ရှိရာမယားကြီးမလိုက်ဘဲနေသာ၏'' ဟု ၁၉၀၈[၃] ခု။ မခါ၌ ပ. မိုးစောအမှု၌တွင် စားစရိတ်ကို အမိန့်ပေးလေသည်။ ဤသို့စင်လျက်၊ ဆုံးဖြတ်ချက် အမျိုး ပြုသော သဘောကို စစ်ကြောလျှင် ဒါရိုကျင့်စဉ်ဥပဒေနှင့် မညီသည့်အလား တရားဝန်ကြီးတို့က ဆိုထား ပြန်သည်။ ပရီးဗီးကောင်စီ သို့ရောက်သော ၁၉၁၂ ခုနှစ်။ မိရွှေမတို့ အမှု

(၁) အောက်မြန်မာစီရင်ထုံး အတွဲ ၁၁ ၄၆။
(၂) ၎င်း ၃၄၆။
(၃) အထက်မြန်မာ (၁၉၁၀—၁၃) ၁၁၁။

ဟွင် မှုကား ဒါရီ အကျင့် သည် ဥပဒေနှင့် ညီကြောင်း လတ်မင်းကြီးတို့က အထင်အရှား ဆိုသည်။ ထို့ကြောင့် ဤအချက်ကို ရှင်းလင်းရန်မှာ ဥပဒေပြု မင်းတိုင်ပင် အမတ်တို့က လိုအပ်သောဥပဒေကို ကောင်းစွာ ခင်းကျင်း မှသာ ပြေပြတ်နိုင်ရာသည်။ အမ်·အက်—စီတို့၏ တာဝန် ဝတ်တရားပေတည်း။

## အချုပ်မှတ်စု။

၁။ ဒါရီအကျင့်သည်ဥပဒေနှင့်မဆန့်ကျင်။ အထက်မြန်မာ (၁၉၁၀–၁၃) ၁၁၁။

၂။ သို့ဂုဏ်နှင့် ဘုန်းအကျင့် မပြန့်ပွါးအောင် ရုံးတော်များကတတ်အား သာ၍ နှိမ့်ကွပ်သည်။

## ၆။ လင်မယားဝတ်အရေးအသီးသီး။

**အသီးသီးသော ဝတ်တရား** မြန်မာလူမျိုးတို့၏ အိမ်ထောင်ရေး ကိစ္စသည် ဘာသာ တရားနှင့် ရောထွေး ခြင်းမရှိဟု ဆိုခဲ့ရသော်လည်း အကြင် လင်မယားတို့၏ ဝတ်တရားများမှာမူ ဘာသာ တရားမှ တုပ ကူး ယူ ကြောင်း ထင် ရှား ပေ သည်။ ဓမ္မသတ်ပေါင်းချုပ်ကျမ်းကြီး ပဋ္ဌမတွဲပုဒ်မ ၂၀၈ ကစ၍ ၂၈၉ အထိ ပါရှိသော ဝတ်တရား ရပ်များမှာ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောကြားတော် မူအပ်သော သုတ္တန် တရားတော်မှ ထုတ်နုတ်သည်နှင့်အညီ လင်ယောက်ျား ကောင်းတို့၏ဂုဏ်အင်္ဂါကျင့်စဉ်များကိုပြရာ၌။

**လင့်ကျင့်ဝတ်။** ''အကြင် ယောက်ျားတို့ ၏ လုပ် ဘွယ် ကြံဘွယ်ဟူသည်ကား။ ကျေးကျွန် ဥစ္စာ ပစ္စည်း တို့ ကို ရှာ မှီးခြင်း။ အိမ်ရာ ဆောက်ခြင်း။ သားမယား စသော ကျေးကျွန် ဆင်မြင်း ကျွဲနွားစသည်တို့ကို စောင့်ရှောက်ခြင်း။ ဆင်းရဲတွေ့သော ဆွေမျိုးဉာတကာတို့ကို ဆယ်ကယ်ခြင်း။'' ''လင်သူမွန်တုံ။ ကျေးကျွန်ဥစ္စာ။ ရအောင် ရှာလျက်။ အိမ်ရာဆောက်ထား။ သားမယားက။ ကျွဲနွား ဆင်မြင်း။ ကျွန်တသင်းကို။ မကင်းမပျောက်။ စောင့်ရှောက်မကွဲ။ ဆွေ ဆင်းရဲအား။ ပိုက်ဖြားလုံခြုံ။ ကျင့်ရာပုံနှင့်။ ပြည့်စုံ (စေ) လျက်။'' ဟူ၍ ဓမ္မသတ်တို့တွင်ဆို၏။

**မယားကျင့်ဝတ်။** မယားကောင်းတို့ ပြည့်စုံရာသော ဂုဏ် အင်္ဂါ ကျင့်ဝတ်များကို ဆိုပြန်လျှင်လည်း ဝါရုလင်္ကာ ဓမ္မသတ်တွင် ''အိမ့်သူဘွယ်ရာ။ ကျင့်ထုံးမှာကား။ ကောင်းစွာ သန့်ရှင်း။ ထမင်းသြဇာ။ ရသာမွန်မြတ် လျောက်ပတ် တည်ကျွေး ဆေးပြင် ကွမ်းရာ၊ လိမ္မာစုံစီ အင်္ကျီ ခေါင်းပေါင်း။ ငှင်းပုဆိုး။ စသည်မျိုးကို။ လုပ်ပိုးယူတော်။ ဒုနလှုပ်ပြကာ။ ကောင်းစွာခေါက်ထား။ တပါးမကျင့် လင့်ဝတ်ကြေပြွန်။ ကျေးကျွန်ဥစ္စာ ပြင်မှာထားခင်း တွင်းပင်တားတင်။ စီးရင်ရန်၌။ ဝေဘန်စိတ်ဖြာ။ မိုင်းဝါရက်ကန်း။ ထူးဆန်း ထူး

တင့်။ ပန်းပွင့်ပန်းထိုး။ ပန်းဆိုးပန်းနှစ်။ လက်ဖြင့်ငင်ဝင့်။ ချားနှင့်ယဉ်ခုံ လုံးစုံမကြွင်း ဤအခ ခင်းဝယ်။ မပျင်းမရိ။ ရှိသည့် တသ။ ဤသို့စ၍။ အိမ်ကနောက်ပင်။ လင်ရှေ့နိုးကြား။ စားသော်ငှင်း။ အကြောင်းမှုရှိ။ သိအောင်ဆင်ခြင်။ လင်သို့ တိုင်ကြား။ စကားချိုသာ။ နာဘွယ်သိမ်မွေ့။ ပြောဆိုလေ့လျက်။ မမေ့မမှား။ လင့်စကားကို။ ကြားကလိုက်နာ။ သူ့ရာသူ့အိမ်။ တကြိမ်မသွား။ ယွင်းမှားမခွ။ ဒုဟာမပြား။ ဤမယားကို။ ယောကျ်ားစဉ်းလဲ။ ဆိုဆံရိုက်နှက်။ အမျက်မာန်ပါ။ မပြုရာတည့်။ ဒေါသာစွန်းငြိ။ ပြုတုံမိက။ မင်းဒဏ်ကျ၏။''

အထက်ပါစကားရပ်တို့ကို ထောက်ထားလျှင် ဂရာ အတူနေထိုင်ခြင်း အင်္ဂါ။
ဝါသ အိမ်ထောင်မှု ကိစ္စတွင် လင်နှင့်မယား အတူနေထိုင်သော အခြင်းအရာသည် ထင်ရှား၏။ သို့ကြောင့်လည်း အထက်ထက်ကအချို့ချိုသောအမှုတို့တွင်အတူတကွ နေကြစားကြမှ တရားဝင် လင်မယား ဖြစ်သည်ဟု မှတ်ယူခဲ့ကြဘူးခလသည်။ လင်မယားတို့မှာ အကြောင်းအားလျော်စွာ အသီးအခြား ခွဲခွါနေထိုင်ရန် ရံဘန်ရံခါ ဖြစ်ပေါ် လာတတ်ငြား သော်လည်း။ ယေဘုယျ အားဖြင့် တအိမ်တနေရာ တည်း၌သာ အတူနေကြသည်။ သို့မှလျှင် ခင်ခင်မင်မင် တဦးနှင့်တဦး ဝတ်တရား အဆူဆူကို ရွက်ဆောင်နိုင်ပေမည်။ နေရာအိမ်ကိုရွေးချယ်ရန်မှာ လင့်တာဝန် ဖြစ်သည့်အတိုင်း မိန်းမက မိမိ၏ ခင်ပွန်းယောကျ်ားသဘော ကျသည့်အိမ်၌ လိုက်နေရမည်[၁]။ သို့ရာတွင်ယောကျ်ားလုပ်သူ အိမ်တဆောင်ထူထောင်နိုင်သည့် အခြေရှိလျှင် ယောက္ခမ မိဘအိမ်တွင် လိုက်မနေလိုဟု မိန်းမက ငြင်းပယ် နိုင်သည်[၂]။ မယားငယ် အိမ်၌လည်း လိုက်မနေလိုဟု မယားကြီးက ခုခံနိုင်သည်[၃]။ မိမိ

---

(၁) ကိုရွှေသား v မရီ လောဒီပွတ်စတုပ္ပ ၁၄၃။
(၂) မောင်ဖိုးဟံ v. မဖောလုံ။ ၄င်း အတွဲမ ၂၀၇။
မောင်ဖိုးညွန့် v. မစု လောတိုင်းဒုတိယ ၆၀။
(၃) မခါဉ v. ဖိုးစော အောက်မြန်မာစတုပ္ပ ၃၄၀။ ဤကျွန်းမျက်နှာ ၃၈။

သဘောအတိုင်းလက်အောက်မယားငယ် ခံသောမိန်းမ မူကားယောကျ်ား၌ မယားငယ်သုံးလေးယောက်ရှိလင့် ကစား လင်ထားရာအိမ်ကို မနှစ်မြို့က်ဟု မပယ်ထိုက်[၁]။

*အိမ်ပါရလိုမှု။*

ဆိုခဲ့သော ဝတ်တရားတို့ကို ထောက်ထားခြင်းအား ဖြင့် လင်ယောကျ်ား မယား မိန်းမတို့မှာ။ ဓမ္မသတ် တို့ တွင် အထင်အရှား အဆိုမရှိငြားသော်လည်း တယောက် ကိုတယောက် အိမ်ပါရလိုမှု စွဲဆိုနိုင်သင့်၏။ ငနွဲ v. မိစု မအမှု[၂]တွင် မက္ကီဝင်သခင်သည် ''ဗုဒ္ဓ ဘာ သာ မြန် မာ လင် မယားတို့မှာ တဦးနှင့် တဦး အကြောင်းမဲ့ မကွာ နိုင်သည်နှင့် အညီ အိမ်ထောင်မှု တည်နေသမျှ ကာလ ပတ်လုံး အိမ်ပါမှုကို စွဲဆိုနိုင်သည်''ဟု ဆုံး ဖြတ် ခဲ့ ၏။ သို့ရာတွင် ပစ္စည်းအပ်၍၎င်း။ ကိုယ်ဘိုး လျော်၍၎င်း။ တ ဘက်သတ် ကွာနိုင်ကြောင်းကို မိခင်လပ် v. ငဘစိုး အ မှု[၃] တွင် ဆုံးဖြတ်ထားရှိသဖြင့် အိမ်ပါမှု မစွဲနိုင် သင့်ဟု ဆင်ခြေ ဝင်နိုင်ဘွယ်ရာဖြစ်၏။ ငခြင်မတ် v. မိခင်ပု[၄]အ မှုကို စီရင်သူဝန်ရှင်တော်ရှောသခင်က ''တဘက်သတ် ကွာနိုင် သော်လည်း လင်နှင့်မယား မကွာရှင်းကြသေး ဘဲ အိမ်ထောင် တည်နေခိုက်တွင် အိမ်ပါမှုကို စွဲဆိုနိုင် ရမည်'' ဟု မိန့် ဆို လေ သည်။ ယခု အခါ၌ကား အ ကြောင်း ထင်ရှား မရှိဘဲလျက် တဘက်သတ် ကွာခြင်း တရားသည် မမှုံ v. မောင်တင်ကောက်[၅] အမှု တွင် လုံး လုံးပျက်ခဲ့ပြီ ဖြစ်သောကြောင့် အိမ်ပါမှု စွဲခွင့်သည်သာ လွန်၍အခြေခံရ၏။

*တရား လို အပြစ် ကင်းမဲ့ရာသည်။*

၎င်း အိမ်ပါမှုကို အောင်မြင်စေရန် စွဲ သူ တ ရား လို သည် အပြစ်ဝိသေသ ကင်းရှင်းရမည်။ တရားခံ ဖြစ်သူ အ တူ မနေနိုင် လောက် အောင် (ဝါ–သည်း မ ခံ နိုင် လောက် အောင် ) တရားလို လုပ်သူက မည်သည့် အိမ်

(၁) မသဲ v. မောင်သာဇ အထက်မြန်မာ (၁၈၉၇–၁၉၀၁) ပဌမ ၁၁၄။
(၂) ရွှေကောက်ဖြတ်ထုံး ၃၉၁။
(၃) အထက်မြန်မာ ( ၁၉၀၄–၀၆ ) ဒုတိယ ကွာရှင်းခြင်း ၃။
(၄) ၎င်း (၁၉၁၇–၂၀) ၎င်း အိမ်ပါမှု ၁။
(၅) ညီဂျွမ်းနိုဗါနိုး။ ။ရန်ကုန်ပဌမ ၇၂၂။

ထောင် ပြစ်မှုမျိုးကိုမျှ မကျူးလွန်စေရ။ ထို့ကြောင့် တနှစ်နှင့်–၇–လတိုင်တိုင် စားရေရိက္ခာ မထောက်ပံ့ဘဲ မယားနှင့် ခွဲခွါနေထိုင်လျှက် အိမ်ပါမှု စွဲဆိုသော တရားလို ယောက်ျားမှာ အမှုဆုံး ရှုံးခြင်း ခံရရှာ လေသည်။ (မစိန် v. ခင်သက်ကြီး[1])။ အမှုကို စီရင်သူ တရား ဝန်ရှောသခင်က "မယားဖြစ်သူမှာ မိမိလင်နှင့် အတူနေရမည့် ဝတ်တရား ရှိသော်လည်း လင့်တာဝန်က မိမိမယားအား ထောက်ထား ညှာတာ ပြုသင့်ကြောင်း ဓမ္မသတ်ဘို့သဘောသ္ဌ ထင်ရှား၏" ဟုမိန့်ဆိုခဲ့သည်။

မောင်မြတ်သာ v. မသုံ စီရင် ထုံး[2] တွင် တရားလို မောင်မြတ်သာက မယား မသုံကို အိမ်ပါ မှုစွဲ ခြင်း၌ အောက်ရုံးမင်းက "တရားခံ မသုံမှာ အရွယ် မရောက်သေးသည့်အတိုင်း တရားဝင်ပဋိညာဉ် မပြုနိုင်သဖြင့် ဂတိဖျက်သည်မမည်။မသုံအပေါ်၌ အိမ်ပါမှုမတည်သင့်" ဟု ပလပ်လိုက်၏။ အယူခံတွင် မစ္စတာဗားဂျက်စ် သခင်က "ပဋိညာဉ် အက်နှင့် ဤအချက်မဆိုင်။ ဗုဒ္ဓဘာသာ ဥပဒေနှင့်သာ သက်ဆိုင်သည်။ အိမ်ထောင်ပြုစဉ် အခါက မိန်းကလေး အရွယ် မရောက် သော်လည်း မိဘတို့က လင်ပေးစား ပြီးသည်နှင့် တပြိုင်နက် အုပ်ထိန်းခြင်း အခြေပျက်၍ အိမ်ထောင်ခဏ်း၌ အရွယ်မရောက်ဟု မဆိုသာ" စသဖြင့် မိန့်ခဲ့၏။သို့ရာတွင် မိန်းကလေး သဘောမပါ ငြင်းပယ်ခဲ့လျှင် မိဘ ပေး စား သော် လည်း အိမ်ထောင်မမည်ကြောင်း အထက်တွင်[3] ဆိုခဲ့သည့် အတိုင်း မောင်မြတ်သာထုံးကို များစွာ အား မကိုးသာ။ ၎င်းအမှု၌ မိန်းကလေးသည် မူလကသဘောတူမျှခဲ့ပြီးနောက်မှ နောင်တတဘန်ရဟန်တူသည်။ စီရင်ထုံး၌မည်သို့မျှမဆို။ အရွယ်မရောက် တရားခံ။

အကြင် ယောက်ျားသည် မယား အမြောက် အမြား ယူနိုင်သည့် ဒါရီအကျင့် မပပျောက်သေးသမျှ မယား တရားလိုဒါရီ။

---

(၁) အထက်မြန်မာ (၁၉၀၄–၀၆) ဒုတိယ အိမ်ထောင်မှု ၅။
(၂) ၎င်း (၁၇၉၂–၉၆) ၎င်း ၂၀၀။
(၃) ဤကျမ်းမျက်နှာ ၁၂။

ယ်အပေါ်၌လည်း အိမ်ပါမှုဒီဃာရီကို ရရှိနိုင်သင့် သည်ဟု ဆိုရပေလိမ့်မည်။သို့ရာတွင်''အိမ်ထောင်ဝင် မယားစစ်မဟုတ်သော မယားငယ်သည်'(ဝါ-အပြောင်မယားသည်) မိမိလင်တု ထားရာနေရမည်ဟု ရုံးများက အားပေးလိမ့်မည် မဟုတ်။ ၎င်းပြင်တချက် ၁၈၆၆ ခုနှစ် အတွက် အက်နံပါတ် ၂၁ ရှိစကား ရပ်တို့နှင့် နှိုင်းဆခဲ့လျှင် အကြင်ယောက်ျားသည် မိမိ၏ တယောက်သော မယားငယ်နှင့် နေထိုင်လျက် ရှိမှု (ဝါ-တယောက်သော မယားငယ်က ထိုယောက်ျားနှင့် အတူပေါင်းဘက် နေထိုင်ရန်အသင့်ရှိနေမှု) ထိုသူ၏ အိမ်ပါမှုကို ပယ်လိုက်ရသည်''ဟုမောင်ကျိုက်တို့ အမှု[2]တွင် မစ္စတာဇားဂျက်၌ သခင် မိန့်ဆိုခဲ့လေသည်။ မောင်ရွှေဂု v. မမိအမှု တွင်လည်း''ယောက်ျားသည် မိန်းမအား သိမ်းမြှင်းသော မယားငယ်နေရာ၌ အတင်း အကြပ် မထားအပ်''ဟုဆုံးဖြတ်၏။

လင့်ညြဇာ။ မယားနေရာ အိမ်ဂေဟာသည် လင်ယောက်ျား၏ ခန့်သတ် မှတ်သည့်အတိုင်း ဖြစ်သင့်ကြောင်း အထက်၌ဆိုခဲ့ပြီ။ 'မိန်းမသခင်လင်' ဆိုသော ဓမ္မသတ်စကား ကိုထောက် ထား သဖြင့် လည်း လမ်းပမ်း သင့်စွာ လင်ယောက်ျား ဆုံးမရာသော အမိန့်အာဏာကို မိန်းမက မပယ်ရ။ ဓမ္မသတ်များက မယားကို ကြိမ်ငယ် ဝါးခြမ်းပြားတို့ဖြင့် ရိုက်နှက် ဆုံးမခွင့်ပင် ပေးသေး၏[3]။ သို့ရာတွင်ရုံးတော်တို့က ဤဆုံးမခြင်း နိသျည်းကို ချီးမြှင့်ခြင်းမပြုခဲ့[4]။

စားစရိတ်အထောက်အပံ့။ သားမယားတို့အား အဝတ်တန်ဆာ စားရေရိက္ခာလုံလောက်စွာနှင့် နေရာ အိမ်ဂေဟာတို့ဖြင့် ထောက်ပံ့

(၁) အထက်မြန်မာ (၁၈၉၂-၉၆) ဒုတိယ ၇၉၆။
(၂) ဦးခွဲထွန်းဖြတ်ထုံးစု ၁၅၅။ ဤကျမ်းမျက်နှာ ၁၈။
(၃) ပေါင်းချုပ်။ ဒုတိယ။ ၂၇၂။ ရာဇဗလ နှင့်ဝိဇ္ဇာ၏ ဓမ္မသတ်၌ ''ဖလရာမိတ ဇာယံ သလာကာယေဝ ဝိဠုယံပဟာရေယျ''ဟုပါရှိသည်။
(၄) ရွှေကောက်ဖြတ်ထုံး ၄၂၁။ ဦးခွဲထွန်းစီရင်ထုံးစု ၁၇၆။

ခြဲမြှင့်ခြင်းကား လင်ယောက်ျားတို့၏ ဝတ်တရား သီးခြား တည်း။ ဤဝတ်တရားနှင့် လျော်စွာ မယား မိန်းမတို့မှာ ရာဇဝတ် ရုံးတော်များ၌ ရာဇဝတ်ကျင့်ထုံး အရ စားစရိတ် စွဲတောင်းနိုင်၏။ ဂတိပဋိညာဉ် စာချုပ်ချုပ်၍ ပင်ဤဝတ်တရားစဉ်ကို မပယ်နိုင်။ တဦးသော ယောက်ျားသည် မိမိ၏မယားအား နောင်ခါ တစုံတရာ မပြောဆိုလာနိုင်ရန်ကျပ်ငွေ ၃၀၀ ပြားကိုလုံးလုံးလျားလျားပြီးအပြတ် လက်စသတ် ပေးလိုက်ငြားသော်လည်း ငွေသုံးကုန်၍ ထပ်မံ ပြောဆို ပြန်သောအခါ လင်က စားစရိတ် ခံခဲ့ရ၏။ (မိလေး ပ. ငပေါ်ထင် အမှု[၁]။) စီရင်သူ ရှောသခင်က ''ဥပဒေက အထင်အရှား ထားသော ဝတ်တရားကို မယားသဘော တူသော်လည်း မရှောင်သာ''ဟုမိန့်ဆို၏။ ၎င်းရာဇဝတ် ကျင့်ထုံး သဘောမှာ။ ကျွေးမွေး ထောက်ပံ့နိုင်သည့် လင်ယောက်ျား မားမားရှိသောမိန်းမအား အခြားသူတို့၏ဝန်မဖြစ်စေရာ။

ဤကဲ့သို့ ရာဇဝတ် ပုဒ်မ ၄၈၈ အရ တရားမစွဲလိုမူ ကာရားမရုံးတော်တို့၌ တရားမမှု စွဲဆိုနိုင်ပြန်သည်။ တရားမမှုစွဲလျှင် အမှုတန်ဘိုးကို မကန့်သတ်ဘဲ စွဲသူ သဘောအတိုင်း လင့်ဂုဏ်ကို ချင့်ချိန်၍ ခန့်ခွဲနိုင်သည်။ ရာဇဝတ်ရုံးက စွဲသောအခါ တလလျှင် ၁၀၀ ထိသာ (ယခင်က ၅၀) ရုံးတော်က အမိန့်ချပေးနိုင်သည်။ ရာဇဝတ် ဥပဒေသဘော။

သားသမီး ကလေးသူငယ်တို့ အတွက်လည်း ယခင် ထိစားစရိတ် တောင်းခံနိုင်သည်။ ကလေးမှာ တရားဝင်မယားက မွေးဖွားမှ မဟုတ်။ တိတ်တိတ်ပုန်း မိန်းမက (ဝါ–အပြောင်မယား၊ အချောင်မယားက ) ရသည့်ကလေးတို့ကိုပင် ကျွေးမွေးရန် ဘခင်တာဝန် ဖြစ်သည်ဟု ရာဇဝတ်ကျင့်ထုံး ဥပဒေကဆိုသည်။ အပိုင်မွေးစားသည့် သားသမီး တို့မှာမူ (ဝါ-ကိတ္တိမ သားသမီး တို့မှာ) ရာဇဝတ်ပုဒ်မ ၄၈၈ ၌မပါပင်သဖြင့် တရားမ တရားမမှု။

(၁) အထက်မြန်မာ (၁၉၀၄-၀၆) ပဌမ၊ရာဇဝတ်ကျင့်ထုံး ၄၅။

မှုနှင့်သာ သက်ဆိုင်နိုင်ပေမည်။ မွေးစားသောသားသမီး စားစရိတ်တောင်းမှုဟူ၍ မတွေ့ရသေးချေ။

## အချုပ်မှတ်စု။

၁။ လင်မယားတဦးနှင့် တဦး အိမ်ပေါ်ရလိုမှုစွဲဆိုနိုင်သည်။

၂။ မယားနှင့်သားသမီးတို့သည် လင်ဘခင်ထံ ရာဇဝတ်တရားမ နှစ်ဌာနစလုံးလိုက်ရုံး၌ စားစရိတ်တောင်း ခံနိုင်သည်။

## ၄။ လင်ခသားပစ္စည်းအသီးသီး။

မယားပိုင်နက်။

မြန်မာဗုဒ္ဓဘာသာ ဥပဒေသည် အရှေ့ တိုင်းသားအခြားသော ဘာသာ ဥပဒေတို့ထက် မယားဖြစ်သူ အား ပစ္စည်းခဏ်း၌ ပိုမိုထက်မြက်စွာ ပိုင်ဆိုင်ခွင့် ပေးရကား။ မယားသည် လင်နှင့်တန်းတူ ပစ္စည်းဟူသမျှတို့၌ ပိုင်ခွင့်ရ၏၊ ဤကဲ့သို့ ယောကျ်ားနှင့် တပြေးတည်း ဖြစ်ရခြင်းမှာ ဘာသာ အယူကပင် မိန်းမကို နေရာပေးသည့်ပြင် မြန်မာပြည်သူတို့သည် ပစ္စည်း ရှာကြံရေး၌ ယောကျ်ားများနှင့် ရင်ပေါင်တန်း ဦးပွဲထမ်းလုပ်ကိုင် စားသောက်လေ့ရှိသောကြောင့်တည်း။ တခါတရံ၊ မိန်းမတဦးတည်း ရှာမှီး ရသော ပစ္စည်းဖြင့်သာ လင်ယောကျ်ား သမီးသားတို့ အသက်မွေးမှုခြင်းကို ပြုကုန်၏။လင်နှင့် မယားသွားလာ နေထိုင်တူ၍ လုပ်ငန်း ဆောင်တာ အဖြာဖြာ၌လည်း အညီအမျှ ဆောင်ရွက်ကြခြင်းသည် မြန်မာ့ထုံးစံသဘွယ်တည်း။ ဓမ္မသတ်တို့၌ 'မယားသခင်လင်' ဟု ဆိုထားငြားသော်လည်း ဗုဒ္ဓဘာသာ မယားသည် ဘာသာကွဲမယားတို့ကဲ့သို့ လင့်လက်ရှိ ဝတ္ထုအသုံး အဆောင်အလား အထားမခံရဘဲမိမိ၏အမည်နာမနှင့်ပင် ပစ္စည်းဥစ္စာကို သီးခြား ဆက်ဆံ ပိုင်စံရ၏။ လင်မှကင်းလျက် (ဝါ·လင်နှင့် မပတ်သက်ဘဲ) ပစ္စည်းကို ပိုင်ဆိုင် နိုင်ရကား။ လင်ဖြစ်သူက မယားကို 'ဤသို့သုံးရမည်။ ဤသို့ စွဲရမည်'စသဖြင့် အမိန့်အာဏာ မပေးနိုင်သည့်ပြင်။ လင်ရှာရသမျှ ဥစ္စာဓနတို့၌ ဝင်ဆိုင်ထိုက်သေး၏။ လင်သေဆုံးသွားသည်ရှိသော် လင့်ဆွေမျိုးပေါက်ဘော်နှင့် သားသမီးမိဘတိုကိုဖယ်၍ လင်၏အမွေအနှစ်ကို တဦးတည်းခံစားထိုက်လေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ အခြေ၌ အခနာက်နိုင်ငံသူ အင်္ဂလိပ်မများလောက် မြန်မာမယား ထွန်းပေါက်သည်ဟု ဆိုရပေလိမ့်မည်။

တင့်။ ပန်းပွင့်ပန်းထိုး။ ပန်းဆိုးပန်းနှစ်။ လက်ဖြင့်ငင်ဝင့်။ ချားနှင့်ယဉ်ခုံ လုံးစုံမကြွင်း ဤအခင်းဝယ်။ မပျင်းမရိ။ ရှိသည် တာ။ ဤသို့စ၍။ အိပ်ကနောက်ပင်။ လင်ရှေ့နိုးကြား။ စားသော်ဥင်း။ အကြောင်းမှုရှိ။ သိအောင်ဆင်ခြင်။ လင်သို့ တိုင်ကြား။ စကားချိုသာ။ နာဘွယ်သိမ်မွေ့။ ပြောဆိုလေ့လျက်။ မမေ့မမှား။ လင့်စကားကို။ ကြားကလိုက်နာ။ သူ့ရာသူ့အိမ်။ တကြိမ်မသွား။ ယွင်းမှားမဲ့။ ဒုဟမပြား။ ဤမယားကို။ ယောကျ်ားစဉ်းလဲ။ ဆိုဆံရိုက်နှက်။ အမျက်မာန်ပါ။ မပြုရာတည့်။ ဒေါသစွန်းငြိ။ ပြုတုံမိက။ မင်းဒဏ်ကျ၏။''

အထက်ပါစကားရပ်တို့ကို ထောက်ထားလျှင် ဂရာပါသ အိမ်ထောင်မှု ကိစ္စတွင် လင်နှင့်မယား အတူနေထိုင်သော အခြင်းအရာသည် ထင်ရှား၏။ သို့ကြောင့်လည်း အထက်ဆက်ကအချို့ချို့သောအမှုဘို့တွင်အတူတကွ နေကြစားကြမှ တရားဝင် လင်မယား ဖြစ်သည် ဟုမှတ်ယူခဲ့ကြဘူးလေသည်။ လင်မယားတို့မှာ အကြောင်းအားလျော်စွာ အသီးအခြား ခွဲခွါနေထိုင်ရန် ရံဘန်ရံခါ ဖြစ်ပေါ် လာတတ်ငြား သော်လည်း။ ယေဘုယျအားဖြင့် တအိမ်တနေရာ တည်း၌သာ အတူနေကြသည်။ သို့မှလျှင် ခင်ခင်မင်မင် တဦးနှင့်တဦး ဝတ်တရား အဆူဆူကို ရွက်ဆောင်နိုင်ပေမည်။ နေရာအိမ်ကိုရွေးချယ်ရန်မှာ လင့်တာဝန် ဖြစ်သည့်အတိုင်း မိန်းမက မိမိ၏ ခင်ပွန်းယောကျ်ားသဘော ကျသည့်အိမ်၌ လိုက်နေရမည်[၁]။ သို့ရာတွင်ယောကျ်ားလုပ်သူအိမ်တဆောင်ထူထောင်နိုင်သည့် အခြေရှိလျှင် ယောက္ခမ မိဘအိမ်တွင် လိုက်မနေလိုဟု မိန်းမက ငြင်းပယ် နိုင်သည်[၂]။ မယားငယ် အိမ်၌လည်း လိုက်မနေလိုဟု မယားကြီးက ခုခံနိုင်သည်[၃]။ မိမိ

အတူနေထိုင်ခြင်း အကဲ၊

(၁) ကိုရွှေသား v. မနို လောဒီပြုတ်စတုဗ္ဗ ၁၄၃။
(၂) မောင်ဖိုးယံ v. မဖောလုံ၊ ၎င်း၊ အဋ္ဌမ ၂၀၇။
မောင်ဖိုးညွန့် v. မစု လောတိုင်းဒုတိယ ၆၀။
(၃) မခါဥ v. ဖိုးစော အောက်မြန်မာစတုဗ္ဗ ၃၄၀။ ဤဘွန်းနှုတ်နှာ ၃ဂ။

သဘောအတိုင်းလက်အောက်မယားငယ် ခံသောမိန်းမမှကားယောက်ျားဥ္စ မယားငယ်သုံးလေးယောက်ရှိလင့်ကစား လင်ယားရာအိမ်ကို မနှစ်မြို့က်ဟု မပယ်ထိုက်[၁]။

အိမ်ပါရလိုမှု။

ဆိုခဲ့သော ဝတ်တရားတို့ကို ထောက်ထားခြင်းအားဖြင့် လင်ယောက်ျား မယား မိန်းမတို့မှာ။ ဓမ္မသတ်တို့တွင် အထင်အရှား အဆိုမရှိငြားသော်လည်း တယောက်ကိုတယောက် အိမ်ပါရလိုမှု စွဲဆိုနိုင်သင့်၏။ ငနွဲ v. မိစုမအမှု[၂]တွင် မဏ္ဍိဂဝင်သခင်သည် ''ဗုဒ္ဓဘာသာ မြန်မာလင် မယားတို့မှာ တဦးနှင့် တဦး အကြောင်းမဲ့ မကွာနိုင်သည်နှင့် အညီ အိမ်ထောင်မှု တည်နေသမျှ ကာလပတ်လုံး အိမ်ပါမှုကို စွဲဆိုနိုင်သည်''ဟု ဆုံးဖြတ် ခဲ့၏။ သို့ရာတွင် ပစ္စည်းအပ်၍ငှင်း။ ကိုယ်ဘိုး လျော်၍ငှင်း။ တဘက်သတ် ကွာနိုင်ကြောင်းကို မိခင်လပ် v. ငဘစိုး အမှု[၃] တွင် ဆုံးဖြတ်ထားရှိသဖြင့် အိမ်ပါမှု မစွဲနိုင် သင့်ဟု ဆင်ခြေ ဝင်နိုင်ဘွယ်ရာဖြစ်၏။ ငခြင်စတ် v. မိခင်ပု[၄]အမှုကို စီရင်သူ ဝန်ရှင်တော်ရှောသခင်က ''တဘက်သတ်ကွာနိုင် သော်လည်း လင်နှင့်မယား မကွာရှင်းကြသေးဘဲ အိမ်ထောင် တည်နေခိုက်တွင် အိမ်ပါမှုကို စွဲဆိုနိုင်ရမည်'' ဟု မိန့် ဆို လေ သည်။ ယခုအခါ၌ကား အကြောင်းထင်ရှား မရှိဘဲလျက် တဘက်သတ် ကွာခြင်းတရားသည် မမှုံ v. မောင်တင်ကောက်[၅] အမှု တွင် လုံးလုံးပျက်ခဲ့ပြီ ဖြစ်သောကြောင့် အိမ်ပါမှု စွဲခွင့်သည်သာ လွန်၍အခြေခံရ၏။

တရားလို အပြစ်ကင်းမှ ရသည်။

၎င်း အိမ်ပါမှုကို အောင်မြင်စေရန် စွဲ သူ တရားလိုသည် အပြစ်ဝိသေသ ကင်းရှင်းရမည်။ တရားခံ ဖြစ်သူ အတူ မနေနိုင် လောက် အောင် (ဝါ–သည်းမခံနိုင်လောက် အောင်) တရားလို လုပ်သူက မည်သည့် အိမ်

(၁) မသဲ v. မောင်သာအေး အထက်မြန်မာ (၁၈၉၇–၁၉၀၁) ပဌမ ၁၁၄။
(၂) ရွေးကောက်ဖြတ်ထုံး ၃၉၃။
(၃) အထက်မြန်မာ (၁၉၀၄–၀၆) ဒုတိယ ကွာရှင်းခြင်း ၃။
(၄) ၎င်း (၁၉၀၇–၀၉) ၎င်း အိမ်ပါမှု ၁။
(၅) ဦးကျွမ်းနိဒါန်း ရန်ကုန်ပဌမ ၇၂၂။

ထောင် ပြစ်မှုမျိုးကိုမျှ မကျူးလွန်စေရ။ ထို့ကြောင့် တနှစ်နှင့်–၇–လတိုင်တိုင် စားရေရိက္ခာ မထောက်ပံ့ဘဲ မယားနှင့် ခွဲခွါနေထိုင်လျက် အိမ်ပါမှု စွဲဆိုသော တရားလို ယောက်ျားမှာ အမှုဆုံး ရှုံးခြင်း ခံရရှာ လေသည်။ (မစိန် ၊ ခင်သက်ကြီး[1])။ အမှုကို စီရင်သူ တရား ဝန်ရှောသခင်က "မယားဖြစ်သူမှာ မိမိလင်နှင့် အတူနေရမည့် ဝတ်တရား ရှိသော်လည်း လင့်တာဝန်က မိမိမယားအား ထောက်ထား ညှာတာ ပြုသင့်ကြောင်း ဓမ္မသတ်ကိုသဘောဌ် ထင်ရှား၏" ဟုမိန့်ဆိုခဲ့သည်။

အရွယ်မရောက်တရားခံ။

မောင် မြတ် သာ ၊. မသုံ စီရင် ထုံး[2] တွင် တရားလို မောင်မြတ်သာက မယား မသုံကို အိမ်ပါ မှုစွဲ ခြင်း၌ အောက်ရုံးမင်းက "တရားခံ မသုံမှာ အရွယ် မရောက်သေးသည့်အတိုင်း တရားဝင်ပဋိညာဉ် မပြုနိုင်သဖြင့် ဂတိဖျက်သည်မမည်။မသုံအပေါ်၌ အိမ်ပါမှုမတည်သင့်"ဟု ပလပ်လိုက်၏။ အယူခံတွင် မစ္စတာဗားဂျက်စ် သခင်က "ပဋိညာဉ် အက်နှင့် ဤအချက်မဆိုင်။ ဗုဒ္ဓဘာသာ ဥပဒေနှင့်သာ သက်ဆိုင်သည်။ အိမ်ထောင်ပြုစဉ် အခါက မိန်းကလေး အရွယ် မရောက် သော်လည်း မိဘတို့က လင်ပေးစား ပြီးသည်နှင့် တပြိုင်နက် အုပ်ထိန်းခြင်း အခြေပျက်၍ အိမ်ထောင်ခဏ်း၌ အရွယ်မရောက်ဟု မဆိုသာ"စသဖြင့် မိန့်ခဲ့၏။သို့ရာတွင် မိန်းကလေး သဘောမပါ ငြင်းပယ်ခဲ့လျှင် မိဘ ပေး စား သော် လည်း အိမ်ထောင်မမည်ကြောင်း အထက်တွင်[3]ဆိုခဲ့သည့် အတိုင်း မောင်မြတ်သာထုံးကို များစွာ အား မကိုးသာ။ ၎င်းအမှု၌ မိန်းကလေးသည် မူလကသဘောတူမျှခဲ့ပြီးနောက်မှ နောင်တတဘာန်ရဟာန်တူသည်။စီရင်ထုံး၌မည်သို့မျှမဆို။

တရားလိုဒါရီ။

အကြင် ယောက်ျားသည် မယား အမြောက် အမြား ယူနိုင်သည့် ဒါရီအကျင့် မပပျောက်သေးသမျှ မယား

(၁) အထက်မြန်မာ (၁၉၀၄–၀၆) ဒုတိယ အိမ်ထောင်မှု ၅။
(၂) ၎င်း (၁၈၉၂–၉၆) ၎င်း ၂၀၀။
(၃) ဤကျမ်းမျက်နှာ ၁၂။

ငယ်အပေါ်၌လည်း အိမ်ပါမှုဒီဂရီကို ရရှိနိုင်သ[illegible] သည်ဟု ဆိုရပေလိမ့်မည်။သို့ရာတွင်''အိမ်ထောင်ဝင် [illegible]ယားစစ်မဟုတ်သော မယားငယ်သည်'(ဝါ-အပြောင် မယားသည်) မိမိလင်တို့ ထားရာနေရမည်ဟု ရုံးများက အားပေးလိမ့်မည် မဟုတ်။ [illegible]ငုံးပြင်တချက် ၁၈၆[illegible] အတွက် အက်နံပါတ် ၂၁ ရှိစကား ရပ်တို့နှင့် [illegible]ဆခဲ့လျှင် အကြင်ယောကျာ်းသည် မိမိ၏ တယောက်သော မယားငယ်နှင့် နေထိုင်လျက် ရှိမှု (ဝါ-တယောက်သော မယားငယ်က ထိုယောကျာ်းနှင့် အတူပေါင်းသင်း၍ နေထိုင်ရန်အသင့်ရှိနေမှု) ထိုသူ၏ အိမ်ပါမှုကို ပယ်ဖျက်ရာသည်''ဟုမောင်ကျိုက်ဟ့် အမှု[2]တွင် မစ္စတာ[illegible]ချက်၌ သခင် မိန့်ဆိုခဲ့လေသည်။ မောင်ရွှေဂို v. မမိအ[illegible] တွင်လည်း''ယောကျာ်းသည် [illegible]နီးမအား သိမ်ဖျင်းသော မယားငယ်နေရာ၌ အတင်း အကြပ် မထားအပ်''ဟု ဆုံးဖြတ်၏။

ယင့်ပြဿာ။ မယားနေရာ အိမ်ဂေဟာသည် လင်ယောကျာ်း၏ ခန့်သတ် မှတ်သည့်အတိုင်း ဖြစ်သင့်ကြောင်း အထက်၌ ဆိုခဲ့ပြီ။ 'မိန်းမသခင်လင်' ဆိုသော ဓမ္မသတ်စကား ကို ထောက် ထား သဖြင့် လည်း လမ်းပမ်း သင့်စွာ လင် ယောကျာ်း ဆုံးမရာသော အမိန့်အာဏာကို မိန်းမက မပယ်ရ။ ဓမ္မသတ်များက မယားကို ကြိမ်ငယ် ဝါးခြမ်း မြှားတို့ဖြင့် ရိုက်နှက် ဆုံးမခွင့်ပင် ပေးသေး၏[3]။ သို့ရာတွင်ရုံးတော်တို့က ဤဆုံးမခြင်း နည်းကို အားမပြုခြင်းမပြုခဲ့[4]။

စားစရိတ် အထောက်အပံ့။ သားမယားတို့အား အဝတ်တန်ဆာ စားရေရိက္ခာလုံလောက်စွာနှင့် နေရာ အိမ်ဂေဟာတို့ဖြင့် ထောက်ပံ့

(၁) အထက်မြန်မာ (၁၈၉၂-၉၆) ဒုတိယ ၅၉၆။
(၂) ဦးခိုတွန်းဖြတ်ထုံးစု ၁၅၅၊ ဤကျွမ်းမှုကိစ္စ ၁၈။
(၃) ပေါင်းချုပ် ဒုတိယ။ ၂၇၂။ ရာဇဗလ နှင့်စိတ္တရ ဓမ္မသတ်၌ ''အပရာဓိကဇာယံ သလာကာဒေဝ ဝိဒ္ဓယံပဟာရနေယျ''ဟုပါရှိသည်။
(၄) ရွှေကောက်ဖြတ်ထုံး ၄၂၁။ ဦးခိုတွန်းစီရင်ထုံးစု ၁၇၆။

ဖြီးမြှင့်ခြင်းကား လင်ယောကျ်ားတို့၏ ပတ်တရား သီးခြား တည်း။ ဤဝတ်တရားနှင့် လျော်စွာ မယား မိန်းမတို့မှာ ရာဇဝတ် ရုံးတော်များ၌ ရာဇဝတ်ကျင့်ထုံး အရ စားစရိတ် ဖွဲ့တောင်းနိုင်၏။ ဂတိပဋိညာဉ် စာချုပ်ချုပ်၍ ပင်ဤဝတ်တရားစည်းကို မပယ်နိုင်။ တဦးသော ယောကျ်ားသည် မိမိ၏မယားအား နောင်ခါ တစုံတရာ မပြောဆိုလာနိုင်ရန်ကျပ်ငွေဒင်္ဂါး ၃၀၀ ပြားကိုလုံးလုံးလျားလျား အပြီးအပြတ် လက်စသတ် ပေးလိုက်ငြားသော်လည်း ငွေသုံးကုန်၍ ထပ်မံ ပြောဆို ပြန်သောအခါ လင်က စားစရိတ် ခံခဲ့ရ၏။ (မိလေး ၊ ငပေါ်ထင် အမှု[၁]။) စီရင်သူ ရှေ့သခင်က ''ဥပဒေက အထင်အရှား ထားသော ဝတ်တရားကို မယားသဘော တူသော်လည်း မရှောင်သာ''ဟုမိန့်ဆို၏။ ၎င်းရာဇဝတ် ကျင့်ထုံး သဘောမှာ။ ကျွေးမွေး ထောက်ပံ့နိုင်သည့် လင်ယောကျ်ား မားမား ရှိသော်မိန်းမအား အခြားသူတို့၏ဝန်မဖြစ်စေရာ။

ဤကဲ့သို့ ရာဇဝတ် ပုဒ်မ ၄၈၈ အရ တရားမစွဲလိုမူ တရားမရုံးတော်တို့၌ တရားမမှု စွဲဆိုနိုင်ပြန်သည်။ တရားမမှုစွဲလျှင် အမှုတန်ဘိုးကို မကန့်သတ်ဘဲ စွဲသူ သဘောအတိုင်း လင့်ဂုဏ်ကို ချင့်ချိန်၍ ခန့်ခွဲနိုင်သည်။ ရာဇဝတ်ရုံးက စွဲသောအခါ တလလျှင် ၁၀၀ ထိသာ (ယခင်က ၅၀) ရုံးတော်က အမိန့်ချပေးနိုင်သည်။ ရာဇဝတ် ဥပဒေ သဘော

သားသမီး ကလေးသူငယ်တို့ အတွက်လည်း ထိုခင်ထံစားစရိတ် တောင်းခံနိုင်သည်။ ကလေးမှာ တရားဝင် မယားက ပေါက်ဘွားမှ မဟုတ်။ တိတ်တိတ်ပုန်း မိန်းမက (ဝါ—အပြောင်မယား၊ အချောင်မယားက ) ရသည့်ကလေးတို့ကိုပင် ကျွေးမွေးရန် ဘခင်တာဝန် ဖြစ်သည်ဟု ရာဇဝတ်ကျင့်ထုံး ဥပဒေကဆိုသည်။ အပိုင်မွေးစားသည့် သားသမီး တို့မှာမူ (ဝါ-ကိတ္တိမ သားသမီးတို့မှာ) ရာဇဝတ်ပုဒ်မ ၄၈၈ ၌မပါဝင်သဖြင့် တရားမ

(၁) အထက်မြန်မာ (၁၉၀၄-၀၆) ပဋ္ဌမရာဇဝတ်ကျင့်ထုံး ၄၅။

မှုနှင့်သာ သက်ဆိုင်နိုင်ပေမည်။ မွေးစားသော သားသမီး စား စရိတ်တောင်းမှုဟူ၍ မတွေ့ရသေးချေ။

## အချုပ်မှတ်စု။

၁။ လင်မယားတဦးနှင့် တဦး အိမ်ပေါ်ရလိုမှုစွဲဆိုနိုင်သည်။

၂။ မယားနှင့်သားသမီးတို့သည် လင်အဖထံ ရာဇဝတ်တရားအရ နှင့် တရားမ ကိုလိုက်၍ စရိတ်တောင်း ခံနိုင်သည်။

## ၄။ လင်ခမယားပစ္စည်းအသီးသီး။

မြန်မာဗုဒ္ဓဘာသာ ဥပဒေသည် အရှေ့ တိုင်းသားအခြားသော ဘာသာ ဥပဒေတို့ထက် မယားဖြစ်သူ အားပစ္စည်းခဏ်း၌ ပိုမိုထက်မြက်စွာ ပိုင်ဆိုင်ခွင့် ပေးရကား။ မယားသည် လင်နှင့်တန်းတူ ပစ္စည်းဟူသမျှတို့၌ ပိုင်ခွင့်ရ၏၊ ဤကဲ့သို့ ယောက်ျားနှင့် တပြေးတည်း ဖြစ်ရခြင်းမှာ ဘာသာ အယူကပင် မိန်းမကို နေရာပေးသည့်ပြင် မြန်မာပြည်သူတို့သည် ပစ္စည်း ရှာကြံရေး၌ ယောက်ျားများနှင့် ရင်ပေါင်တန်း ဦးပွဲထမ်းလုပ်ကိုင် စားသောက်လေ့ရှိသောကြောင့်တည်း။ တခါတရံ၊ မိန်းမတဦးတည်းရှာမှီး ရသော ပစ္စည်း ဖြင့်သာ လင်ယောက်ျား သမီးသားတို့ အသက်မွေးမှုခြင်းကို ပြုကုန်၏။လင်နှင့် မယားသွားလာ နေထိုင်တူ၍ လုပ်ငန်း ဆောင်တာ အဖြာဖြာ၌လည်း အညီအမျှ ဆောင်ရွက်ကြခြင်းသည် မြန်မာ့ထုံးစံသဘွယ်တည်း။ ဓမ္မသတ်တို့၌ 'မယားသခင်လင်' ဟုဆိုထားငြားသော်လည်း ဗုဒ္ဓဘာသာ မယားသည် ဘာသာကွဲမယားတို့ကဲ့သို့ လင့်လက်ရှိ ဝတ္ထုအသုံး အဆောင်အလား အထားမခံရဘဲမိမိ၏အမည်နာမနှင့်ပင် ပစ္စည်းဥစ္စာကို သီးခြား ဆက်ဆံ ပိုင်စံရ၏။ လင်မှကင်းလျက် (ဝါ လင်နှင့် မပတ်သက်ဘဲ) ပစ္စည်းကို ပိုင်ဆိုင် နိုင်ရကား။ လင်ဖြစ်သူက မယားကို 'ဤသို့သုံးရမည်။ ဤသို့စွဲရမည်'စသဖြင့် အမိန့်အာဏာ မပေးနိုင်သည့်ပြင်။ လင်ရှာရသမျှ ဥစ္စာဓနတို့၌ ဝင်ဆိုင်ထိုက်သေး၏။ လင်သေဆုံးသွားသည်ရှိသော် လင့်ဆွေမျိုးပေါက်ဘော်နှင့် သားသမီးမိဘတိုကိုဖယ်၍ လင်၏အမွေအနှစ်ကို တဦးတည်းခံစားထိုက်လေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ အခြေ၌ အခနောက်နိုင်ငံသူ အင်္ဂလိပ်မများလောက် မြန်မာမယား ထွန်းတောက်သည်ဟု ဆိုရပေလိမ့်မည်။ မယားပိုင်နက်။

လင်မယားကုန် ... ပါသဘော။

ဆာဂျွန်ဂျာ ဒိုင်းသခင် ရေးသားစီရင်သော ဗုဒ္ဓဘာသာ ဥပဒေမှတ်စုတွင် ''ဥစ္စာ ရှာခင်း သိုသိတ်ခင်း တို့၌ လင်နှင့်မယားမှာ ကုန်ဘက်စပ်သူပါတနာလူ ၂ ဦး ကဲ့သို့ အရှုံးအမြတ် ၂ ရပ်ကိုညီတူညီမျှ ခံစံသုံးစားကြရ၏''ဟူ၍ ပါရှိလေသည်။ ၎င်းပါတနာရှစ် သဘောကို (ဝါ လင်မယား အမြတ် ထက်ဝက်စား သဘော မျိုးကို) ဓမ္မသတ်တို့တွင် မမြင်တွေ့ရ၊ ဆင်ခြင်၍ အဓိပ္ပါယ် ကောက်ရာသည်[1]။ ဤသဘောသည် ပစ္စည်း ပြောင်းလွဲ ရေး၌သာ၍ ထင်ပေါ်သည်။ အဘယ့်ကြောင့် ဆိုသော် မိမိတို့ နေစားခိုက် ရှာမှီးရသော ပစ္စည်း၌ နှစ်ယောက်စ လုံးက ဆိုင်သောကြောင့်တည်း။ ဤသို့လျှင် မြန်မာလင် မယား တို့သည် လှူရေး ဒါန်းဘွယ် ကုန်သွယ် ဖေါက် ကားခြင်း ကိစ္စတို့တွင် နှစ်ဦးအမည် ယှဉ်ပြိုင် ပေါ်လွင် သည့်ပြင်။ စာချုပ် စာတမ်း အမှုစခမ်းတို့၌လည်း နှစ် ယောက်အမည်ကိုထည့်သွင်းပြုသမှုစာချုပ်အထမြောက် အမှုခင်းလည်း ခရီးရောက်နိုင်၏။ နှစ်ယောက် လက်ရှိ ပစ္စည်းသဘောတည်း[2]။ ၁၉၂၄ ခုနှစ် ဧပြီလတွင် စီရင် သောအမှုတမှု၌[3] ဤသဘောကို လိုက်၍ ''အင်ဆေးလ ဝင်စီအက်အရ မြို့ရှင်တဦး တယောက်သည် လင်မယား နှစ်ယောက်စလုံး အပေါ်တွင် လျှောက်လွှာ တစောင် တည်းနှင့်ပင် ဒေဝါလီခံစေရန် လျှောက်တောင်းခွင့် ရ ကြောင်း'' တရားဝန်ကြီးယန်ဂ်နှင့် လင်တိမ်းသခင်တို့ဆုံး ဖြတ်ပေသည်။

လင်ပိုင်နက်အာဏာ။

သို့ရာတွင်မယားဖြစ်သူသည်မိမိ၏ခင်ပွန်းယောက်ျား နှင့်ဆန့်ကျင်လျက် ရှာမှီးသိုဝှက်အပ်သော ပစ္စည်းအရပ် ရပ်ကို မိမိတယောက်တည်းပိုင်သည် ဟုမဆိုသာ။ လင် ကသာလျှင် အာဏာရကုန်ဘက်ဖြစ်၏[4]။ 'ရောင့်

(၁) အခင်း ၁၈ မှဒ်မ ၃၇။
(၂) ၎င်း။
(၃) ဦးဂုဏ်ဘ v. ဦးကျော်ခေါင်။ အထက်မြန်မာ (၁၈၉၂-၉၆) ဒုတိယ၂၈၄။
(၄) မောင်ကြီးသို့ v. အာဂျွနာချလမ်ချစ်တီး။ ရန်ကုန်ဗုဟိယ ၂၀၉။
(၅) မောင်ခို v. မမယ်။ ရွှေကောက် ၁၉၂။

နောက်ဆုံးထုံးပါ' ဆိုသော စကားကဲ့သို့ လင့်ဩဇာအာဏာကို မယားကခံရ၍။ မောင်နှံနှစ်ပါး၏ ချမ်းသာကြီးပွါးရေးကိုဖြစ်စေရန်မှာ မယား၏ တာဝန်တည်း[1]။ နှစ်ဦးပိုင်ပစ္စည်းအချို့အဝက်ကို ယူသွားရန် လင်သားကမယားအား ခွင့်ပြုငြားသော် လည်း။ နောင်အလိုရှိလျှင် ပြန်တောင်းပိုင်၏[2]။ ထို့ကြောင့် နှစ်ဦးပိုင် နှစ်ပါးစုံ ပစ္စည်းသည် လင်လက်တွင် တည်ရှိသည်ဟု ဆိုရပေမည်[3]။ သို့သော်မယားကို ကျော်၍ လင်လုံးလုံး ပေါ်ထင် သည်မဟုတ်။ လင်မယားလက်ရှိ ပစ္စည်းသည် နှစ်ယောက်ပိုင်၊ နှစ်ယောက်ဆိုင်၊ နှစ်ယောက်လက်၊ နှစ်ယောက် ခြေဟူ၍မှတ်ယူရမည်။ စီမံခန့်ခွဲရေး၌သာ လင်ကအနည်းငယ်သာ၏[4]။

လင်မယားပိုင် ပစ္စည်း အသီးသီးတို့ကား။

ပစ္စည်းအမျိုး၆ခု

၁။ ထိမ်းမြားရာသို့မှလပ်ခုနှင်းကပါ ယူလာသော ပါရင်း တခု။
၂။ ထိမ်းမြားစဉ်အခါမိဘကိုသုံ့မဆောင်ချန်အလိုငှါ သိမ်းဖယ်ထားသော ခန်းဝင် တခု။
၃။ လင်မယားဦးပွဲအမ်ချာသိုးစုဆောင်းရ၍ရသော နှစ်ပါးစုံ တခု။
၄။ တဦးတည်းသော လုံ့လဖြင့် ရှာဖွေသိုသိမ်းအပ်သော သင်းသီး
၅။ အမွေ ပစ္စည်း တခု။
၆။ မင်းစိုးရာဇာချီးမြှင့်လာသော မင်းပေး တခု။

ဤခြောက် ရပ် သော ပစ္စည်းတို့ အနက် အိမ် ထောင်ကြီးတို့နှင့် ပတ်သက်လျှင် ပါရင်းကို 'အထက်ပါ' ဟူ၍ လည်းခေါ်၏။ အိမ်ထောင်ကျ ပြီးသည့်နောက်၌ အစဉ်တစိုက်တိုးပွါးလာသော ပစ္စည်းအရပ်ရပ်ကို 'လက်ထက်ပွါး' ခေါ်၏။ နှစ်ပါးစုံပစ္စည်းလည်း လက်ထက်ပွါး။ မင်းပေးဥစ္စာလည်း လက်ထက်ပွါး။ မိမိတို့နေစားခိုက် တိုက်ရိုက်တိုးပွါးလာသမျှ အစစပစ္စည်းများကို လက်ထက်ပွါးဟူ၍ခေါ်ဆိုရပေမည်။

ပါရင်း နှင့် လက်ထက်ပွါး။

(၁) တက်စ v. မအေလး ရွှေကောက် ၁၂၆။
(၂) မောင်ကောက် v. မဟန်။ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၄၈။
(၃) မောင်အုန်းဆောင် v. မအိုနက်။ ၎င်း ၎င်း ၎င်း ၃၀၃။
(၄) မသိုင်း v. မောင်သာကြွယ်။ အထက်မြန်မာ (၁၉၀၂–၀၃) ဒုတိယ ၁၅။

ပါရင်း ပစ္စည်းသည် ဝတ္ထု မပြောင်း ပကတိ ဥစ္စာဟောင်း အတိုင်း တည်ထားလျှင် လက်ထက်ပွါး မဖြစ်သွားနိုင်။ ဥပမာ လင်ဘက်ကပါသော ဥယျာဉ်ခြံမြေသည် ၁၃ နှစ်တိုင်တိုင် လင်မယားနှစ်ယောက် မွန်းမံ လုပ်ကိုင်၍ စည်ပင်တိုးတက်လာသော်လည်း လက်ထက်ပွါး မဖြစ်။ ပါရင်းမြေ၌ လက်ထက်ပွါးပစ္စည်းဖြင့် အိမ်ဆောက်လျှင်။ အိမ်လည်း ပါရင်းဘာဝရောက်လေသည်[၁]။ သိုရာဝ၌။ ပါရင်း ငွေ သား သည် ထိမ်းမြားပြီး နောက် အပိုက် အလျောက် တိုးပွါးလာလျှင်ဖြစ်စေ၊ သို့မဟုတ် ပါရင်းမြေကို ရောင်းချ ရသော ငွေဖြင့် ဝယ်ယူသော ပစ္စည်းရင်တို့မှာ လက်ထက်ပွါး မဖြစ် သွား ကြလေဟု ကျေးတော်ရန် ရှိသည်။ အမွေမှုများတွင် စုတော့ကျရှာသော ပါရင်းဥစ္စာသည် လက်ထက်ပွါး နေရာသို့ ရောက်နိုင်၏[၂]။ ကွာရှင်းမှုများ၌ကား အစရှာမရ လောက်အောင် ပါရင်းအင်္ဂါ မပျောက် သွားဘဲ လက်ထက်ပွါးထဲသို့ မသွတ်သွင်းသင့်။ ပါရင်း အဖြစ်ဖြင့်သာ ဝေခြမ်းခြင်း ပြုရာသည်။ အဘယ့်ကြောင့် ဆိုသော် တဘက်သူ၏ လုံ့လမပါဘဲ ရရှိသည့် ပစ္စည်း ဖြစ် သော ကြောင့် တည်း။ ကွန် ချာ လင်္ကာ ဓမ္မသတ်၌လည်း[၃] ''မဲကို မုံပင်။ မုံပင်လည်းမဲ။ နှစ်ကွဲစကား။ ကင်မှတ်ငြား၍။ ယူပြား သည်မှာ။ မဲသာမဲမဲ။ မုံမဲမဲပေ။ တူကြချေရှင့်။ ထွေထွေဥစ္စာ။ ကိုယ်စီပါ၍။ ချစ်စွာတသီး။ အိမ်ထောင်ကြီးချင်း။ သင့်ကြလျှင်းမူ။ ပါရင်းဥစ္စာ။ ကိုယ်စီသာဖြင့်။ သုံးခါကုန်လေ။ ကုန်ပိုင်ချေ၏'' စသဖြင့်ပါရှိလေသည်။ ပါရင်းနှင့် လက်ထက်ပွါး တသားတည်း ရောထွေးစပ်ရှက်လျက် အကွက်မပေါ်၍ သီးသန့်ဘော်ပြ မရနိုင်သော ဥစ္စာရပ်သာလျှင် လက်ထက်ပွါးအနေ ခွဲဝေရာသည်။ ပေါင်းချုပ် ဒုတိယ ၂၆၄ က ပါဏာမ္ဘမွေ သတ်တွင်

(၁) မောင်ဥာဏ်ကြီး v. မတုတ်၊ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၄၃၃။
(၂) မစန်းရွှေ v. ဓူလီသပွါးချစ်တီး၊ လောင်ပြောင်း ၁၁၀။ ၄၃၈
(၃) မကာဝေ v. ဖိုးလှ၊ အောက်မြန်မာ၊ ဒုတိယ ၁၇၄။
မတော v. မခါရင်၊ လောကိုင်းဆွေမ ၁၇၄။
(၄) ဒုတိယပေါင်းချုပ်။ ပုဒ်မ ၂၅၇။

''အိမ်ထောင်ကြီးချင်း။ ဂွာကြရှင်း၍။ ပါရင်းဥစ္စာ။ မှန်တို့ပါလည်း။ ဖြပြာနီရွေ။ ဖြစ်ပေမူကား။ လက်ထက်ပွါးသာ။ ဖြစ်ပါလေရ'' ဟုပါရှိသည်နှင့်အညီ ဖြပြာနီရွေဆိုသောစကားမှာ ဝတ္ထုမှုဟောင်း အထင် အရှား ဇာတ်ပြောင်း သွားသည့် အဓိပ္ပါယ် ရောက်၏။ ဝါရှုလက်ာက ''မုံ၊ မဲ၊ နှစ် ထွေ။ သဲ မြေ တူ နိုး။ မီး ခိုး တိမ် တောင်။ မြူ မှောင် မင်းလွှင်။ အရင်းအသစ်။ ရွှေးစစ်တိုင်းထွာ။ မသိသာသည်။ဖြပြာနီညို ရီးရားတည်း''။

ခန်းဝင်။

ခန်းဝင်ပစ္စည်းဆိုသည်မှာ။မင်္ဂလာဆောင်သတို့သားကဎင်း။ သတို့သား အမိ အဘကဎင်း။ အိမ်ထောင့်ရှင် ၂ ပါးစလုံးအတွက် ထိမ်းမြားစဉ်အခါက တင်သွင်းအပ်နှင်းသော ပစ္စည်းဟု မလှအောင် v. မဇေ အမှုတွင် ဆိုထားသည်။သို့ရာတွင် သမီးမိဘနှင့် မိတ်သင်္ဂဟတို့က ပေးသွင်းဆောင်နှင်း သော လက်ဆောင် ပဏ္ဏာတို့ လည်း ပါဝင်သည်[၂]။ အဘိုးအိုမူးနှင့် အမျိုးနွယ်တို့ ထိမ်းမြားချင်း ပါရင်းကိုပင် မင်္ဂလာတင်သည့်အခါ ခန်းဝင်ပစ္စည်း အနေသို့ ခြီးမြှင့်ပေးသွင်းလေ့ရှိကြ၏။ ခန်းဝင်ပစ္စည်းသည် အမွေခံကားဎင်း။ကွာရှင်းခကားဎင်း။ နှစ်ပါးစုံကဲ့သို့ ခွဲခြမ်းဝေဘန်ရ၏။

နှစ်ပါးစုံ။

နှစ်ပါးစုံသည် လင် မယား ရှိရင်း သင်းသီး ပစ္စည်းကို ရင်းနှီး၍တိုးပွါးလာသော ပစ္စည်း အစွယ်အပွါးနှင့် ၂ ဦး လုံ့လဖြင့်ရှာမှီးရသော ပစ္စည်းတို့ကို ဆိုလိုသည်[၃]။ ဤနေရာ၌ နှစ်ပါးစုံနှင့်လက်ထက်ပွါးမမှားကြရန် နှိုးဆော်သင့်၏။နှစ်ပါးစုံမှာ လက်ထက်ပွါး၌ အပါ အဝင် ဖြစ်သော်လည်း လက်ထက်ပွါးတိုင်းကို နှစ်ပါးစုံမပြည်။ဤသို့သော ခြားနားခြင်းကို သတိမမူ မိသဖြင့် မောင်ရွှေငုံ v. မမင်းဒွေး[၄] အမှုတွင် တမျိုးတမည်ဖြစ်ခဲ့၏။ပိုင်စုကို မကန့်သတ်

(၁) ရွှေးကောက်ဖြတ်ထုံး ၂၁၉။
(၂) လူကလေး v. မောင်စိန်။ အောက်မြန်မာ။ အငွမ ၁၆။
(၃) မောင်ရွှေငုံ v. မမင်းဒွေး။ရွှေးကောက်ဖြတ်ထုံး ၁၁၀။
(၄) အထက်၌ကြည့်

ဘဲ ၂ ဦး ဆိုင်သမျှပစ္စည်းကို လက်ထက်ပွါး။ အစုညီမျှမှ နှစ်ပါးစုံဟုယူရမည်။

သင်းသီး။ ပါရင်း။ မင်းပေးနှင့် အသတ်အစားတို့ကို သင်းသီးဟု ခေါ်ဆိုသည်။ တဦးတည်းသော လုံ့လဖြင့် ရှာမှီးရသော ပစ္စည်းလည်း သင်းသီးထဲ ထည့်သွင်းသင့်၏[၁]။ သို့ရာတွင် ၎င်းသင်းသီးတို့အနက် အဝတ်အစား တန်ဆာဗလာနှင့် ပတ်သက်သော်—'လင်နှင့်မယား။ သင်းသီးခြား၍။ ဝတ်စားသုံးဆောင်။ ပြုတုံရှောင်လည်း။ စည်းဖြေခွဲဝေ။ ကွာကြဲပေမူ။ စိတ်လေ လက်ထက်ပွါး ဟု ဆိုရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုလျှင် မောင်ရင်ဥ V. မလွန်းအမှု တွင် ''မယားဆင်မြန်းရန် လင်ဝယ် ပေးထားသော လက်ဝတ် လက်စားသည် မယား တန်ဆာဖြစ်သော်လည်း မယား လုံးလုံးမပိုင်''ဟုအဆိုရှိ၏။

အမွေပစ္စည်း။ အမွေ ပစ္စည်းကား လက်ထက်ပွါး ဖြစ်၏[၂]။ အကျယ် အားဖြင့်။ လင်မယားနေစားခိုက်ရသော အမွေကို လက်ထက်ပွါးသကဲ့သို့ဝေဘန်ရမည်ဟူလို—၃း၃။ အမွေဆိုင် သူက ၂ စု။မဆိုင်သူက ၁ စု။ မဆိုင်သူ ၁ စုကိုပင် ဇာရီမှု များတွင်ဝရမ်းတင်နိုင်ကြောင်း စီရင်ထုံး[၃] ရှိသည်။ ''မယား လုပ်သူသည်အိမ်ဟူသမျှတို့၌ အိမ့်ရှင်သဘွယ် ဝတ်တရား အသွယ်သွယ်ကို သည်ပိုးရွက်ဆောင်လေ့ရကား။ မယား မပါက ပစ္စည်း ဥစ္စာ လျော့ကျဘွယ် ရာ ဖြစ် သည် အ လျောက် လင်လက်ရောက် အမွေသည်လည်း မတည် ရှိ စိမ့်သတည်း။ထို့ကြောင့်မယားက ထိုက်သက်ရာ အစုကို ဝင်ဆိုင်သင့်သည်''ဟုအထက်ပါ မောင်ရွှေပုံအမှုတပိုင်း တွင် ဆာဂျွန်ဂျာဒိုင်းသခင် အမိန့် ရှိခဲ့လေသည်။ မယား၏ အမွေ၌လည်းနည်းတူလင်ကဝင်ဆိုင်သင့်သည်။

(၁) ပေါင်းချုပ်။ ၃။ ပုဒ်မ ၂၆၄။ မနုကျယ်။ ၇၊ ၁၁မ ၃။ ဂျာဒိုင်းမှတ်စုပဌမ ၄၅။ ၄၆။ မိမြင့် V. ငထွေး။ အထက်မြန်မာ (၁၉၁၄ ဝ၆) ဒုတိယ ၁၉။
(၂) လောတိုင်း။ ပဌမ ၁၁။
(၃) မငွေပွင့် V. မောင်လွန်းမောင်။ပုံနှိပ်ဖြတ်ထုံး ၂၅၅။
(၄) လောတိုင်း။ဒုတိယ ၁၄၃။
၎င်း။ ပဉ္စမ ၉၈။

အယောက်၌ ဆိုအပ်ခဲ့ပြီးသော ပစ္စည်း ရပ်တို့ကို ဆင်ခြင်လျှင် လင်မယားတို့မှာ။ (၁) တဦးပစ္စည်း၌ တဦးဝင်၍ဆိုင်ပိုင်ခြင်း။ (၂) မိမိအတွက်ကြောင့် ရရှိသော ဥစ္စာ၌ ရသူကအစုပိုမို၍ ဆိုင်ပိုင်ခြင်းသည်ထင်ရှား၏။ ဒုတိယအချက်မှာနိဿယနှင့် နိဿိတဟူသော အခြင်းအရာကိုမှီ၍ဖြစ်သည်။ ဒုတိယပေါင်းချုပ်ပုဒ်မ ၂၅၄ ၌။ နိဿယနှင့်နိဿိတ။

က။ မယားမှီရ။ လင်သာကိုင်းကျွန်း။ ထွန်းလသော့သွင်။ ဖြစ်ခပလျှင်လည်း။ လင်နိဿယ။ နိဿိတမူ။ မိန်းမမှန်ငြား။ ။မယား ကိုပင်။ လင် တည်းမှီခို။ ရေညှိနှင့် ကျွန်း။ ထွန်း လသော့သွင်။ ဖြစ်ပေ လျှင်လည်း။ လင်နိဿိတ။ နိဿယမူ။ မိန်းမယူ။ (ဝါရလက်ာ)

ခ။ အကြင် လင်မယား တို့သည် မယားကသာ ဥစ္စာအများပါ၍ ထိုဥစ္စာနှင့် ရင်းနှီးရောင်းဝယ် ဖြစ်ပွါးသည်မူလည်း ဖြစ်စေ။ မယားအလုပ် အဆောင်အကြီးအစည် အကြောင့်အကြ အလုပ်အကျွေးကိုသာ လင်ခံစား၍ နေထိုင်သည် မူလည်းဖြစ်စေ။ မယားနိဿယ။ လင်နိဿိတ ဖြစ်၏။ (လင်ကလျှင်လည်း ဤနည်းအ တိုင်း။ လင်နိဿယ။ မယားနိဿိတ)။ (မနုဝဏ္ဏနာ)

မြန်မာစကား 'ကျေးဇူးခံ' နှင့် 'ကျေးဇူးစား'ကို ဆိုလိုသည်[၁]။ ဤအခြင်းအရာသည် ပါရင်း။ မင်းပေးနှင့် တယောက်သူ၏လုံ့လဖြင့်ရအပ်သော ဥစ္စာတို့ကို ရည်ညွှန်းကြောင်းအဋ္ဌသခေ်ပဋ်[၂] တွေ့မြင်နိုင်သည်။

ထို့ကြောင့်။ တယောက်ရှာ ဥစ္စာကို (ဝါ-အတ္တနိယ ဥစ္စာကို) နှစ်ပါးစုံ အနေထားလျှင် သင့်လျော် ပါမည်လော။ သို့မဟုတ် သင်းသီးပင် အမှတ်တင်ရမည်လော ဟု စစ်ကြောဘွယ်ရာဖြစ်ပေသည်။ ယေဘုယျအားဖြင့်။ အမွေ အနှစ်မှတပါး လင်မယား နေစားခိုက် ဖြစ်ပွါးသောဥစ္စာဟူသည် ညီတူညီမျှ ပိုင်ဆိုင်မြဲတည်း။ မြန်မာ

(၁) မနုသာရရွှေမျဉ်း။ ပုဒ်မ ၁၃၂။
(၂) ပုဒ်မ ၃၉၁ နှင့် ၃၉၄။

လင်မယားတို့မှာလည်း များသော အားဖြင့် လယ်ယာ ချောင်းမြောင်းစသော လုပ်ငန်းဟောင်းကို ဦးမြောင်း ပွဲထမ်း လုပ်မြဲစတမ်းဖြစ်ရကား။ ဂုသမျှဥစ္စာသည် ထယ် ယာကသာ ဖြစ်ပွါးလာသည်နှင့် ယျော်စွာ နှစ်ပါးစုံနေ ရာ၌ထားကြရှာပေမည်။သို့သော် ဈေးနေဈေးရပ်။ မိန္နော နှင့်ဓာတ်။ ဆေးအတတ်မှစ၍ အစိုးရ အမှု တော် ထမ်း လုပ်ငန်းမျိုးကို သည်ပိုး ထမ်းရွက်ကြသော ပုဂ္ဂိုလ်တို့ဆို လျှင်။ လင်တဦးသာ ပင်ပန်းရှာ၍ မယားလုပ်သူ အ လကားမဟုတ်လော်။ဤအလုပ် သဘောမျှ၌ ကျေးဇူး ခံ ကျေးဇူးစား ထင်ရှားသည်မမည်လော်။တွေးတော ကြည့်လျှင် လင်ဖြစ်သူ မနစ်နာစေသင့်၊ အစုမြင့်ကို ရ သင့်၏။ထိုသို့တပြီးကား။ အိမ့်ရှင်မိန်းမ မသိမ်းဆည်းက ရသည့်ပစ္စည်း အချီးနည်းသာဖြစ်မည် မုချဆိုရပေမည်။ ဤတရား၌ နှစ်ဘက်သဘောကို နှိုးနှောချိန် ဆပြီးကာ လ တရားသဘင် ရုံးမင်းရှင်တို့ ဆင်ခြင်သင့်လှပေသည်။ ၎င်းအချက်ကို ဆင်ခြေ ဘက်ခွဲဘူးသော အမှုတမှု တွင် စီရင်ရန်မလို အပိုဖြစ်ခဲ့ကြောင်း တွေ့ရှိရ၏။

လင်မယားအချင်း နှင့်တရားစွဲဆိုနိုင်ခြင်း

လင်နှင့်မယားသည် ဥစ္စာနေတို့၌ အသာက အသက သီးခြားမျှတ၍၎င်း။ စပ်ပေါင်းစုံတွဲ၍၎င်း။ ပိုင်ဆိုင်ခွင့် ရ ကြသည့်အလျောက်။ တယောက်နှင့်တယောက် တရား စွဲဆိုနိုင်၏။ထို့ကြောင့် မယားပါရင်း အပေါင် သွင်းရ ရှိသောငွေကို စပါးဝယ်ရန် ယောကျ်ားအား ပေးလိုက် ရာ နောင်ခါ ပြန်မဆပ်သော် တရားစွဲအလျော်တောင်း ပိုင်၏။ ဝန်ရှင်တော် အားဝင်းသခင်က ဤအမှုမျိုးကို ဂ တိပဋိညာဉ် ဥပဒေအရဆုံးဖြတ်၏[၁]။ သို့ရာတွင် ဓမ္မသတ် တို့ကပင် ခွင့်ပြုသည်[၂]။ ထို့ပြင်လည်း လင်မယားအိမ် ထောင်တည်စဉ် (ဝါ-မကွာ ရှင်းသေးခင်) တယောက် သူက နှစ်ပါးစုံ လယ်မြေကို သီးသန့် သိမ်းပိုက်လျက်တ

(၁) မောင်ရွှေသမ္မာ ဤဘွဲ့ခံချက်...
(၂) မောင်ရွှေလား V. မညိုနှင့်...
(၃) မမှုန်း V. မောင်ဆိုး အထက်မြန်မာ (၁၉၀၄-၀၆)
(၄) မနုကျယ်း ဆဋ္ဌမ ၄၃။ ဒေါက်နားမျှ။



ဘခင် ဦးရွှေသွင်ရှင်ပုံ။

ဘက်သူကို မထေမဲ့မြင်ပြုလုပ်ခဲ့လျှင် မခံချင်သူက နှစ်ပါး စုံမှုမပျက်ရလေအောင် တွဲဘက် ပိုင်ဆောင်လိုသော တရားတပေါင် ထူထောင်နိုင်သင့်၏။ ဤအမှုမျိုး စီရင်ထုံးများ၌ မတွေ့ဘူးသေး။ သို့သော် စာရေးသူ၏ ခမည်းတော် စွဲဆိုသော မရွှေမိ v. ခန်းကူးတို့ အမှုမှာ ဤနည်းအတိုင်းဖြစ်၏။နောက်၌ အောက်တွင် ဖြန်တရားနှင့် ကြေသွားကြသဖြင့် အမှုဆုံးခန်းမရောက် ဖြစ်လေသည်။တဘက် ရှေ့နေကလည်း ကန့်ကွက်ခြင်းမပြု။ အမှု၏ စွဲချက်သဘောကို အောက်ဇယားကွက်၌ ပြလိုက်သည်[၁]။

ကျိုက္ခမီ ဒိစတြိတ်တရားမ တရား သူကြီးမင်း ရုံးတော်။

၁၉၂၄ ခု။ တရားမကြီးမှုနံပါတ် ၁၆။

မရွှေမိ—တရားလို v. ခန်းကူး—တရားခံ။

ပစ္စည်းတွဲဘက်လက်ရောက်ပေးသို့မဟုတ်တဝက်သီးသန့်
ပိုင်ဆိုင်လိုမှုတန်ဘိုး ၇၀၀ိ။

အထက်ပါတရားလိုလျှောက်ထားပါသည်ဘုရား။

၁။ မုဆိုးမ တရား လိုသည် မုဆိုးဖို တရားခံနှင့် လွန်ခဲ့သော ၈ နှစ်လောက်က ထိမ်းမြားလက်ဆက်လျက်။ အတူတကွ စားသောက် နေထိုင်လာခဲ့သည်။

၂။ လွန်ခဲ့သော ၂ နှစ်လောက်က တရားခံသည် တရားလိုအား အကြောင်းမဲ့ အိမ်မှနှင်ထုတ်လိုက်ပြီးကာလ။ သုံးလလောက်ကြာမှ တရားလိုသည် အိမ်သို့ပြန်တက်ခွင့်ရလျက် ဆက်လက်၍တရားခံနှင့်အတူသုံးလကြာနေရပြန်သည်။

၃။ ထိုနောက်တဘန် တရားခံသည် တရားလိုကို မောင်းချပြန်၍။မဒေကြွယ်ဆိုသူ မိန်းမတဦးအိမ်၌ တလလောက် ပျော်ကြူးနေထိုင်လျက် မဒေကြွယ်သေဆုံးလျှင် မခန်းဆိုသူမိန်းမတယောက်ကို အိမ်ရောက် ခေါင်းချမြောက်တင်ထားပြန်သည်။

၄။ သည့်ပြင်မှတပါး။တရားလိုနှင့် တရားခံသင့်နေခိုက်ရှာထားသော အောက်ပါ နှစ်ပါးစုံပစ္စည်းရပ်တို့ကို တရားခံတဦးတည်း နာမည်သို့ပြောင်းလွှဲ၍ မခွါခွင့်ရက် တရားခံသိမ်းပိုက်လျက်ရှိပေသည်။

(၁) ကွာရှင်းမှုထက်။ဤအမှုမျိုး၏အကျိုးဆက်ကို။ ရှေ့တိုးတက်၍ ကွာရှင်းခက်း၌ကြည့်လေ။

နှစ်ပါးရှုံးပစ္စည်းစာရင်း။

| | | |
|---|---|---|
| (က) | ရွှမ်းကလေးကွင်း လယ်မြေက ၁၃ တရပ်အခွံဘိုးငွေ | ၂၀၀၀။ |
| (ခ) | ရွှေဘဲငါးပြားရေ ၄၀ တရပ် | ၆၀၀။ |
| (ဂ) | ဆင်ခြေပြောင်လေးစီးတရပ် | ၁၇၀၀၀။ |
| (ဃ) | ပရုပိုက်ရွှေရွက်အချိန် ၁ ပိဿာတရပ် | ၅၀၀၀။ |
| (င) | ငွေသားတရပ် | ၆၀၀၀။ |
| | စုစုပေါင်း | ၃၀၆၀၀။ |
| | တရားခံပဌမအိမ်ထောင်က ပါရင်း ငွေသားနှုတ် | ၁၅၀၀၀။ |
| | | ၁၅၆၀၀။ |

၅။ တရားခံ၏မဖြောင့်သဘောနှင့်ပစ္စည်းများကို သိမ်းထားသောအခ ချက်တို့ကြောင့်။ တရားလိုသည်ပစ္စည်းရပ်တို့ကို တရားခံနှင့်တကွ တွဲဘက် လက်ရောက်ဆိုင်ပိုင်ရန်၎င်း။ သို့မဟုတ် တရားလိုဆိုင်ရငက်ကို သီးသန့်ဝေ ဘန်ပေးရန် လျှောက်တောင်းပါသည်။

၆။ လွှန်ခဲ့သောလက။တရားခံသည်မယားသစ်မခန်းကိုလက်ခံသိမ်း ပိုက်ခြင်းတွင်အခင်းဖြစ်ပွါးသည်။

၇။ ရုံးတော်တံဆိပ်နှင့် စီရင်ခွင့်အာဏာ အလို့ငှါ အမှုတန်ဘိုးမှာ ၇၈၀၀ ဖြစ်သည်။

ထိုကြောင့်။ တရားလိုသည် တရားခံနှင့်တွဲဘက်၍အထက် ပစ္စည်းရပ်တို့ကို လက်ရောက် ပိုင်ဆိုင်ရန်၎င်း။ သို့မဟုတ်ပိမိ၏ ရငက်ကိုဝေခြမ်းပေးရန် စရိတ်နှင့်တကွဤရုံးတော်က အမိန့်ချ မှတ်တော်မူရန်လျှောက်ထားအပ်ပါသည်ဘုရား။

မော်လမြိုင်မြို့။

၁၉၂၄—ခု။မေလဆန်း ၁ ရက်နေ့။

(ပုံ) မောင်ရွှေသွင်။ (ပုံ) မရွှေမိ။

တရားလိုရှေ့နေ။ တရားလို။

အထက်ပါ စကားရပ်တို့ မှန်ကန်ပါကြောင်း တရားလို ကျွန်တော်မ ဝန်ခံပါသည်ဘုရား။

မရွှေမိ။

(ပုံ) တရားလို။

ကြွေးမြီ။ ကြွေးမြီ ကစ်ပတ်နှင့် ပတ်သက်သော်ကား။ လင်နှင့် မယားအတူနေစား၍။တဦးသူက ၂ ဦးစလုံး၏အကျိုးငှါ လုပ်ငန်းကို ဆောင် ရွက် သည် ဖြစ် စေ။ ၂ ဦး စလုံးကပင် လုပ်ငန်းကို ချွဲထွင်သည်ဖြစ်စေ။ ထိုလုပ်ငန်းအတွက် တင်

တက်သောကြွေးမြီကိုနှစ်ယောက်စလုံးကဆပ်သင့်၏။စာရေးသူ၏ဘခင်၊တရားမမင်းကြီး ရုံးတော်၌စွဲဆိုသောအမှုတမှုတွင် ''ပွဲစား လင်သည်ဆန်စက်ရှင် သူဌေး တဦးထံမှ စပါးဝယ်ရန် ငွေများကို ထုတ်ယူ၏။ ထိုယောက်ျားစပါးမပေးသွင်းနိုင်သဖြင့် သူဌေးတို့က တရားစွဲသည့် အခါ။ လင်ရော မယားပါလျော်ရရှာ၏''။အယူခံရာတွင် စီရင်သူ ချိကွတ် တရားဝန်ကြီးတို့က ''တရားခံ လင်မယားသည် လယ်ယာစိုက်ပျိုး ကုန်သည် မျိုးရိုးအတိုင်း မကွာတူတွ နေလာကြ ရကား ယူငွေများမှာ ၂ ပါး ပုဂ္ဂိုလ်၏အကျိုးငှါတည်း''ဟု မိန့်မြွက်လျက် အယူခံကို[၁]ပယ်လိုက်၏။ သို့သော်။ ဩဘ်ဒီမန် စာချုပ် များ၌[၂] မယား အတွက်ပါ လင်ကလက်မှတ်ထိုးငြားလည်း မယားတာဝန်မရှိချေ။

တယောက်ပေါ်၌ ကျရှိသော ဒီကရီ ၂ ယောက်ပေါ်မတည်။

အရေးကြီး လှသော အချက်တရပ် ရှိသေးသည်။ တယောက်ပေါ်၌ ကျရှိသော ဒီကရီအတွက် ၂ ယောက်ပိုင် လက်ထက်ပွါးနှင့် နှစ်ပါးစုံ ပစ္စည်းတို့ကို ဝရမ်း ဘမ်းနိုင်မနိုင် ·ဝါ· အမှုစွဲစဉ် အခါကတရားခံ မပါ သူ၏ အစုကို ဝရမ်းဘမ်းခွင့် ပြုထိုက်မပြုထိုက်[၃] မမေ v. မောင်ကြီးအမှုတွင် မစ္စဘာ ဗါးဂျစ်သခင်က ''မြန်မာလင်မယားတို့မှာ စင်စစ်အားဖြင့် ကုန်ဘက်သဘောမျိုး ဖြစ်ရကား။ လင်ပေါ်၌သာကျရှိသောဒီကရီအတွက်လင်ဆိုင် အစုဝက်ကိုသာဝရမ်းဘမ်းပိုင်သည်။မယားပိုင်နက်ကို မထိစွက်သာ။ မယားစုကိုပါဘမ်းဆီးလိုလျှင် အမှုစွဲစဉ်ကမယားကိုတင်သွင်းရာ၏''ဟု အမိန့်ရှိလေသည်။ မသိုင်း v. မောင်သာကြွယ်[၄]အမှု၌ မယားပေါ်၌ကျသော ဒီကရီ အတွက် လင့်ပိုင်နက် ခုဝက်ကိုပါ ဝရမ်းဘမ်းခြင်း ပြုရာ။ မတရားဘမ်းခြင်းရောက်သည်နှင့်လျော်စွာ လင်လုပ်သူမှာလျော်ကြေး

(၁) မောင်စံရာ v. အာရကန် ကုမ္ပဏီ၊ ပဌမ အယူခံမှု နံပါတ် ၆၁။ ၁၉၁၁ ခု၊ နောက်ဆက်တွဲကိုကြည့်။
(၂) လက်ပြောင်းခွင့်ရစာချုပ်စာတမ်းအက်နံပါတ် ၂၆၊၁၈၈၁ ခုနှစ်။ ပုဒ်မ ၂၇။
(၃) အထက်မြန်မာ (၁၈၉၂-၉၆) ဒုတိယ ၄၅။
(၄) အထက်မြန်မာ (၁၉၀၂-၀၃) ဒုတိယ။ဇာသီမှု ၁။

ငွေရခဲ့၏။ မောင်ဖိုးသာ v. မောင်ရှမ်းကြီးအမှုတွင်[1] မယား မပါ လင်ပေါ်၌သာ ကျရှိသော ဒီကရီကို ဘရားနိုင်တို့က လင်မယားနှစ်ယောက်တွက်ချေးသော ငွေဖြစ်သည်ဆို၍ မယားစုကိုပါ ဝရမ်းဘမ်းသည်ကို အယူခံချိကွတ်ခုံစုံညီ တရားဝန်ကြီးတို့က မမေ v. မောင်ကြီးအမှုကို အမှီပြု၍ မဘမ်းထိုက်ကြောင်း ဆုံးဖြတ်လေသည်။ မစိန် v. မွတ္တူးကာရပင်ချစ်တီးအမှု၌[2] နှစ်ပါးစုံမြေကြီးကိုချစ်တီးထံလင်ကပေါင်သည်။ အမှုတွင် မယားကို မတင်။ လင်ပေါ်၌ ချစ်တီးကအပေါင် ဒီကရီရသည်။ လေလံ၌ ချစ်တီးဝယ်လိုက်၏။ မယားက မိမိပိုင်စုဝက်မှာအပေါင်မမြောက်။ ဝယ်ရာ မရောက်ဟုရုံးတော်၌ တရားစွဲဆိုသောအခါအနိုင်ရ၏။

အကြောင်းကား။ အကြောင်းမှုကား။ ကုန်ဘက် စပ်သူ ၂ ဦး အနက် တဦးကိုသာ စွဲခဲ့လျှင် ကျန်တဦးကို လွှတ်လေ သကဲ့သို့ တည်း။ ထို့ပြင်လည်း။ ဒီကရီတို့သဘောမှာ တရားရှုံးတဦးကသာ ပေးချေမြဲ ဖြစ်ရကား။ အပေါင်မှုတို့၌ သာ၍ ထင်ပေါ်သည်။ ချိန်းချက်သည့် ၆ လအတွင်း တရားခံ ပြန်မရွေးလျှင် တရားခံ၏ ပိုင်နက်အစုကိုသာ မောင်းထု၍လေလံတင်ရ၏။ ဝယ်သူသည် တရားရှုံးပိုင်စုမှ ကြွင်းသောပိုင်ဆိုင်ခွင့်ကို မရနိုင်။ ''မယားကို ချန်လှပ်ရန် ဥပဒေက ခွင့်မပြု'' ဟု အထက်မစိန်အမှုတွင် မစ္စတာကူမီး ဆိုထားသည်ကို ထောက်လျှင်လည်း ဥပဒေကို မကျွမ်းကျင်မသိဟူ၍ ဆင်ခြေမဝင်သာ။

ဆန့်ကျင်သော ဒီ ရဂီထုံး။ သို့ရာတွင် ဤသဘော အစဉ်ကို မလိုက်နာသော မတင်မေ v. မောင်မောင်အမှုတွင်[3] အထက် ဆင်ခြေဝင်စေ၍ တမျိုးတမည်စီရင်ခဲ့၏။ ကုမ္ပဏီတဦးသည် ပစ္စည်း အပေါင်ခံ၍ မောင်မောင့်အား ငွေအမြောက် အမြား ချေးငှါးသည်။ ပြန်မဆပ်၍ တရားစွဲသော အခါ မောင်မောင့်ပေါ် အပေါင် ဒီကရီကျ၏။ လေလံတွင် ပစ္စည်းကို

---

(၁) လောဒီပွတ်။ စကော ၁၁သမ ၂၇၈။
(၂) အောက်မြန်မာ။ သတ္တမ ၁၃၅။
(၃) လောတိုင်း။ အဋ္ဌမ ၆၆။

ကုမ္ပဏီကပင် ဝယ်သည်။ မယား မတင်မေက နှစ်ပါးစုံ ပစ္စည်းအနက်မိမိပိုင်ဝက်ကို မထည့်သင့်ကြောင်း တရားစွဲရာ၊အပလပ်ခံရရှာလေ၏။ တရားဝန်ကြီးတို့က''မတင်မေ၏အပြုအမူမှာ လင်ဖြစ်သူ မောင်မောင် တယောက် တည်းပိုင်သည့်အလားကြွေးရှင်များကို ထင်မြင်စေသည် လည်းတတန်။မြေဂရန်၌ မတင်မေအမည် မပါဝင်သည် တမျိုး။ ကြွေးရှင်လူမျိုးခြားတို့ကလည်း မြန်မာဥပဒေကို နားမလည်သည် တချက်။ ဆက်သွယ်သူ ပွဲစားအာဇစ်ကလည်း ကုလားဖြစ်ပြန်။ကုမ္ပဏီကို အဆိုးမဆိုသာ။ အမှု၌ မိန်းမမပါသော်လည်း ကုမ္ပဏီတာဝန်မဟုတ်ဟုငုတ်ဟုတ်ဆုံးဖြတ်ကြလေသည်။သို့ရာတွင် အမှုစီရင်သူတရားဝန်ကြီးတို့မှာမစိန်အမှုကိုမသိရဟန်လက္ခဏာတူသည်။

သို့သော်လည်း။ ဆာတူမီး အမှူးရှိသော တရားဝန်ကြီးစုံညီခုံသဘင်က ဆုံးဖြတ်သော မညွန့်အမှု[1]၌ အောင်မန်သခင်မှတပါး ကျန်တရားဝန်ကြီး အများက မစိန်အမှုကို လိုက်နာလျက်''မိန်းမအသိ–မိန်းမ သဘောနှင့်ပင်လက်ထက်ပွါးပစ္စည်းကို လင်ယောကျ်ားပေါင်လျှင် မိန်းမ၏ အစုကိုပါရလိုမှုတရားစွဲသည့်အခါမယားကိုပါလင်နှင့်ကွဲ၍ စွဲဆိုရမည်။ ချန်ထားခဲ့သည်ရှိသော်ယောကျ်ားပေါ်၌ ရအပ်သော ဒီကရီသည် မယားအစု ပေါ်၌ မတည်''ဟု ကောက်ယူသတ်မှတ်ခဲ့ကြ၏။ထိုကြောင့်မတင်မေထုံးနှင့် မရွှေမေထုံး[2] တို့လုံးလုံး ပျက်ပြီဟုယူမှတ်လေ။ မညွန့် v. မစ် တိ ကျီးရား။

## အချုပ်မှတ်စု။

၁။ လင်နှင့်မယားသည်တယောက်ပစ္စည်း၌တယောက်ဝင်ဆိုင်ပိုင်ခြင်း။
၂။ နိဿယနှင့် နိဿိတ အခြေကြောင့်။ တယောက်သူက တယောက် ထက် ပိုမိုဆိုင်ပိုင်နိုင်ခြင်း။
၃။ လင်ပိုင်စု၊မယားပိုင်စုကို သီးသန့်၍ ဇာရိပြုနိုင်ခြင်း။
၄။ လင်မယားအချင်းချင်းတယောက်ကိုတယောက်တရားစွဲဆိုနိုင်ခြင်း။
၅။ တယောက်ပေါ်ကျ ဒီကရီ ၂ ယောက်ပေါ်မတည်။ (မညွန့် v. မစ်တိကျီးရား)

---

(၁) မညွန့် v. မစ်တိကျီးရား။အောက်မြန်မာ။ ၁၁၁မ ၃၆။
(၂) မရွှေမေ v. ဦး အေး၊ အာသ၊ အမဲးချစ်တီး၊ လောတိုင်း၊ အ၅မ ၉၇၊

## ၈။ လင်မယားပစ္စည်းပြောင်းလွှဲခွင့်။

လင်မယားကောင်းတူဆိုးဘက်။

လင်မယားတို့မှာ တဦးနှင့်တဦး ဆောင်ရွက်ရန် ဝတ်တရားအတန်တန်ရှိသည်သာမက။ ပစ္စည်း ဓန ဥစ္စာ ဌာနတို့၌ မူလည်း ကောင်းတူ ဆိုးဘက် တဝက်စီမျှ၍ ခံစံကြရသေးသည်။ သို့ရာတွင် လင်မယားတို့၏ ဥစ္စာ ပစ္စည်းအခြေသည် သေချာကွင်းကွက် ရှင်းလင်းလျက် မရှိရကား။ စီရင်ထုံး အမြောက်အမြား ထွန်းကားခဲ့လေသည်။ နှစ်ဦးက သဘောတူလျှင် ပစ္စည်းဟူသမျှကို ဆုံးခန်းကျအောင် အနည်းနည်း အဖုံဖုံ သုံးစွဲကုန်စေနိုင်၏။ ဤအချက်ထင်ရှားသော်လည်း အချို့သော စီရင်ထုံးများ၌ သမီးသားတို့ကို မတိုင်ပင် မနှီးနှောဘဲလျက် လင်မယား သဘောသက်သက်ဖြင့် ရောင်းနှင့် ပေါင်နှံ ငှါးလဲ ပေးကမ်းမပြုပိုင်ဟု ဆင်ခြေအဆို ဝင်ခဲ့ကြဘူးသည်ကို တွေ့နိုင်၏။ ဤအယူသဘောမျိုးမှာ မနုကျယ်ကို အကိုးအကားပြု၍ စတင်ဖြစ်ပေါ်လာသည်။ လင်မယားပိုင် ဥစ္စာကို ဟိန္ဒူဥပဒေမှာကဲ့သို့ ကလေးတို့အပါအဝင် တစင်လုံးသော အိမ်သား တစု၏ ပစ္စည်းအလား သဘောထားကြ၏။ မနုကျယ်၌[၁] "တပည့်ဥစ္စာကို ဆရာပိုင်သည်၊ သားသမီး ဥစ္စာကို မိဘပိုင်သည်။မယားဥစ္စာကို လင်ပိုင်သည်၊ ကျွန်ဥစ္စာကို သခင်ပိုင်သည်။ဆရာဥစ္စာကိုတပည့်ပိုင်သည်။မိဘဥစ္စာကို သားသမီးပိုင်သည်၊ လင်ဥစ္စာကို မယားပိုင်သည်။ သခင်ဥစ္စာကို ကျွန်ပိုင်သည်"ဟု ပါရှိလေသည်။ ဤစကား စဉ်ကို မစွတာ မီးရာစ်သခင် သေချာစေ့ငုစွာ စစ်ဆေးခြင်း ပြုခဲ့ရာ "ယုတ္တိသာကေမရှိ။ အမိဝမ်းက ကျွတ်သည်နှင့် တပြိုင်နက် သားသမီးပက်လက်တို့မှာ မိဘရိပ်ရာ ပစ္စည်းဥစ္စာကို ဆိုင်ပိုင်သည်အလား ဖြစ်ငြားအံ့။ မဖြစ်တန်ရာ။ မိဘနှစ်ဖြာ တသက်လျာတွင် သူငါအစသားသမီးအလှတို့က မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်။ အမိအ

(၁) ဆဋ္ဌမတွဲ။ ပုဒ်မ ၄၃။

ဘာသာလျှင်လုံးလုံးပိုင်၏''ဟုမအုံး v. ကိုရွှေအိုးအမှုတွင် စီရင်ဆုံးဖြတ်ခဲ့လေသည်။

ပါရင်းပိုင်ခွင့်။

ပါရင်းပစ္စည်းနှင့် စပ်လျဉ်းသော် လင်နှင့်မယား မည်သို့ပိုင်တော်မူကြသနည်း ? ။ပေါင်းချုပ် ဒုတိယ ပုဒ်မ ၂၅၁ နှင့် ၂၅၂ တို့တွင် ပါရှိသော ဓမ္မသတ်တို့ကို ကြည့်လျှင် ''မိန်းမဥစ္စာကို လင်အစိုးရ၏။ လင် ဥစ္စာကို မိန်းမ အစိုး မရ။ ။မယားဥစ္စာလျှင်လည်း လင်တည်း မသိ မမြင်မူကား မယား အလိုမပေးအပ်''ဟု တွေ့ရှိရ၏။ 'ပုရိသောနာမ သဘာရိယံဓနံ ဣဿရော'သဘောတည်း။ အဓိပ္ပါယ်ကား—ယောက်ျားမည်သည် မယားနှင့်တကွ ဥစ္စာကိုပါ အစိုးပိုင်၏။ သို့သော်ငင်းသဘောကို ရုံးတော်တို့ကလိုက်နာမည် မလိုက်နာမည်ကို ဆင်ခြင်ရလျှင် ယခင်က ဆိုခဲ့သော 'မယား သခင်လင်'ကိုပမာတင်သင့်၏။ဘိုသခင့်သဘောသည် အဟောသိက ဖြစ်ခဲ့လေစွ။ အဘယ့်ကြောင့် ဆိုပေသော် ထိုအခေါ်နှင့်လျော်စွာ။ သင့်တော်လျောက်ပတ်သောမယား ဝတ်တရား တရပ်ဟု ဆိုရငြားသော်လည်း။ စည်းကိုက်အန်ကျသော ဥပဒေသာရကြီးတခုဟု အပြီးမုချမယူသာ။ ထိုမှတချက်။ အဆိုပါ ဓမ္မသတ်တို့အထွက်မှာအကွက်ကျစွာ'ပါရင်းဥစ္စာ'ဟူ၍မလာဘဲ 'လင်မယားဥစ္စာ။မယားဥစ္စာ' စသဖြင့်သာ ညွှန်းခဲ့ရှာသည်။ ဓမ္မသတ်ကျော် တပါး၌သာ 'မယားပါပစ္စည်း 'ဟုလာသည်။မည်သို့ပင်အနက် ပြန်ပြန်ပါထုံးနှင့် သံခေပတို့နှင့် ယှဉ်လျှင် အိမ်ထောင်ကြီးလင်မယားတို့မှာ ကိုယ့်ပါရင်းကို ကိုယ်ထင်သလို ထုခွဲနိုင်ကြောင်းထင်ရှား၏။

ပါထုံး—— အိမ်ထောင်ကြီးချင်း။ ဖြစ်လျှင်းသည်မှာ။ လင်ကပါသည့်။ ဥစ္စာကိုမူ။မည်သူမဆို။ထိုလင်ပေးက။ပိုင်တို့ချ၏။ ။မယားကပါ။ဥစ္စာဖြစ်လျှင်။ လင်မပေးရာ။ မယားသာတည့်။ ပေးပါချေ။ ပိုင်လေထိုက်ငြားမကြားမပန်။ ပြစ်ဒဏ်တို့ကို။ ပေးလိုသော်သာ။ လင်ပေးရာ၏။ သက်သေသူ။ မျောက်မလုအား။ မယားဖြစ်သူ။ ပေးပေမူကား။ ဥစ္စာကိုလျှင်။ ဆွေလင် သိမ်းလေ၇ မကြွင်းတည်း။

(၁) ရွှေးကောက်ဖြတ်ထုံး ၃၇၈။

အနုသံခေပ'—မြေ့ကြက်မအတွက်နေ့နောင်းသူတွေကက်ကို။ ကွက်မှတ့် ပြီးအိမ်ထောင်ကြီးတို့ကလိုသိမ်းပိုင်နိုင်းမပါခဲ့ရင်း ကိုးသောက်ချင်းနှစ်ကိုမပြန်ဆိုဘဲ။ အလိုရှိရာ၊ ပေးခါပိုင်စေ။

၅၂ ရပ်သော မမွှသတ်ထွက် စကားအတိုင်း အိမ်ထောင်ဟိုင်းတို့တွင်လင်ငယ်သယောက်ထပ်မိန်းမကတိတ်တဆိတ်ပုံပိုးသည့်မှတပါး မယားပါရင်းကို မိမိထင်သလိုသုံးစွဲဖြုံးတီးနိုင်လျက် လင်က မည်သို့မျှမကန့်ကွက်နိုင်။

မစန်းရွှေ v. ပူလီ ယပ္ပါး ချစ်တီးအမှုတွင်[၁] ဆာသာကယ်ပိုက် သခင်သည် ''အိမ်ထောင်ကြီးတို့ အချင်းချင်းကိုယ့်ပါရင်း ကိုယ့်သဘော'ဟု ဆိုအပ်သော သံခေပအလာကို စာနာလျှင် အိမ်ထောင်ကလေးစင်သော ငယ်လင်ငယ် မယားတို့မှာ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း''ဟု မိန့်ခဲ့ဘူး၏။ငထွန်းပေါ် v. ငကံ အမှု၌ ''အိမ်ထောင်ကြီးမယားသည် သယောက်လင်ငယ်များကို မပံ့ပိုးသမျှကာလပတ်လုံး မိမိပါရင်းကို လင် အလို မတူဘဲ သုံးစွဲနိုင်သည်''ဟု ဆုံးဖြတ်၏။ သည့်ပြင် တချက်မှာ။ မယားပါရင်းကို လင်က သုံးစွဲနိုင်ရဲ့လား[၂]။သံခေပ ပုဒ်မ ၄၀၅ ၌ ''မယားကြီးဥစ္စာကို မယားငယ်သို့။ မယားငယ် ဥစ္စာကို မယားကြီးသို့ မကူးလူးအပ်။မပေးမပို့အပ်။ ကူးလူးပေးပို့လျှင် ပေးပို့ကူးလူးသမျှကိုဥစ္စာရှင်သို့ပြန်ပေးစေ။ ကူးလူးသူယောက်ျားလည်း မင်းဒဏ်ခံစေ'' ဟု ဆိုထားခြင်းအားဖြင့် လင်သုံးစွဲရာ၌ အခြားတားမြစ်ခြင်းမရှိသင့်။သို့သော်လည်း ''ထိမ်း မြား ပြီးနောက်မှ မယား အမွေရပစ္စည်းကိုပင် တိတ်တဆိတ်လင်က မသုံးစွဲနိုင်''ဟု[၃] ဆုံးဖြတ်ထားသည်ကို ထောက်လျှင် မယားက ပါလာရင်းပစ္စည်းတွင် အဘယ် ဆင်ခြေ ဝင်စရာရှိတော့ အံ့နည်း။ အထက်၌ဘော်ပြခဲ့သော 'မိန်းမကပါ၊ဥစ္စာဖြစ်လျှင်၊လင်

(၁) ပုဒ်မ ၃၄၆။
(၂) လောင်မြှတ်။ ဒသမ ၄၉။
(၃) လောတိုင်း။ စတုတ္ထ ၂၄၄။
(၄) မရွှေ v. မောင်ဝိုက်ကျွန်း။ လောတိုင်း။ ပဥ္စမ ၄၉။

မပေးရာ"'[၁]ဟူသောပါဏ်အထွက်စကားချက်ကိုရေတွက်လျှင်လည်း လင်ယောကျ်ား ဝင်စွက်နိုင်စရာ အကြောင်း မရှိချေ။

နှစ်ပါးစုံ ပစ္စည်းတွင် လင်မယား ၂ ပါး ကျေးဇူးထွန်း နှစ်ပါးစုံပိုင်ခွင့်။
ကားရန်အလို့ငှါ တပါးသူက အသုံးချခဲ့ကြောင်း အခြေခံ ပြနိုင်သော်။ ပေါင်နှံ ရောင်းချခြင်းတို့၌ နှစ်ဦးသော အစုတွက် တည်နိုင်သည်ဟု မသု .[၂] မဘု အမှု၌ ဆုံးဖြတ်၏။ ထို့ကြောင့်တယောက်အရောင်းတွင် ၂ ယောက်သဘော ရောင်းရာတွင်။
သင်ပေါ်လျှင် အရောင်း တည်၏[၃]။ နှစ်ပါးသော အမည်ဖြင့် စီးပွါး ရင်းနှီး လုပ်ကိုင်လာပြီးသည့် နောက်မှ တယောက် သူကသာ ပေါင်နှံ ရောင်းဝယ်ခြင်းပြုလျှင် ၂ ဦး သဘောဖြစ်မဖြစ်ကို သက်သေသာဓက အထိကရ စိစစ်ရာသည်[၄]။ ပေါင်တုံးအခါ နှစ်ဦးစလုံး၏သဘောပါသော်လည်း နောင်ရောင်းသည့် အခါလည်း ၂ ဦး သဘောတူသည်ဟုမယူသာ[၅]။ ရောင်းပြီးနောက်ပင် အရောင်းတွင် မပါသူ တိတ်တဆိတ်နေခြင်းကြောင့်လည်း သဘောတူသည်ဟု မဆိုသင့်[၆]။ ၂ ဦး ကျေးဇူးရှိသော လုပ်ငန်းကို ယောကျ်ားကဆောင်ရွက်လာခဲ့လျှင် မယား အသိပင်ဖြစ်သည်ဟု ဆိုခြင်း၌ လယ်ယာချောင်းမြောင်း မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်းသော အရောင်း အဝယ်တို့ကို ဆိုလိုသည်မဟုတ်[၇]။ ဆင်မြင်းကျွဲနွား ရွှေငွေ ကျောက်သံပတ္တမြားတို့နှင့်သာ (ဝါ—ရွှေ့ပြောင်းနိုင်သော ဥစ္စာတို့နှင့်သာ) သက်ဆိုင်သည်[၈]။ မောင်ထွေး အမှုကို ဆုံးဖြတ်ကြသော တရားဝန်ကြီး တစုတို့က မစ္စတာဗါးကျ်ခ အဆို 'လင်မယား သင့်လိုသမျှကာလပတ်လုံး ယောဘုယျ အား

---

(၁) ဤကျမ်းမှတ်နှာ ၆၄။
(၂) မျှော်ကောက်ဖြတ်ထုံး ၅၇၈။
(၃) မောင်ထွန်းမြတ် v. ရာမန်ချစ်တီး။ ပုံနှိပ်ဖြတ်ထုံး ၃၇။
(၄) ရှုဘာရာမိုးနီးရန်း ချစ်တီး v. မနှင်းရီ၊ ပုံနှိပ်ဖြတ်ထုံး ၅၆၈။
(၅) မောင်ထွေး v. ရာမန်ချစ်တီး၊ အောက်မြန်မာ၊ ပဌမ ၁၁။
(၆) ၎င်း။
(၇) မောင်ထွေးအမှုအထက်၌ကြည့်။
(၈) မောင်အုံးဆင် v. မအိုနက်။ အထက်မြန်မာ (၁၈၉၂-၉၆) ဒုတိယ ၃၀၃။

ဖြင့်မယားသည် လင်ပြုမှုကို သဘောတူသည်ဟု ယူသင့်ကြောင်း' စသော စကားရပ်တို့ကို ပယ်ရှားခဲ့ကြောင်းသိအပ်၏။ သို့ရာတွင် မလုံမ v. မောင်ရွှေဖြူ [၁] အမှု၌ မစ္စတာဗါးကျ်ဳ ကောက်ယူချက် သင့်မြတ်သည်ဟု ဆိုပြန်ရာ အကြောင်းကို စစ်လိုက်သော်။ မစ္စတာ ဗါးကျ်ဳကိုယ်တိုင်ပင်အမှုစီရင်သူ တရားဝန် တပါး ဖြစ်လေသည်။ ထို့ကြောင့် မောင်ထွေးတို့အမှုကိုသာ အတည်ပြုရမည်။ သည့်နောက်မှ ဖြစ်ပွါးသော ဦးဖိုးလုံး v. ဆူလိမ်ဟာဂျီ အမှု တွင် ''မယားနှံသော အပေါင်၌ လင်တာဝန် ခံသော်လည်း။ နောက်ခါ မယားကသာရောင်းမှု ယောကျ်ားသဘောတူသည်ဟု မယူထိုက်ကြောင်း'' မစ္စတာရော်ဘင်ဆံ (ယနုပင်စင်ယူသွားသော ဆာဘွဲ့ခံရော်ဘင် ဆံ) ကောက်ယူဆုံးဖြတ်လေသည်။

ရောင်းခွင့်အခု။ မောင်ဝိုက် v. မောင်ရွှေလူ [၃] တွင် ကော်ပလ်စတန် သခင်က မသုတို့အမှုကို အမှိပြုရုံမက၊ လှပတိုးတက်ဆုံးဖြတ်ချက်ချသည်မှာ ''မယား သဘောမပါလျှင်။ ယောကျ်ားလင်သည်။ မိမိပိုင် အစုခြမ်းကိုပင် ပေးကမ်း ရောင်းပေါင်ခြင်း မပြုပိုင်''။ သို့ရာတွင် နေလပမာ ထွက်ခဲ့လာသော ကင်းဝန်မင်းကြီး ဓမ္မသတ် ပေါင်းချုပ်ပေါ်ပြီးနောက်မှ ဖြစ်ပွါးသော မရွှေဥ v. မကျူအမှု [၄] သည် မင်းညီစုံ သဘင်ခံ ထိရောက်ခဲ့ရာ။ တရားဝန်ကြီးတို့က မသုအမှုကို ထောက်ခံသော်လည်း။ မောင်ဝိုက်အမှုကိုပယ်၏။ လင်ယောကျ်ားသည် မယား မသိလျက် နှစ်ပါးစုံပစ္စည်း အနက် မိမိပိုင်စုဝက်ကို ရောင်း ပိုင်ကြောင်း ဆုံးဖြတ်၏။

ပေါင်ရာတွင်။ ဤနည်းတူစွာပေါင်ရာ၌လည်း မိမိပိုင်နှစ်ပါးစုံ စုဝက်ကို။ လင်ငင်း။ မယားငင်း။ တယောက်တည်းသော သဘောနှင့် ပေါင်နိုင်၏။ ထို့ကြောင့် ''မယားဖြစ်သူက ပေါင်နှံခြင်းပြုလျှင် 'မယားသခင်လင်' ဆိုသောစကား

---

(၁) လောတိုင်း၊ စတုတ္ထ ၁၁၅။
(၂) လောတိုင်း၊ တတိယ ၃၀။
(၃) အောက်မြန်မာ၊ ပဥ္စမ ၁၈၄။
(၄) အောက်မြန်မာ။ တတိယ ၆၆။

ကိုပိုင်၍ဆင်ခြေမဝင်သာ။ လင်မယားတို့မှာ ယခုခေတ်အခါဝယ်ပစ္စည်းကိုချယ်လှယ်ခဏ်းဌ်တန်းတူဖြစ်သည်'' ဟု မစ္စတာရှောမိန့်တော်မူ၏[၁]။ ထိုမှတပါး။ နှစ်ပါးစုံပစ္စည်းအလုံးကိုသိမ်းရုံး၍ မိန်းမကပေါင်လိုက်ရာ လင်ဖြစ်သူသိလျက်နှင့် အချက်မရှာ တိတ်ဆိတ်စွာ နေလျက် မကန့်ကွက်လာလျှင် ၎င်းအပေါင်တွင် လင်သဘော တူသည်ဟုမှတ်ယူရမည်[၂]။ လင်ကပေါင်လျှင် သာလွန်၍မြဲမြဲခိုင်ခံ့သေး၏။ အဘယ်ကြောင့်ဆိုသော်။ ယောကျ်ားစီမံခန့်ခွဲသောလုပ်ငန်းနှင့် မယားဖြစ်သူ သဘောတူလေ့ရှိ၏။ များသောအားဖြင့်။ လင်မယားအတူ စားသောက် နေထိုင်လျက် ၂ ဦးပိုင် လုပ်ငန်း အတွက် ပစ္စည်းတို့ကို လင်က ပေါင်နှံ ထုခွဲခဲ့သည့်ရှိသော် နောင်သောအခါမယားက ကျွန်ုပ်သဘောမပါရဟု ငြင်းဆိုခွင့်မပြုစေရာ[၃]။

နှစ်ပါးစုံမှတပါးလက်ထက်ပွါး ဟူသမျှတို့၌ အပွါးပြုသူက ၂ ပုံ။ကျန်သူက ၁ ပုံပိုင်၏။သို့ရာတွင် တပုံဆိုင်သူ နိဿိတက နှစ်ပုံဆိုင်သူနိဿယမသိဘဲ မိမိ၏အစုယှဲ့ရား[၄] ကိုပေးကမ်း ရောင်းပေါင်ခြင်းမပြုနိုင်[၅]။ ဇာရီမှုများ၌သာ ကြွေးရှင်တို့က ဝရမ်းတင်ဘမ်းနိုင်၏။[၆] လက်ထက်ပွါးနှင့်။

## အချုပ်မှတ်စု။

၁။ လင်မယားတသက်။ နှစ်ပါ စုံပစ္စည်းထက်၌။ တဝက်စီအမျှပြောင်းလွှဲခွင့်ရသည်။

၂။ လင်မယားတသက်။ သားသမီးတို့ဝင်မစွက်နိုင်။

---

(၁) ငစံရာ V. ငစံရှား။ အထက်မြန်မာ (၁၉၀၇) လက်ထက်ပွါး ၁။
(၂) ဦးမိုးလုံး V. ဟာဂျီ။လောတိုင်း။ တတိယ ၃၀။
(၃) မညိုခင်းသွ V. မှုရွာပွါချစ်တီး။ လောတိုင်း။ ဆဌမ ၁၁၃။
(၄) အင်္ဂလိပ်စကား။ အဓိပ္ပါယ်။ ပိုင်ခွင့်အစု။
(၅) မမြို့ V. မောင်ဖိုးကျွန်း။ လောတိုင်း။ပဥ္စမ ၄၉။
(၆) မောင်လို V. မောင်ပြောင်။ လောတိုင်း။ တတိယ ၁၄၉။

## ၉။ လင်မယားကွာရှင်းခြင်း။

**သဘောတူ ကွာခြင်း။**

'အိမ်ထောင်ပြုမှု သဘောတရားသာ' ပြဋ္ဌာန်းသည်ဟု ရှေ့တွင် တွေ့ခဲ့ကြရပြီ။ ယခုအခါ အိမ်ထောင်ဖျက်ရေးဖြစ်သောလင်မယား ကွာရှင်းခြင်းကို ရေးသားရာ၌ 'အိမ်ထောင်အဖျက် သဘောတချက်'ဟု ဆိုရပြန်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာလင်မယားတို့မှာ ဃရာဝါသအိမ်ထောင်အာလျှပြတ်၍ တယောက်နှင့် တယောက်ဆက်စပ်ရန် စိတ်ကုန်ခဲ့သောအခါ နှစ်ဦးသဘောတူ တယောက်တလမ်းခွဲခွါနေနိုင်သော အစွမ်းကြောင့်တည်း။ ၎င်းသဘောတူ ကွာရှင်းခြင်း သည်လည်း မြန်မာပြည်တွင် အလေ့လာဆုံးသော ကွာရှင်းနည်းဟု ဆိုသင့်ပေသည်။ သို့ရာတွင် ဤနည်းအရ လွယ်ကူစွာ ကွာနိုင်ကြသော်လည်း။ လူကြီး မိဘတို့၏ ဩဇာ။ သားငယ်သမီးငယ်တို့၏ မေတ္တာ။ 'အဖြစ်ဟောင်းကို မဖျက်ကောင်း' ဟူသော စေတနာ။ ပစ္စည်းဥစ္စာရေး၌ တွေးတော စရာ။ အဖြာဖြာသော အကြောင်းတို့ကြောင့်။ တယောက်နှင့်တယောက်ကွာရှင်းကြသည်များ အလွန်ပင်နည်းပါး၏။ ကွာလွယ် သော်လည်း အတွဲနည်းပါး သည်မှာ ထိုထိုလင်မယား တို့သည် 'အငိုလွယ်လျက် အရှိုက်ခက်' ဆို

**ကွာ ခြင်း၏ အပြစ်။**

သော ဘာသာမျိုးသို့စောလျက် ကွာရှင်းခါနီး အများကြီး တွေးတောကြကုန်၏။ ကွားခြားခြင်း၏ အကျိုးအပြစ်ကို စစ်ဆေးလျှင်လည်း ကွာပြီးသည့်နောက်တွင် လင်၏လက်ရောက် မယား၏လက်ရောက်ဖြစ်ကုန်သော ကလေးတကျိပ်ကိုးယောက်တို့မှာ တဘက်သတ် အနစ်နာခံကြရရှာသည်။ အဘယ့်ကြောင့်ဆိုသော်။ ထိုကလေးသူငယ်တို့သည် တဘက်သောမိဘ၏အမွေကိုလိုက်ရန် အလွန်အမင်း ကြပ်တည်း ခဲယဉ်းသည်သာမက။ မခဲယဉ်းကလည်း 'နှစ်အိမ်ပြေးလွှားသုနခေါ'[1]အလား'လိမ္မာရေး

---

(၁) ပါဠိစကား—ခွေးတိရစ္ဆာန်။

ခြား နည်းပါးတတ်လှ၏။ မိဘဖြစ်သူ အိမ်ထောင်သစ် ထူပြန်လျှင်လည်း တစိမ်းကြောင်တောင် ဖြစ်သော မိထွေးဘယောင်တို့လက်တွင် အသက်ပင်ရှင်ခဲပေအံ့။ စန့်စန့်နွံနွံ တွေးလျှင် ရွှေဥပမာတင်ခဲ့သော အမှုမျိုး[၁]ကို တိုး၍လိုလားအပ်၏။ ထိုအမှု၌ မယားက ကွာမည်ဆိုလျှင် ကွာနိုင်၏ ။ သို့သော် 'မယားက ကွာမဆို၊ သားတွေကငို'ဆိုသော သီချင်းကဲ့သို့ အပြစ်မကင်းမဲ့ရာ။ ယေဘုယျအားဖြင့် လင်မယားသဘောတူ ကွာကြခြင်း၌ပင် တယောက်နှင့် တယောက် ခတောက်ခစ စိတ်ကောက်ခေတ္တမျှသာ ဖြစ်သည်အလျောက် နောက်များ မကြာမီ ပြန်တည် ကြကုန်၏။ အဆိုပါအမှု ဖြန်ခြင်းဖြင့် လက်စသိမ်းလိုက်သည်ကိုပင် ကြည့်လေ။ သို့ရာတွင် လင်မယားမောင်နှံတို့ အတည်ကွာကြရန် သန္နိဋ္ဌာန် ချလိုက်သည်ရှိသော်မည်သည့် စာတော်စာတမ်း အခမ်းအနားမျှ မလိုတော့ချေ[၂]။

ကွာနည်း။

မြန်မာလင်မယား သဘောတူကွာ ခြားလိုသည့်အခါ လူကြီးသူမတို့ထံ သွားရောက်ပြီးကာလ ကွာရှင်းစာချုပ်ချုပ်ဆိုလေ့ရှိ၏။ အမှန်အားဖြင့် စာချုပ်စာတမ်းမှာ အပိုမျှသာဖြစ်သည်။ နှစ်ယောက်သူအလိုတူလျှင် အလွယ်တကူကွာနိုင်သည်။ အလိုတူကြောင်းသာလျှင် ထင်ရှားရမည်။ ဥပမာဆိုသော်၊ လင်ယောက်ျားသည်မယားမိန်းမအား ကွာလိုသောဆန္ဒကို ပြောကြား ပါသော်လည်း မယားမခင်ထွေးမှာ သဘောမပေးနိုင်သော စိတ်အခြေအနေရှိလျှင် (ဝါ–စိတ်နေ ခြောက်ခြား ရူးသွပ်ဖေါက်ပြားခြင်း ဖြစ်နေခဲ့လျှင်) ကွာရာမရောက်နိုင်[၄]။ ထိုမှတပါး တယောက်နှင့် တယောက် ဒေါသ[၅] အလျောက် စ

(၁) ဤကျွမ်းမျက်နှာ ၅၇။
(၂) မောင်မှဲ v. မစိန်။ အောက်မြန်မာနဝမ ၁၉၁၁။ ဤကျွမ်းမျက်နှာ ၃၈။
(၃) မအမိကြီး v. မောင်မွတ်။ အထက်မြန်မာ (၁၁၉၇–၁၉၀၁) ဒုတိယ ၃၇။
(၄) မိချင်ညို v. မိထွေးမ။ ရွှေးကောက် ၇၄။
(၅) 'ဒေါသ' ဆိုသောပါဌ်မှာ 'အပြစ်' ကိုပေးသည်။ ဤနေရာ၌ 'ကောခ' ထည့်လျှင်သာ၍သင့်သည်။

ကားချင်း ပေါက်ကြ၍ 'ငါမင့်ကို ကွာမည်။ မင်းနှင့် မပေါင်းဘော်လို' စသည်တို့ကို ပြောရုံမျှနှင့် ဤစကားလောက်ကိုအမှီပြု၍ အပြောခံရသူက ကွာထိုက် ကွာနိုင်သည်မဟုတ် ။

တယောက်ကိုတယောက် ကွာလို၍ လူကြီးတို့ရှေ့တွင် တွေ့ဆုံပြီးကာလ ခွဲခွါနေထိုင်ကြလျက်ပစ္စည်းကို လည်းသီးသန့် ပြုကြမှသာလျှင် ကွာခြင်း အင်္ဂါနှင့် ပြည့်စုံနိုင်သည်[၂]။ ထို့ပြင် မှတ်သင့်သော အချက်တရပ်မှာ။လင်မယားကွာရှင်း ပစ္စည်း ခွဲဝေခြင်းတို့ကို စာချုပ်မပါ နှုတ်မြွက်ဖြင့် သက်သာစွာ ပြီးမြောက် နိုင်သော်လည်း။ စာတော်စာတမ်းနှင့် မှတ်တမ်း တင်ပြီးသည့်နောက် စာချုပ် ပျောက်ဆုံး သွားလျှင် အခြား သက်သေခံ တင်ပြခွင့်မရနိုင်[၃]။

ဂြိုဟ်မြေ နာမ်မြေ ကွာနည်း။

မြန်မာတို့မှာ ဗေဒင်ယာယီ နက္ခတ်တို့၌ အားထားယုံကြည် ကြရကား။ မမွှသတ်တို့တွင်မလာ ထူးခြားစွာသော ယတြာကွာနည်း တမျိုးရှိ၏။ ယောကျ်ားသော်ငင်း။ မိန်းမသော်ငင်း။ ကြမ္မာမကောင်း၍ လုပ်ငန်းပျက်ပြား။ မကျန်းမမာဖြစ်လျက်။ဘယမ်းဘတာနှင့် အသဲအသံ နာသည့်အခါ များတွင်။ ဗေဒင်ကြည့်မေးလေ့ရှိရာ။ ဗေဒင်ဆရာက ရောဂါနှင့်တကွဥစ္စာမနေ ပျက်စီးခြင်းတို့ကား ဂြိုဟ်စီးဂြိုဟ်နင်းအခိုက်အတံ့ကြုံကြိုက်ခြင်းကြောင့် ဖြစ်သည်'ဆို၍။ တယောက်နှင့်တယောက် ခေတ္တယာယီ ခွဲခွါနေထိုင်ရန် အကြံဉာဏ် ပေးသောအခါ။ ထိုလင်မယားမှာ ယောဘုယျအားဖြင့်မိမိတို့ဂြိုဟ်စီးလွတ်လပ်သည့် တိုင်အောင်ကွာစာအချုပ်တခုပြုလုပ်ရေးသား၍ ခွဲခွါနေထိုင်တတ်၏။ ဤကွာခြင်း အခြေသာရမှာ ဂြိုဟ်မြေ နာမ်မြေမျှသာဖြစ်သည်အတိုင်းအဟုတ် အဟုတ်ကွာသည်ဟု မယူအပ်ပေ။ တရားသူကြီးတို့ သတိမူအပ်ပေသည်။သို့ရာ

---

(၁) မောင်တင်စော V. မသိန်းမြ။ လောဒီရှုတ်။ ၁၁သမ ၂၅၅။
(၂) မိသက်ရှေ V. ငစံခွန်။ မြို့သခင် ၅၄၈။
(၃) မောင်အောင်သွ V. မရှင်။ လောဒီရှုတ်။ ၃၂သ၅မ ၃၁၇။

တွင် မကျန်းမာသူ သေဆုံးသွားသည်ရှိသော် ၎င်းကိစ္စမျိုးမှာ လူဘကကာမသိမမြင်စေရန် တမင်တကာ (ဝါ–သိပင်သိကာ) သိုဝှက်ဖုံးအုပ်ထားလေ့ရှိသည်နှင့်အညီကျန်ရစ်သူသည် မိမိလက်မှတ်ထိုးထားသော ကွာစာအချုပ်များအတွက် 'ဆွမ်းခံရာငှက်သင့်'လျက် အခက်အခဲကြုံတွေ့ရတတ်လေသည်။[1]

လင်မယား နှစ်ပါးတွင် တဦးကကွာလို၍ တဦးကမကွာလို။ တဘက်သတ်ကွာခြင်းကို ပြုနိုင်–မပြုနိုင် ?။ တဘက်သတ်ကွာခြင်း။

ဤအချက်နှင့်ပတ်သက်၍ ဓမ္မသတ်ကိုကြည့်လျှင် မနုကျယ်၌[2]

''လင်သည်ကွာလို၍ မယားမကွာလို၊ မယားကွာလို၍လင်မကွာလို၍နှစ်ဦးတွင်အပြစ်မရှိ မထင် မမြင်မှန်လျက် ကံမစပ်၍ကွာလိုသော မယားလင်၌ဝေခွာသောဥစ္စာချပ်ကား၊ အပြစ်မရှိကွာလိုသူသည် အရှင်ကကျောင်း ပေးချသနားတော်မူသည်ကို ချန်ထားဦး၊ ကွာလိုသူ၌ ရှိသည့်အဝတ်အစား စုကိုလည်း ထားစေဦး။ ထိုမှ ကြွင်းသမျှသက်ရှိသက်မဲ့ကို ကွာလိုသူမရသာချေ။ ဥစ္စာသက်ရှိ သက်မဲ့မရှိမင်းပေးဘဏ္ဍာ တန်ဆာဖြင့် အဝတ်တန်ဆာတိုးပွါးရှိသှ်င ကွာလိုသူမှာ ဝတ်ရုံမျှသာရစေ။ ကျန်သမျှကို မကွာလိုသူရစေ။ တင်ပြီမှီလျှင်လည်း အဟောင်းအသစ်ကိုပင် ကွာလိုသူကဆပ်စေ။ အဝတ်တန်ဆာ မင်းပေးပြင် ဆင်ယင်သမျှသောကျွန်းဝတ် အထည်ပုဆိုးအင်္ကျီ ခေါင်းပေါင်းထားလွယ် ၎င်းကိုယူစေ၊ မိန်းမမှာလည်း မိန်းမဝတ် ထဘီ တဇက် အင်္ကျီ ခါးကြိုး မိန်းမဝတ်ဖြစ်သည့် ၎င်းနှင့် လက်လိတ် လက်ခဲ၊ ကွမ်းလွန်း ယဉ်သွားနှပ်တို့ကို မိန်းမယူစေ။ ၎င်းတွင် တင်မြီကောင်းဥစ္စာမရှိ မင်းပေးဥစ္စာရှိကြအံ့။ အသိသေးယူစေပြီးလျှင် ကွာလိုသူက အမျိုးအတိုင်းကိုယ်ဘိုးပေးစေ၍ကား နှစ်ဦးအပြစ်မရှိကွာကြရာတွင် စီရင်ရာသောတရားအခင်းတည်း။'' ဟူ၍ပါရှိသည်။ ၎င်းအမှုမျိုးကို ဆုံးဖြတ်ကြရာ၌ အောက်မြန်မာနှင့် အထက်မြန်မာ ၂ ရပ်တွင်သဟဇာတ်မဖြစ်ကွဲလွဲခဲ့ကြ၏။ အောက်ပြည်နှင့် အထက်ပြည်။

အထက်ပြည်မိခင်လပ် ပ. ငဘစိုး[3] အမှုကိုစီရင်သောဝန်ရှင်တော်မင်းကြီးဆာဂျော့ရှောသခင်သည်မိမိကိုယ်တိုင်ကပင် မြန်မာ စာပေတို့၌ များစွာ ကျွမ်းကျင်လျက် ဦးဂေါင်းပေါင်းချုပ်ကျမ်းကြီးကို အမှီတကဲရ၍ ''နှစ်ပါးစုံပစ္စည်း အလုံးအပ်၍ ၎င်းကိုယ်ဘိုး အပ်း၍ ၎င်းလင် နှင့်


(၁) မောင်ဘအို ပ. မောင်စံဘူး။ လောဒီပွတ်။ ပဋ္ဌမ ၁၄။
(၂) ဥါဒ္ဒသမ။ ပုဒ်မ ၄။
(၃) အထက်မြန်မာ (၁၉ဝ၄–ဝ၆) ဒုတိယကွာရှင်းခင်း ၃။

မယား တဘက်သတ် ကွာနိုင်သည်'' ဟု အမိန့်ရှိခဲ့၏။ အောက်ပြည်မှာမူကား ငန္ဒ[၁].မစုမ[၂]ကစ၍ ''တဘက်သတ် မကွာထိုက်ကြောင်း'' အစဉ်တစိုက် ဆုံးဖြတ်ခြင်းခံခဲ့ကြရကား။ ဝတ်လုံတော်ရဦး လဝ် တဘက်၊ ဝတ်လုံတော်ရဦးဘစိုးတဘက်လိုက်ကြသော အမှုတမှု ကျမှ မိခင်လဝ်[၁]. ငဘစိုးတို့၏ထုံးကို မစွတာပရက်သခင် လုံးလုံးလျားလျား အားကိုး အားထားပြုလျက် တဘက်သတ် ကွာမှုကို အထက်ပြည်တု၍ ဆုံးဖြတ်လေသတည်း။သို့ရာတွင် ရန်ကုန်ဟိုက်ကွတ်ကြီးသည် တဘက်သတ် ကံမစပ်ကွာနည်းကို အပြီးအပြတ်ပယ်ဖျက်ခဲ့လေပြီ[၃]။ရှေ့ဆက်ကြည့်ဦး။

ကံမစပ်အဓိပ္ပါယ်။ အထက်နှင့် အောက်ကွဲလွဲရခြင်း၏ အကြောင်းရင်းမှာလည်း မနုကျယ်ပါဠိ 'ကံမစပ်'က မူလအစဖြစ်သည်။ ၎င်းစကားကို အနက်သမ္ဗန်ရာ၌ အချို့သော တရားဝန်ကြီးတို့က 'အကြောင်းမညီညွတ် ခြင်းသဘော' ကိုပေး၏။ အချို့ကပြန် 'နဖူးစာ မရှိ၊ ကံမငြိခြင်း' ဟု အဓိပ္ပါယ်ကောက်၏။ ငန္ဒအမှုကို စီရင်သော တရားဝန်ကြီး တို့က ပါဠိဆရာကြီးဒေါက်တိုဖေါ်ကဲမား ပေးသောအဓိပ္ပါယ်ကိုသဘောကျ၏။

ပါဠိဆရာကြီး ဒေါက်တိုဖေါ်ကဲမား၏အဖွင့်။ ပါဠိဆရာကြီး ပေးသော အဓိပ္ပါယ်ကား[၄]—''ကံမစပ်၍ကွာကြသောအခြင်းအရာ၌ လင်မယား ၂ ပါးတွင် တဦးတယောက်က အပြစ်တခုခု ပြုခဲ့သော် ထိုပြစ်မှု အတွက် တဦးသောသူမှာ သံသရာအဆက်ဆက်တွဲဘက်၍ ခံရမည်ဘေးကို မနှစ်လိုသဖြင့်။၍ဘေးကို ရှောင်ခြင်းသဘောလက္ခဏာရှိပေသည်။အဘယ်ကြောင့်ဆိုသော် တပည့်တော်ယေရှုခရစ်နှင့် မဟာမက်ဘာသာ အယူများမှာကဲ့သို့ ဗုဒ္ဓဘာသာအယူ၌ကယ်ဆယ်နိုင်သူထာဝရဘုရားဟူ၍မရှိ။ ကံသာလျှင် အကြောင်း အကျိုးနှင့် အ

(၁) ရွှေကောက်ဖြတ်ထုံး ၃၉၁။
(၂) မသိန်းမြ v. မောင်လွန်းလှ၊အောက်မြန်မာ၊ကောဒသမ ၃၈၅၊
(၃) မမှ v. မောင်တင်ကောက်၊ရန်ကုန်၊ပဥ္စမ ၇၂၂။
(၄) ဂုဏ်ရိုင်းမှတ်စု၊စတုတ္ထ၊စာမျက်နှာ ၉။



ဘွဲ့ကြီးကြွ ဘိရှင်ပွဲ

ကောင်းအဆိုးကို ဘန်တည်းလေသည်။'' ဤသဘောကို ဖွလ်တင်သခင်သည် မိပါဒ္[၁] မောင်ရွှေဘောက် အမှုတွင်[၂] ယူသော်လည်း မနုကျယ်ပုဒ်'အပြစ်မရှိ' ဆိုသော စကားကိုထောက်ထားသေးသည်။သို့ရာတွင်''မနုကျယ် အပြစ်မှာ လင်မယားအချင်းချင်းလွန်ကျူးသောအပြစ်။ ဒေါက်တိုဆိုလိုသောအပြစ်မှာထိုအိမ်ထောင်ပြစ်တို့မှအ ပဖြစ်သော အခြားပြစ်မှုမျိုး'' ဟူ၍ ခွဲခြားရှောင်ထွက်ခဲ့ လေသည်။အမှန်အားဖြင့်ဤသို့မခွဲခြားထိုက်။မိခင်လပ်အ မှုကိုကြည့်ပြန်လျှင်ရှောသခင်၏အောက်ပါစကားရပ်တို့ ကိုတွေ့ရ၏။

ဖွလ်တင်သခင်၏ သဘော။

''ကံမစပ် ပ'ဒ်ကို အခြားဓမ္မသတ်တို့၌ ရှာမရ။ မနုကျယ်တပါး၌သာလာ သည်။မနုကျယ်၌လည်းတနေရာမှာသာတွေ့၏။ တွေ့သောနေရာ၌လည်း'အ ပြစ်မရှိလျက် တဦးကသာကွာလိုသောအကြောင်းလင်မယားတို့ကို' သီးခြားရည် ရွယ်သည် ကိုထောက်သော် ဒေါက်တော်ဇေါကဲမား၏ အဓိပ္ပါယ်သွားနှင့်အ ဆင်မပြေ။ ပါဠိဆရာကြီး၏ အဖြေသည်ပုဒ်ရင်းအခြေအားဖြင့် မည်မျှပင်သင့် မြတ်သော်လည်း။၎င်းအဖြေမျိုးကိုမနုကျယ်၏ အခြားသောနေရာများ၌သော် ၎င်း၊ ကျန် ဓမ္မသတ်တို့၌ သော်၎င်း မပါမရှိရကား၊ အံ့ဩဘွယ်ရာ ဖြစ်၏။ ဒေါက်တိုအဆိုရှိအပြစ်ပြုသူ၏ခင်ပွန်းဇနီးပါခ်ရှောသော သတ္တဂရုကံ ၇ ပါး' ကိုဆိုလိုသည်။ ဤအဓိပ္ပါယ် အတ္တကို ဓမ္မသတ်တို့ ကရည်ရွယ်ခဲ့လျှင် နေရာ များစွာတွင်တွေ့သင့်လှ၏။ချန်လှပ်ထားမည်မဟုတ်။ထို့ပြင်လည်းမနုကျယ်မှစ ၍အခြားသောဓမ္မသတ်များပါ'အပြစ်မရှိ' ဆိုသောစကားသုံးစွဲခြင်းကိုဆင်ခြင် လျှင်ဂရုကံ ၇ ပါးကိုကျူးလွန်သူအပြစ်မရှိဟုဘယ်နည်းနှင့် ဆိုင်နိုင်အံ့နည်း ?။ ထို့ကြောင့်ပါဠိဆရာကြီး၏ ကံမစပ်မည်သို့ပင် ဟန်ကပ်သော်လည်းမနုကျယ် ၏ ကံမစပ်မှာ သည့်ကလောက် မမြင့်မြတ်ပေ။ မြန်မာစကား အစစ်ဖြစ်သော 'ကံမစပ်' သည်မနုကျယ်၏အသုံးအနှုန်းတွင်တမျိုးတမည်ဖြစ်တန်ရာသည်။''

ရှောသခင်၏ အကောက်။

ပါဠိဆရာကြီးအ ဖွင့်ကိုပယ်သင့်၏။

အမှန်အားဖြင့်။ ဒေါက်တို၏ အယူအဆကျကျနနဖြစ် လျှင်ကံမစပ်ပုဒ်နှင့်တွဲလျက်'လို'ဟူသောစကားအဆက် ( ဝါ–'ကံမစပ်လို' စသဖြင့် ) ပါရှိသင့်သည်။ယခုမှာ ကား။ 'ကံမစပ်'သက်သက်ကိုသာတွေ့ရသဖြင့်ပါဠိဆရာ

---

(၁) ရွှေကောက်မြွတ်ထုံး ၆၀၇။

(၂) (က) မာတုဃာတက = အမိကိုသတ်ခြင်း။ (ခ) ပိတုဃာတက = အဘကိုသတ်ခြင်း။ (ဂ) ပါဏာတိပါတ = အသက်သတ်ခြင်း။ (ဃ) အဒိန္နာဒါန = ခိုးခြင်း။ (င) လောဟိတုပ္ပါဒက = ဘုရားရဟန္တာတို့ကို သွေးထွက်သံယိုပြုခြင်း။ (စ) မိစ္ဆာဒိဋ္ဌိ = မှားသောအယူ။ (ဆ) ကာမေသုမိစ္ဆာ = သူ့မယားသားပြစ်မှားခြင်း။

ပဉ္စာ နန္တရိယ ကံ ငါးပါး လည်း မဟုတ်။ ပါဠိဆရာကြီး ဘယ်က ထုတ်သည်မသိ။

ကြီး အဓိပ္ပါယ်မျိုးသို့ စင်စစ်မရောက်ချေ။ 'တဦးအပြစ်ကြောင့် အခြားသူတဦးကပေါ်ခံရမည်' ဆိုသောသဘောမှာလည်း ဗုဒ္ဓဘာသာတရားနှင့်ဆန့်ကျင်သည်သာမက။ ဤအယူသဘောကို ဘယ်နရောအခါမှ မြန်မာတို့မလေ့လာခဲ့ကြချေ။ထို့ကြောင့် 'ကံမစပ်' ၌ 'ကံ' ပုဒ်ကိုဒေါက်တို၏ အဖွင့်ဖြစ်သော ကောင်းမှု ကုသိုလ်ကံ မကောင်းမှု အကုသိုလ်ကံဟူ၍ ပါဠိထွက်အနက်ကို မယူဟိုက်။ ဝေါဟာရ အလိုက် လူတို့အစဉ်တစိုက်သုံးစွဲသော သာမည အဓိပ္ပါယ်ကိုသာ ကောက်သင့်၏။

တရား ဓမ္မနှင့် မလျော်။

ဥပမာ—လူ တယောက် ထီပေါက်၏။ ကံကောင်းသည်ဟုဆိုသည်။ ထိုသူ့လုပ်ငန်းပျက်စီး၏။ ကံမကောင်းဟုဆိုသည်။ပါဠိ၏အနက်ကွယ်ပျက်ခဲ့လေပြီ။ဤသဘောထုံးစံကိုသာ မနုကျယ်၌သုံးဟန်တူသည်။ ကံမစပ်ဆိုရာ၌ 'တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး' (ဝါ—သမဏောနသမဏော၊ဂေါဏောန ဂေါဏော) ဟူသောနမူနာကဲ့သို့ကံမကောင်းသောလူသည် အခြားသူတထူးအားနွယ်ဖဲ့ရိုက် ပျက်ပြား တတ်စေသည်။ ထို့ကြောင့် ပုဂ္ဂိုလ်တယောက် သည် အိမ် ထောင် ကျပြီး သည် နောက် အကြောင်းမရှိ။ ရောဂါစွဲငြိခြင်းငှင်း။ လုပ်ငန်း ဆောင်တာဗလချာကျခြင်းငှင်း။စိတ်လက် မသက်သာ နေရခြင်းငှင်းဖြစ်ခဲ့သည်ရှိသော်။ မိမိအဖေါ်၌ အပြစ်ဒေါသ ကိုနေရာတကျမပြနိုင်ငြားလည်း ခွဲခြားနေထိုင် လိုသော စိတ်ဆန္ဒများမေါ်ပေါက်လာ၏။ များစွာသောအိမ်ထောင်တို့မှာလည်း သားသမီးအလို မပါမိဘဆွေဥာတို၏သဘောအလိုက်သာ ဖြစ်လေ့ ရှိသောကြောင့်။ ဤစိတ် ဆန္ဒမျိုးဖြစ်ထွန်း တတ်ရကား ထိမ်းမြားပြီးမှ မေတ္တာမျှ ကြဘို့ရာမလွယ်ကူလှ။ငြားပြီးမကြာမီအတွင်းကာမပိုင်အရာမှကင်းရှင်းရန် အားထုတ် တတ်ကြလေသည်။ တဦးသူကမငြင်းဆန်ဘဲ ကွာခဲ့လျှင် ချမ်းသာ၏။ သို့မဟုတ်။ ကွာလိုသူ

ဖြေရှင်းချက်။

(၁) 'ဒေါသ' ကို ဤနေရာ၌ အသုံးသင့်မြတ်၏။ စာမျက်နှာ ၅၆ ရှိ 'ဒေါသ နှင့်နှိုင်းယှဉ်ကြည့်။

မောင်ရင် ကံမစပ် မထူထောင်နိုင်လျှင် တပူပူတလောင်လောင်သော သူ့ခများဖြစ်ရရှာပေမည်။ သို့ရာတွင်။ ဤတဘက်သတ် ကွာနည်းကို မြန်မာပြည်ကြီး ကမလေ့လာရကား၊ ထုံးစံအစဉ်ကို ဆင်ခြင်လျက် ''လင်နှင့်မယားအပြစ်မရှိကကံမစပ်ကို ရိုးမယ်ဘွဲ့၍ အိမ်ထောင်ဆက်မပယ်ဖျက်သာ''ဟု မစ္စတာဟီးလ်နှင့် လင်တိမ်းသခင်တို့ ရန်ကုန်ဟိုက်ကွတ်ကွင်တည်ထွင်ခဲ့လေသည်။ (မမှုံ v. မောင်တင်ကောက်[၁])။ ဤစီရင်ချက်ကိုအထူးဂရုစိုက်၍ ဘတ်ကြည့်သင့်၏။

သို့ရာတွင် မသိန်းမြ v. မောင်ထွန်းလှ[၂] အမှုကိုဆုံးဖြတ်သော ပရက်သခင်သည် ဤမမှုံတို့ စီရင်ထုံးကို သဘောလုံးလုံးမကျဟု ဤကျမ်းဦးအချပ်ပိုတွင်[၃] ဆိုခဲ့ဘူးပြီ။ ထို့ကြောင့် မရွှေ v. မောင်မြတ်ပေါ်အမှု ပရက်သခင်လက်ဝယ်သို့ ရောက်လာသောအခါ မင်းလေးပါး စုံညီခုံအစီရင်သို့ အဆိုစောဒက တင်သွင်းခြင်းပြုလေ၏။ အဆိုစောဒကဖြင့် (မကြာမှီက တရားဝန်ကြီးချုပ် အခန့် ခံရသော) မစ္စတာရတ္တလက် သခင်၏ အထောက် အပံ့ကို ရခဲ့၏။

ပရက်သခင်၏အဆို။ ''လင်တိမ်းသခင်သည်ကံမစပ်နှင့်ပို့ဟိမ်ပြေနာမ်ပြေတို့ကို ယှဉ်ပြခဲ့သည်၊ အံမကိုက်။ ဆာကျော့ရှော၏အယူအဆ[၄]ကိုပယ်သည်။ မပယ်ထိုက်။ မစ္စတာဗားကျွစ်နောက်သို့ပင် လိုက်သင့်၏။ ။ဦးသာကြွယ်ထင်မြင်ချက်တို့ကလည်း[၆]တဘက်သတ် ကွာခွင့်ကို လိုလားသည်။ သေချာစွာစစ်လိုက်သော် လင်တိမ်းသခင်၏ အာဘော်ရင်းမှာ—'နှစ်ပေါင်း ၃၀ ကျော်အတွင်း ဘောက်မြန်မာပြည်တွင် ထင်ပေါ်လာသော ဥပဒေအချက်ကို မဖျက်သာ ဆိုလိုသည်။ ။မှားနေသောဥပဒေသကို ဟိုက်ကွတ်ကအဘယ့်ကြောင့် လက်ခံမစရမည်နည်း ?ဟိုက်ကွတ် တာဝန်မှာ ဥပဒေသဘောကိုစစ်ကြော၍ သရုပ်ဘော်ရုံသာဖြစ်သည်။ ဥပဒေကို မပြုပြင်ထိုက်။ ပြုပြင်ရန်ဝတ်တရားမရှိ။

(၁) ရန်ကုန်စီရင်ထုံး။ ပဋ္ဌမ ၂၂၄။
(၂) ဤကျမ်းနှုက်နှာ ၇၂။
(၃) စာမျက်နှာ ၁၆ အနောက်။
(၄) ရန်ကုန်ဂေဇက်သတင်း။ ၁၉၂၅ ခု ဇွန်လ ၈ ရက်နေ့။
(၅) မိခင်လပ် v. ဘောဖိုးအထက်မြန်မာ (၁၉၀၄–၀၆) ကွာရှင်းခေါ်း ၃။
(၆) ဦးသာကြွယ်၏ကျမ်း (ကောင်းဖလစ်) စာမျက်နှာ ၉၈-၁၁၄။

ဟီးလ်သခင် ပမာတင်သော မေ့သတ်တို့၏ ပညတ်ချက်များမှာ ကျမ်းပြုဆရာတို့ အာဘော် မျှသာဖြစ်သည့်ပြင် အချက်ကျသော ဥပဒေသ မဟုတ်ဟု ဆာရော့ရော့ ကလည်း ဆိုခဲ့ပြီ။ ဦးသာကြွယ်ကလည်း ထောက်ခံသည်။ ဟီးလ်သခင်၏ စီရင်ချက်သဘောရင်းမှာ—"နှစ်ပေါင်းများစွာ ပဆုံးသွားကြီး လုပ်ခဲ့သော်လည်း၊ အပြစ်မရှိကြ နည်းမျိုးကို မတွေ့ခဲ့ရ" ဟုဆိုလိုသည်။ သို့ရာတွင်အကျွန်ုပ်သည် ဟီးလ်သခင်ထက် အများအမ်းရှင်သည့်ပြင် ဟီးလ်သခင်အတွေ့နှင့်မတူ။ ကံမစပ်ထူသောကွာမှုတို့ကို တွေ့ခဲ့ဘူးသည်။ အတွေ့နည်းသော်လည်းကွာနည်းပြတ်စဲသည်မဟုတ်။ သဘောကြီးကြသောမြန်မာလူမျိုးတို့မှာ တဘက်သတ်ကွာလိုသည် ရှိသော်ပေ်ရှာပေါ်ရှိ လူကြီးလူကောင်းတို့သို့ ချဉ်းကပ်လျှောက်ရှိသည်၊ မေ့သတ်တို့ အဆိုရှိသောကိုယ်ဘိုးတရားကျယ်ဆွောက်သွားပြီဟုဆိုခြင်းသည်မမှန်။ မနုကျယ်ဥ်များစွာသော နေရာတွင် တဘက်သတ်ကွာနည်းကိုခွင့်ပြုရာ တခုတည်းသောနေရာ၌သာပါသော ကံမစပ်စကားကိုများစွာရမပြုသာ။ အခြားမေ့သက်တို့ကပါ တဘက်သတ်ကွာနိုင်ကြောင်းကို ဆိုထားသည်။ ထို့ကြောင့်မမွှီ ဗ. မောင်တင်ထောက်ထုံးကိုအကျွန်ုပ်လုံးလုံးမဝင်ဆန့်နိုင်သဖြင့် တရားဝန်ကြီးချုပ်ထံသို့ သဘင်စုံအရုံးနှင့် စီရင်ဆုံးဖြတ်ပေးရန် စောဒကတင်သွင်းသည်။"

ရတ္တလက်သခင်၏အဆို။ "တဘက်သတ် ကွာချက်သည် ဗုဒ္ဓဘာသာဥပဒေနှင့် သာမညပက်သက်လျှင်မမှုတို့ထုံးကိုသာ အကျွန်ုပ်လိုက်နာတော့မည်။ သို့သော်၎င်းအချက်သည် မြန်မာတို့၏အိမ်ထောင် အစဉ်အဆက်နှင့်းတ်သက်နေသဖြင့် လည်းကောင်း၊နှစ်ပေါင်း ၇၀ လွန်ခွာကဗုဂ္ဂိုလ်မှန်တို့၏ အယူအဆကွဲလွဲလာကြသဖြင့်လည်းတတန်၊လက်စသတ်စီရင်လိုက်ရန်အမှန်သင့်လျော်သည်။ ပရက်သခင်၏ အယူအဆကို ကျွန်ုပ်သဘောကျ၏။ မနုကျယ်ကအထင်အရှား ဆိုထားသောကိုယ်ဘိုး ပေကျွတရားကိုလိုက်နာသင့်သည်။ အခြားသောမေ့သတ်တို့ကလည်း ထောက်ခံသည်။ဆာရော့ရော၏ဒိဋ္ဌချက်တို့မှာလည်း၊ အလွန်နက်နဲသည်။ဦးသာကြွယ်ကလည်း ထောက်ခံသည်။ မြန်မာတို့အိမ်ထောင်ခ၏းသည် ယခုအခါ ယခင်ကထက် ကြပ်တည်းသည် ဆိုသောအယူသည်မမှန်။ တဘက်သတ်ကွာမှုများရုံးသို့မရောက်သည်မှာလည်း ရပ်ရွာလူကြီးတို့ ဖြန်ဖြေပေးသောကြောင့်တည်း။ အဆုံးစကားမှာ မမှုတို့ထုံးကိုသုံးသပ်ရလျှင်အဖြစ်ကြပ်မည်မှုချ။ ကိုယ်ဘိုးကိုနေဘွက်ရန်ခဲယဉ်းမည်ဟုဆိုခြင်းသည်လည်း များစွာယုတ္တိမရှိ၊ ထိုကြောင့်မင်းလေးပေါ်းစုံညီခုံသဘင်ကစီရင်သောအခါ တဘက်သတ်ကွာခြင်းမှုတပါး ကွာရန်ပြင်းပယ်သော မယားလင်အား ရုံးတော်တို့ကလျော်ကြေးကိုပေးနိုင်ပမလားဟု စဉ်းစားကြစေချင်သည်။"

သို့ရာတွင် ဤစောဒကဝင်ချက်ကို ဆက်လက်၍မစစ်ဆေးဖြစ်ရကား။ မရွှေအမည်ပါ တရားလိုမယားမှာအယူခံအတွင်း သေခြင်းသဘောတရားသို့ ရွှေလျောသွားသောကြောင့်တည်း။

လင်မယား အပြစ်ထင်မြင်ကြလျှင် ကွာနိုင်ကြောင်း ကား ဓိရင်ထုံးအမြောက်အမြားရှိ၏။ အပြစ် ကြောင့် ကွာခြင်း။

၎င်းအိမ်ထောင်ပြစ်အချို့တို့မှာ—

(၁) မယားငယ်လင်ငယ်သယောက်မျှောက်မထားခြင်း။
(၂) နှုတ်ပုလက်ကြမ်းညှဉ်းပန်းနှိပ်စက်ခြင်း။
(၃) ရှန့်ပစ်ခွါရှောင်ခြင်း။

၁။ ပဌမအပြစ်မျိုးနှင့် စပ်လျဉ်း၍ဆိုလျှင် လင်ငယ် သယောက် ထားသောမိန်းမကို လင်ဖြစ်သူကဘယ်အခါ မဆို စွန့်ပစ်နိုင်ကြောင်းကို အထူးထုတ်ဖော် ရေးသား ဘို့မလိုချေ။ ဤမိန်းမတို့မှာ လင်ကပင် မကွာလိုမူလည်း ပစ္စည်းယူခဏ်း၌တပြားတခြမ်းမျှ မရထိုက်ကြောင်းကိုအ တိအလင်း စီရင်ထုံးတို့တွင် ဆုံးဖြတ်လျက်ရှိ၏[၁]။ သစ္စာ ကင်းမဲ့သော ထိုမိန်းမမျိုးသည် မြန်မာဘုရင်တို့ လက် ထက်တော်တွင် ရာဇဝတ်ပြစ်ဒဏ်ပင်ခံရသေး၏။ ယခုအ ခါလည်း ရာဇသတ်ဥပဒေနှင့်မလွတ်သာ။ လင်ငယ် မယား ငယ်ယူခြင်းအပြစ်။

ယောက်ျားတို့မှာမူကား ဒါရိုအကျင့်ကို လုံးလုံးမစွန့် သေးသော မြန်မာနိုင်ငံ၌ မယားငယ် ယူသော်လည်း အ ပြစ်ဟူ၍မဆိုလောက်၊ သို့ရာတွင်ဤအယူကိုသဘောမကျ သော ဟတ္တနောလ်သခင်သည် မခါဉ v. ဖိုးစော တို့အမှု တွင်[၂] မယားငယ်ယူသော ယောက်ျားသည် လေးလံကြီး မားသောအပြစ်ကို ကျူးလွန်သည်မည်၏ဟု အဆိုရှိခဲ့၏။ ဤသို့ပြောလည်း လင်မယားကွာနိုင်လောက်သောအပြစ် ဟုတ်မဟုတ်မဆို။ မအိမ် v. တေနောင်အမှု[၃] ကျသောအ ခါ တရားဝန်ကြီးပါးလက်သခင်သည် ဦးဂေါင်းပေါင်း ချုပ်ကို သေချာစွာ စီစစ်လျက်''လင်ယောက်ျားသည်မ ယားငယ်နှင့် ဆက်သွယ်ပြောလည်း မယားကြီးလုပ်သူက မကွာနိုင်'' ဟုဆုံးဖြတ်လေ၏။ သို့ရာတွင် ဤစီရင်ထုံးကို မောင်မွဲ v. မစိန်အမှု[၄] ကပယ်ခဲ့၍ မစ္စတာတူမီး အမှုးရှိ

---

(၁) မောင်တုတ် v. မခင်၊ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၁၁၆။
(၂) အောက်မြန်မာ၊ စတုတ္ထ ၃၄၀။
(၃) အောက်မြန်မာ၊ ပဥ္စမ ၈၇။
(၄) အောက်မြန်မာ၊ နဝမ ၁၉၁။ (လောတိုင်း၊ ကောဒသမ ၂၃၆)

သော ခုံစုံညီသဘင်က ''မယားကြီး သဘောမတူဘဲ မယားငယ်ယူသော လင်ယောကျ်ားကို မယားကြီးကကွာနိုင်သည်''ဟု ကောက်ယူဆုံးဖြတ်လေသည်။

ညှဥ်းပန်းခြင်း။ ၂။ နှုတ်ပူလက်ကြမ်း ညှဥ်းပန်းခြင်းကား ယေဘုယျအားဖြင့် ယောကျ်ားဘို့နှင့်သာ သက်ဆိုင်လေသည်။ မယားသခင်ဖြစ်သော 'ဓမ္မသတ် လင်'သည်မိမိ၏မယားကိုကြိမ်လုံး၊ဝါးခြမ်းပြား၊ ကုတ်ငယ်များဖြင့် ရိုက်ပုတ်နိုင်သော်လည်း ဤစည်းကမ်း မျိုးကို ရုံးတော်က ခွင့်မပြုကြောင်း ထင်ရှား၏[၁]။ ၎င်းပြစ်မှုနှင့် ပတ်သက်၍ ပေါင်းချုပ်ကျမ်း တွင် ''မယားလင်သည်။ မရှင်မေဗွာ။ နှောင့်၍သာလျှင်။ တခါတရံ။ လောကဓံကြောင့်။ မောင်နှံနှစ်ပါး။ အချင်းများ၍။ မယားကမူ။ လင်ဖြစ်သူသည်။ နှုတ်ပူလက်ကြမ်း။ ညှဥ်းပန်းသောထွေ။ ထားဆင် ခြေနှင့်။ ဆိုထွေ စိတ်မာန်။ စွဲဆို ဟန်ကို။ ဦးဆံ ပိုင်ငြား။ လင်ယောကျ်ားက။ မယားစွဲချက်။ စကားထွက်ကို၊ ကွယ်ပျက်တုံငြား။ မယားပြစေ။ သက်သေ သော်ကား။ ဆဲသည်ကြား၏။ သတ်ငြားမမြင်။ထွက်ဆိုလျှင်လည်း။ ကိုယ်တွင်အမာ။ ဒဏ်ရာရှိက။ ပူရိသကို။ တရားတန်းဆာ။ ခံစေပါလော့။ နောက်ခါထို့တူ။ ကျင့်ချေမူကား။ မယားလင်တွင်။ မြီလျှင် တင်လည်း။ အစင်ခံစေ။ ပိုင်ယွေဥစ္စာ။ စုခဲ့ပါ၍။ ခါးမှာဝတ်စည်း။ တထည်တည်းနှင့်။ ကိုယ်ချည်းဆင်းသွား။မယားအရာ။လင်အရာက။ကင်းကွာရမည်'' စသဖြင့်ရှိ၏။ စီရင်ထုံးတို့ကိုကြည့်ဦးအံ့။

မိပါဒူ[၂].မောင်ရွှေဘောက်အမှုတွင်[၃]လင်သည်မယားကို တကြိမ်မျှသာ ရိုက်မိ၏။ ကွာရန် အချေ မရခဲ့ရကား တရားဝန်ဖွလ်တင်သခင်က 'သေးဖွဲသော ရန်ခိုက်ငယ်တို့ကိုကွာနိုင်လောက်သောအပြစ်ကြီးဟုမယူသင့်ကြောင်း'

---

(၁) ဤကျွန်းရှုက်နှာ ၄၆။
(၂) ပု၆မ ၃၀၃။
(၃) ရွှေကောက်ဖြတ်ထုံး ၆၀၇။

မိန့်ဆို၏။ မကြမ်း v. စုဝအမှုတွင်[၁] မစ္စတာ ဘားဂျစ်သခင်သည် ဓမ္မသတ်အစောင်စောင်ကို စစ်ဆေးပြီးလျှင် "တကြိမ်တခါ အရိုက်ခံရသောမယားသည် လင်ကိုခွင့်မလွှတ်က ကွာမည်ဆိုလျှင် ကွာပိုင်သည်။ သို့ရာတွင် နှစ်ပါးစုံ ပစ္စည်းတဝက်ကိုသာ ရထိုက်သည်၊ ပဌမ အကြိမ်၌ ခွင့်လွှတ်သည်းညည်းခံ၍ နောက်တဘန် ညည်းပန်း ပြန်လျှင် ပစ္စည်းအလုံးကို သိမ်းရုံး၍ ကွာခွင့်ရသင့်သည်"ဟုအဆိုရှိ၏။ မအိမ် v. တေနောင်အမှု၌[၂] တခါရိုက်ရုံမျှနှင့် မကွာနိုင်ဟု ဆိုထား ငြားသော်လည်း၊ မစ္စတာ တူမီး သခင်သည် မကြမ်းထုံးကိုလိုက်နာလျက် ဖိုးဟန် v. မတလုပ်[၃] ကိုစီရင်၏။ သို့ရာတွင် ခမောင်ကျော်ရုံ v. မညိုဦး အမှု[၄]ကျရောက်သောအခါ ပါးလက်သခင်သည် "မိပါဒူထုံးမှာ ယခုခေတ်သမယနှင့် သင့်လျော်သည်"ဟု စီရင်ဆုံးဖြတ်ပြန်သည်။

အထက်ပါအမှုတို့ကို ဆုံးဖြတ်ကြသောတရားဝန်ကြီးအသီးသီးတို့မှာ အချက်ကောင်းတခုကိုချန်လှပ်ခဲ့ကြကုန်၏။ အချက်ကား—အမှုသည် (သယ်) တို့၏ အခြေအနေကိုထောက်ထားရာသည်။ ဥပမာ။ အထက်တန်းကျသော စစ်ကဲ ဝန်ထောက်နှင့် သူဌေး သူကြွယ်တို့ လက်ဝယ်၌ သတ်ပုတ်ညှဉ်းပန်းသောကိစ္စသည် ဝန်လေးသော ပြစ်မှုကြီးတခုဟု ဆိုနိုင်သော်လည်း သူဆင်းရဲ ထုံးတန်း ပခုံးထမ်းကူလီလယ်လုပ်မည်သည့်တို့တွင် မိန်းမကပင် လင်ဖြစ်သူကို လက်တုံ့ပြန်တတ်သေးသည်။ ထိုကြောင့်သေးငယ်သောလက်လွန်မှုတို့ကို ကွာနိုင်သောအင်္ဂါသို့မသွင်းသင့်။ ဓမ္မသတ်စဉ်လာ အမှတ်ထင်ရှားသောညှဉ်းပန်းခြင်း၏ အခြင်းအရာကို ရောက်အောင် လည်း မစည်းကြပ်ထိုက်။ ရိုက်ပုတ် သတ်ခတ်သူ လင်ယောကျာ်းမှာ ကြမ်း

(၁) ထက်မြန်မာ (၁၈၉၇–၁၉၀၁) ဒုတိယ ၂၈။
(၂) အောက်မြန်မာ။ ပဥ္စမ ၈၇။
(၃) အောက်မြန်မာ။ သတ္တမ ၇၉။
(၄) လောတိုင်း။ သတ္တမ ၁၆။

တမ်းဖေါက် ပြားသော အကျင့်စရိုက် ရှိလျှင်သာ ညှဉ်းပန်းခြင်းအင်္ဂါအလိုမြောက်၍ မယားအား သက်သာခွင့် ရုံးတော်ကပေးသင့်၏။

မတရားစွတ်စွဲခြင်း။ ညှဉ်းပန်းသည့် အချက်ကို ဆက်လက်၍ ဆိုရလျှင်။ ကိုယ်ထိလက်ရောက် နှုတ်ပူလက်ကြမ်း ညှဉ်းပန်းခြင်း အပြင် ဥပဒေဝင်သောညှဉ်းပန်းခြင်းတသွယ်ရှိသေး၏။ ဥပမာ။ လင်ဖြစ်သူက မယားကိုအခြားယောက်ျားတဦးနှင့် စွတ်စွဲ၏။ ဤသို့ စွတ်စွဲခံရသောမိန်းမသည် ကွာရှင်းရန် အခြေခံရခဲ့ကြောင်း မောင်ဖိုးအောင် ᵥ. မညိမ်းအမှု[၁]တွင် စီရင်၏။

စွန့်ပစ်ခြင်း။ စွန့်ပစ်ရှောင်ခွါသော အပြစ်ကြောင့် လင်မယားကွာရာသောတရားကို မနုကျယ်တွင်[၂]ပြ၏။ "အကြင် လင်မယားအဘူတကွနေရာ မယားကိုလင်မလိုဟု ဆင်းသွား၍ သုံးနှစ်ပတ်လုံး ဟင်းရွက် တရွက် ထင်းတချောင်းမျှမ ပေးကြလေ၏။ သုံးနှစ်စေ့လျှင် နှစ်ယောက်လုံး မယားလင်အခြားနေပိုင်ကြစေ။ လင်ကို မယား မနှစ်သက်၍အတူနေရာကဆင်းသွား၍ တနှစ်ပတ်လုံး ဟင်းရွက်တရွက် ထင်းတချောင်းမျှ မပေးမနေ၏။ နှစ်ဦးမယား လင်နေပိုင်ကြစေ၊ ငါ့လင် ငါ့မယားမဆိုသာ။ ကွာပိုင်နေပိုင်စေ။"

လိုရင်းအချက်မှာ ဆင်းသွားစဉ်အခါက သဘောကို ဂရုပြုရမည်။ မနှစ်သက် မစုံမက်၍ ဆင်းသွားမှသာလျှင် ကျန်ရစ်သူကကွာပိုင်သည်။ ဆင်းသွားသောမယားအား

မယားဆင်းသွားလျှင်။ ဟင်းတရွက် ထင်းတချောင်းကိုမျှ လင်ဖြစ်သူက တနှစ် ကျော်ကျော် မပေး နေခဲ့သော် လင်၌ ကွာလိုသော သဘောဆန္ဒရှိသည်ဟု ယူဆရငြားသော်လည်း မုချကေန် အမှန်ကွာလိုသည်ဟု မဆိုသင့်သေးချေ။ ထိုကြောင့် ဤအခြေမျိုးကိုမှီ၍။ မိမိသဘောအတိုင်း ဆင်းသွားသော မယားက လင်ကိုကွာလိုကြောင်း စွဲဆိုသော မသင်း ᵥ.

(၁) လောဝီပွတ်၊ ဒသမ ၁၃၂။
(၂) မဥမတွဲ၊ ပုဒ်မ ၁၇။ မျက်နှာ ၁၄၁။

မောင်ကျော်ရအမှုတွင်[၁] ဝန်ရှင်တော် ကော်ပလ်စတန်သည် မနုကျယ် အလိုအားဖြင့် ကွာနိုင်ပုံ လက္ခဏာရှိသော်လည်း။ ကျွန်ုပ်ဤသို့ အဓိပ္ပါယ် မကောက်လို။ မနုကျယ်ပုဒ်၏ ခေါင်းစဉ်၌ လင်မယားမနှစ်သက်၍ကင်းရာသောတရား' ဆိုသောစကားကို ထောက်လျှင် ဤအမှုတွင်လင်သည် မေတ္တာကင်းမဲ့လေပြီဟူ၍ မယူနိုင်'' ဆို၍အမှုကို ပလပ်လိုက်၏။ အကြောင်းမဲ့စွန့်ခွါသွားသော မယားကို လင်ကစရိတ်စခထောက်ပံ့လာခဲ့မူ။ မယားခွဲခွါနေခြင်းသည် အပြစ်မဲ့ နေခြင်းသာ ကောက်ရမည်။ မယားဆင်းသွားပြီး ကျန်ရစ်သားက အခြားမိန်းမယူလျှင်အသို့နည်း။[၂] ဒါရိကျင့်စဉ် တည်နေသမျှ မယားငယ်အတွက် လင်မယား မနှစ်သက်ဟု မဆိုထိုက်။ သို့ရာတွင် မမှုမသတ်[၃]က တနှစ်အတွင်း မယားငယ် မယူရဟု ဆိုထားသည်ကိုထောက်လျှင် မယား၏ကွာတရား အထမြောက်စရာအကြောင်း ရှိပေသည်။ မသက် v. မစမ်းအုံ မ သက် v.မစမ်းအုံ အမှု[၄]၌ ဖြစ်ပျက်ပုံမှာ—လင်မယား အချင်းများ၍ မယားဆင်းသွားသည်။ ပစ္စည်းခွဲဝေခြင်းမရှိ။ ဆင်းသွားပြီး ၂ နှစ်ကြာလျှင် မယားသေဆုံး၏။ ထို ၂ နှစ်အတွင်းမယားကလည်း စရိတ်တောင်းခြင်းမရှိ။ လင်က ပြန်စားစရိတ်ထောက်ပံ့ခြင်းမပြုရုံမက မယားဆင်းပြီး တနှစ် အတွင်းဝယ် မယားငယ်တခုကို အဖေါ်ပြု၍ အထက် သမီးနုကလေးကိုပင် လျစ်လျူရှုနေလေ၏။ မနုကျယ်စကားအရရုံးတော်က ''ထိုလင်မယားမှာ ခွဲခွါနေပြီး နောက်တနှစ်တွင် အိမ်ထောင်ပျက်ခဲ့ပြီ'' ဟုကောက်ယူဆုံးဖြတ်၏။ သို့ရာတွင် ဤထုံးကို သိန်းဖေ v. ဦးဖက်အမှုတွင်[၅] မင်းစုံညီခုံသဘင်က ပယ်ဖျက်ခဲ့လေသည်။ အမှန်အားဖြင့် မပယ်ဖျက်သင့်။ ပိုင်းခြားရန်သာ သင့်၏။ အဘယ်ကြောင့်ဆို

(၁) အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၅၆။
(၂) မောင်စိုးမင်း v. မဘော။ အထက်မြန်မာ (၁၈၉၂–၉၆) ဒုတိယ ၆၁၅။
(၃) မနုကျယ်။ ပဉ္စမ ပုဒ်မ ၁၇။
(၄) အောက်မြန်မာ။ ဒုတိယ ၈၅။
(၅) ဤကျမ်းမှတ်ချက် ၆၀ ကိုကြည့်။

သော် လင်နှင့်မယား သီးသန့် နေကြ ပြီးသည်နောက် ယောက်ျားသဘောမှာ ပြန်မဆက်ဆန်လိုကြောင်း ထင်ရှားသည်။ မူလအချင်းများကြသည်တချက်။ သမီးငယ်ကို စွန့်ရက်သည် တဌာန်။ တနှစ်ကြာ ကာလ အသစ် အိမ်ထောင်ကျပြန်သည်ဟူသော အကြောင်းတို့မှာ ထာဝရ ပြတ်စဲလိုသောသဘောအမှန်ရောက်၏။

လင်ကဆင်းသွား လျှင်။

လင်ကဆင်းသွားသောအမှုတွင် သာ၍ပင် ရှုပ်ထွေးသေးသည်။ ပိုင်းခြားသော သုံးနှစ်အတွင်း လင်ယောက်ျား တပြား တခြမ်းမှ မပေးကမ်း မထောက်ပံ့လည်း မယားကစောင့်ငံ့ရမည်။ သုံးနှစ်လွန်မှ အိမ်ထောင်သစ်ထွင်နိုင်သည်။ မထွင်လိုမူ တသက်လုံးစောင့်ဆိုင်းနိုင်၏[၁]။ နှစ်လွန်လျက်စောင့်ဆိုင်းနေပြီးမှ နောက်နောင်ခါ ကွာလိုသောဆန္ဒ ပေါ်ပေါက် လာလျှင် ကွာနိုင်ပါမည်လော[၁]။ ဤအခါများ၌လင်ဆင်းသွားစဉ်ကစိတ်သဘောကို စစ်ကြောရမည်။ ခိုက်ရန်ဖြစ်ပွါး၍ငင်း။ ကွာလိုသောဆန္ဒကို ထင်ရှားပြ၍ငင်း။ ဆင်းသွားခဲ့သော် မယားကွာပိုင်၏။ လင်ဆင်းသွားရင်းမှာ ရောင်းဝယ် ဖေါက်ကားလုပ်ငန်းသီးခြားဖြစ်လျှင် မယားစိတ်၌ မဝင်စားသောအလုပ်အကိုင် ဖြစ်သော်လည်း စောင့်နိုင်ရမည်။ ထွက်ရပ်လုပ်ငန်း အခန်းခန်း တို့ကိုလည်း ပေါင်းချုပ်ကျမ်း[၂] နှင့် အဋ္ဌသခေ်ပကျမ်း[၃] တို့တွင် ဘော်ပြထား၏။—ခရီးသွား၊ ကုန်ကူး၊ ဥစ္စာရှာ၊ ပညာသင်၊ စစ်မြေပြင်နှင့် ကုသိုလ်ရေးတို့ ဖြစ်သည်။ စောင့်ငံ့ရန် ပရိစ္ဆေဒမှာ ၃ နှစ်ကသည် ၁၀နှစ်ထိ အသီးသီးဆိုကြ၏။ ထိုဆန့်ကျင်ခြင်းသဘောရှိသော အပိုင်းအခြားစည်းကမ်းများမှ ဥပဒေသာရကို စစ်ယူရလျှင် အောက်ပါအချက်တို့ ထင်ပေါ်၏။

၁။ မယားအား စားရေရိက္ခာထောက်သော ယောက်ျားသည် အရပ်တပါး၌ မယားငယ်ယူ

(၁) မတင်လွှန်း V .မဍ္ဍေး။ လောဝိုင်း။ သတ္တမ ၇၀။
(၂) ဓုတိယတွဲ။ ပုဒ်မ ၂၄၄ က ၂၄၉ ထိ။ ပုဒ်မ ၃၉၀ က ၃၉၃ ထိ။
(၃) ပုဒ်မ ၂၉၁။

သော်လည်း မယားဖြစ်သူ အိမ်ထောင်သစ် မထူနိုင်။ စောင့်ငံ့ရမည်။

၂။ စရိတ်မခံလျှင် ကျန်ရစ်သူ မိန်းမက သင့်တင့်ချောင်သော နှစ်ပရိစ္ဆေဒတွင် လင်ငယ် ယူနိုင်သည်။

၃။ ရိက္ခာမဆက်ဘဲ ယောက်ျားက မယားငယ်နှင့် စပ်ရှက်ခဲ့မူ မယားဖြစ်သူ သုံးနှစ် အကြာတွင် လင်ယူနိုင်သည်။

သင့်တင့်ချောင်သောနှစ်ပရိစ္ဆေဒဆိုရာ၌ ယခုအခါရုံးတော်တို့က မမှုသတ်နည်းအရ ခရားစေ့တွင်းကျ လိုက်နာရန်မလို။ ၇ နှစ်လွန်သော် ကွာရန် အမိန့် ပေးသင့်၏။ အဘယ်ကြောင့်ဆိုသော် ပျောက်ဆုံးရှာမရသောပုဂ္ဂိုလ်တယောက်သည် ၇ နှစ်ကြာခဲ့လျှင် အသက်မရှင်တော့ပြီဟု ယူနိုင်သည်ဟူ၍ အချုပ်စာ၌ရှိ၏[၁]။

လင်ယောက်ျားသည် အကျဉ်း ထောင် ကျသွား၍ မယားနှင့်ကွဲလျက်ရှိရာ။ကျန်ရစ်သူမှာအဘယ်သို့ဆောင်ကျင်းရာသနည်း ?။ မအောင်မြူ v. သက်နှင်း အမှုတွင်[၂] လင်ယောက်ျားသည် လူသတ်မှုနှင့် တသက်တကျွန်းအပြစ်ဒဏ် ခံရလျက် တကျွန်းတွင် ၁၂ နှစ်ကြာလျှင် ချမ်းသာလွှတ်လပ်ခွင့်ရသဖြင့် နေအိမ်သို့ပြန်လာသောအခါ လင်ငယ်နှင့်တကွသောမယားကိုတွေ့၏။ မယားမှာ လင်သွားပြီး ၃ နှစ်အကြာတွင် လင်ငယ် နေသည်။ လင်ကြီးထားခဲ့သော ရိက္ခာအလုံအလောက် မယားလက်ဝယ်ရှိ၏။ တကျွန်းပြန်လင်ကြီး တရားစွဲသောအခါ ပစ္စည်းအလုံးကိုပြန်ရလေသည်။ ''မယား လင်ငယ်အယူတွင် အိမ်ထောင်မပျက်။ အိမ်ထောင်ဟောင်းတည်လျက် ရှိသဖြင့် မယားမှာမျောက်မထားခြင်းအနေရောက်၏''ဟုတရားဝန်ကြီးတို့ ဆုံးဖြတ်လေသည်။ သို့ရာတွင် ပစ္စည်းအလုံးအ

အကျဉ်း ထောင် ကျသောလင်။

---

(၁) ဖါမုဇီအိမ်ထောင်မှုနှင့် အိမ်ထောင်ဖျက်အက်။ ပုဒ်မ ၂၉ နှင့်ယှဉ်လေ။
(၂) အောက်မြန်မာ့အတွဲ ၅၁ = လောတိုင်းသတ္တမ ၂၄၀။

လောက် မထားခဲ့လျှင် မယားလင်ငယ်ယူသင့်သည်။ အဘယ်ကြောင့်ဆိုသော် လင်လော်မာ ပြုကျင့်သော ရာဇဝတ်မှုဖြင့် ကွာနေရခြင်းမှာ မယားတာဝန်မဟုတ်သည့်ပြင်။ ဆင်ခြင်စရာအကြောင်းမှာ စားစရာမရှိသောမိန်းမသည်သုံးနှစ်စေ့လျှင် ထောက်ပံ့ရန် သခင်ရှာမှသာ သုခများဝမ်းဝနိုင်ပေလိမ့်မည်။

လင်ရဟန်းပြု

လင်ဖြစ်သူရဟန်းပြုလျှင် အသို့နည်း?။ ပစ္စည်းခဏ်းတွင်ယောကျ်ားသည်သက်န်းဆီး၍ ရဟန်းဘောင်သို့ဝင်သည်နှင့် တပြိုင်နက် လောကပိုင်နက် အခြေပျက်သည်ဟု မပွေး v. မောင်မြတ်သာအမှုတွင်[၁] ဆုံးဖြတ်၏။ မမ္ဗသတ်တို့ကားအမျိုးမျိုးခွဲခြား၍ဆိုသည်။ ဒုတိယပေါင်းချုပ် ၄၀၁ နှင့်အဋ္ဌသံခိပ် ၃၂၁ ကိုကြည့်လျှင် မမ္ဗနှင့် မနုကျယ်တို့ကသာမယားဖြစ်သူကိုရက်သတ္တစောင့်ငံ့ စေလျက် လွန်ရက်တွင် နောက်လင်ယူနိုင်ကြောင်းထုတ်ဆိုသည်။ ကျန်မမ္ဗသတ်တို့မှာ ၇ ရက်အလွန်တွင် လင်ငယ်ယူခွင့်ပေးသော်လည်း ယောကျ်ားလူထွက်လျှင်ပြန်ငင်သိမ်းပိုက်ပိုင်သည်ဟုဆိုသည်။ အချို့က ၇ ကြိမ်ကျအောင်ပြန်သိမ်းစေသည်။ ပြုတစောင်သာ နှစ်ပရိစ္ဆေဒ အကြာကိုကန့်သတ်၏။ ရှစ်နှစ်မြောက်သော် လူတော်ပြန် မောင်ဟန်၏ မယားမဖြစ်တော့ချေဟုဆိုသည်။ ကြက်ရိုးကထောက်ခံ၏။ ၇ ရက်အကျော်၌မယားအပျော်လိုက်လျှင် (ဝါ–လင်ငယ်ယူလျှင်) လူတော်ပြန်က ကွာလိုက်နိုင်သည့် လက္ခဏာရှိ၏။ သို့ရာတွင် ကွာခြင်း၌ ပစ္စည်းအလုံးကို သိမ်းကျုံးထိုက်သည်ဟု မဆိုသာ။

မသင် v. မောင်မောင်အမှုတွင်[၂] မယားငယ်မသင်က လူတော်ပြန်မောင်မောင့်ထံစားစရိတ်တောင်းခံသောအခါ ''သယ်။ ငါသည် ရဟန်းဘဝနှင့် ၂ လ တင်းဟင်းဆောင်ကျဉ်းခဲ့သည်။ နင်နှင့် ငါကွဲကွာခဲ့ပြီ'' စသောသ

(၁) အထက်မြန်မာ (၁၈၉၇—၁၉၀၁) ဒုတိယ ၅၄။
(၂) ပုံနှိပ်ဖြတ်ထုံး ၆၁၁။

ဘောမျိုးဖြင့် ထုချေဖြေဆိုသည်။ စီရင်သူ မစ္စတာဘက်စ သခင်က "မနက်ဖြန်စကား၌ စားစရိတ် မပေးလိုက်ဟုမ ဆို။ လင်သားကသာ မိန်းမကို မယားမဆိုသာ။ ထို့ တွက် ဟာကြောင့် လင်တယောက် စိတ်ရှုး ပေါက်ပြီး သက်န်းဆီး ပဉ္စင်းမြောက်၍ ၇ ရက်ရောက်ရုံမျှနှင့်မယား ကျွေးမှု သားကျွေးမှုတို့ကို ခုခံရှောင်ရှားနိုင်မည် ဆိုလျှင် အမှန်မတရားချေ။" ဟု မိန့်ဆိုလေသည်။

စွန့်ခွါခြင်း အစားစားကြောင့် လင်မယားကွာရှင်း နိုင်သည်ဟုဆိုရာ၌။ နှစ်အစွန့်စေ့သည်နှင့် တပြိုင်နက်ချက် ခြင်း။အိမ်ထောင်ပျက်ခြင်းတည်သလော[1]။ ဤအချက်ကို သိန်းဖေ ၊ ဦးဖက်အမှု[2] ကဆုံးဖြတ်၏။ အမှုသွားမှာ—

*စွန့်ခွါနှစ်စေ့လျှင်။*

*သိန်းဖေ။ ဦးဖက်။*

"စစ်ကဲကြီး ဦးဖက်သည် စစ်ကဲကြီးကတော် မမင်းဂုံနှင့် ထားဝယ်မြို့တွင် ၁၇၇၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၃၄ ခုနှစ်) အထိနေထိုင်၏။ထိုနှစ်တွင် အစိုးရတို့က ဦးဖက်ကို သရက်ချောင်းမြို့သို့ ရွှေပြောင်းလိုက်ရာ မမင်းဂုံပါအတူ သရက်ချောင်း၌ အခြေစိုက်ပြန်သည်။သို့ရာတွင် မင်းက တော်ကြီးမှာ သရက်ချောင်းမြို့သစ်ကို မနှစ်မြို့ရကားများ မကြာမီ ထားဝယ်စီပြန်ပြီး သီးသန့်နေထိုင်လေ၏။စစ်ကဲ ကြီးခမျာ တယောက်တည်း သာနေရ၍ မယားငယ်တခု သိမ်း ပိုက်ခြင်း ပြုမိလေ၏။ ထိုနှစ်ကား ၁၈၇၆ ခုနှစ် (၁၂၃၈ ခု) တည်း။ မင်းကတော်ကြီးသည် ဤအဖြစ်အ ပျက်ကိုကြားသိလျှင် ငယ်ထိပ်တွင် ပိုးထိသည့် အလား ကောခအမျက် များစွာထွက်လျက်။ ထိုနေ့ထိုရက်ကစပြီး ထားဝယ်မြို့ကြီးရှိ မိမိပစ္စည်းဗိမာန်တသီး၌ သေခမ်းပြတ် နေထိုင် လေသတည်း။ စစ်ကဲကြီးကပြန်စရိတ် ကြေးငွေ ထောက်ပံ့ဟန် လက္ခဏာမရှိ။ မင်းကတော်ကြီးကလည်း သရက်ချောင်းခရီးသို့ မသွားလို မလိုက်လို သည်သာမ ဟုတ်။စစ်ကဲကြီး၏ရုပ်နာမ်ကိုပင်မိမိဗိမာန်၌လက်မခံလို။ ယခုလိုအနေမျိုးဖြင့်အချိန်ကိုကုန်လွန်စေရာကတော်ကြီး

(၁) အောက်မြန်မာတတိယ ၁၇၅။

စစ်ကဲမှာ' ၉၆ ခု နှစ် ဝဿာတွင် ဘဝတပါးပြောင်းသွားကွယ်လွန်လေသတည်း။မင်းကတော်၌ သားတယောက် မောင်မင်းဌွန်းကျန်၏။၁၉၀၀ပြည့်နှစ်တွင်မောင်မင်းဌွန်းသေလွန်ပြန်သော်သားမောင်သိန်းဖေကျန်ရစ်ပြန်သည်။ မောင်သိန်းဖေက သူ၏ဘခင်မောင်မင်းဌွန်းပစ္စည်းတို့ကို အမွေးထိန်းစာ လျှောက်တောင်းရာရရှိ၏။ ဦးဖက်ကတဘန်ထိုအဆိုပါပစ္စည်းကို မမင်းဂုံပစ္စည်းအနေဖြင့် အမွေထိန်းစာ လျှောက်တောင်းပြန် လတ်သော် ရုံးတော်က ''တခုတည်းသော ပစ္စည်း၌ အုပ်ထိန်းသူလူကြီး ၂ ပါးခွဲခြား၍မခန့်ထားနိုင်'' ဟုဆို၍ ဦးဖက်အလွှာအပယ်ခံရရှာသည်။ ဦးဖက်အယူခံတက်လျှင် အောက်ရုံးစီရင်ချက်ကိုချိုကွတ်က ပယ်ဖျက်လျက် 'ဦးဖက်သည်ငင်းပစ္စည်းအခြေကိုမမင်းဂုံ၏ လင်အနေဖြင့် အမွေဆိုင်သင့်မဆိုင်သင့်စစ်ဆေးရန်' အမိန့်ချပေးပြန်သည်။၎င်းသို့တဘန်ဒိစတြိတ်တရားဝန် စစ်ပြန်လျှင် ဦးဖက်သည် မမင်းဂုံ၏ လင်မှန်ကြောင်းတွေ့ရှိသဖြင့် ဦးဖက်ထံ အမွေထိန်းစာ ဆင့်ပေးပြန်လေသည်။ မောင်သိန်းဖေ မကျေနပ်၍ ချိုကွတ်သို့တဘန် အယူခံပြန်သည်။ အယူခံချက်ကား– 'ဦးဖက်သည် မမင်းဂုံ၏ ယောကျ်ားအခြေကိုဖျက်ခဲ့လေပြီ။ (ဝါ–လင်ယောကျ်ားအဖြစ်မှ ပြတ်စဲခဲ့လေပြီ) ''ဟုအဆိုတင်သွင်းသည်။၎င်းအချင်းအခုကို ဆုံးဖြတ်ကြရာတွင် မင်းစုံညီခုံသဘင်ကစီရင်ထုံးအရပ်ရပ် ဓမ္မသတ်အစောင်စောင်ကို ရှာဘွေစစ်ရှောက်ခဲ့ရကား မစ္စတာဖေါက်သခင်မှ တပါးတရားဝန်ကြီး အများသဘောမှာ လင်မယား မကွာပြတ်သေးကြောင်းသတ်မှတ်ကြလျက်။ ''ကျန်ရစ်သူဦးဖက်သဘောမတူဘဲ အိမ်ထောင်မပြတ်စဲနိုင်'' ဟုရဲရဲကြီးမိန့်ဆိုကြလေသည်။ (ကျန်ရစ်သူ၏သဘောအရေးကြီးကြောင်းကိုအထက်၌ဘော်ပြခဲ့သောမသင်း.v.မောင်ကျော်ရအမှု၊မတင်လှ.v မဒွေးအမှု၊မအောင်မြ.v.သက်နှင်းအမှုစသော စီရင်ထုံးတရုကိုလည်းကြည့်လေ။)

**နှင့်စေ့ ရုံနှင့် အိမ်ထောင်မပျက်။** ၎င်းကျမ်းဦးတွင် ဘော်ပြခဲ့သော 'အိမ်ထောင်ပြုမှု သဘော တခုသာ' ဆိုသော စကား။ ၎င်းနောက် ' အိမ်

ထောင်အဖျက်သဘောတချက်' ဆိုသောစကားတို့အရ။ အိမ်ထောင်ကိစ္စမှာ သဘောသာလျှင် ပြဋ္ဌာန်းပေသည်။ စိတ်ထားသဘော အလွန် အရေးကြီးသည်။ ထိုကြောင့် အပြုအဖျက် ၂ ချက်စလုံးနှင့် ပတ်သက်သော လင်ခဏ်း မယားခဏ်းကိုသိမ်ရုံးစုခြုံက ''အိမ်ထောင်မှု ဟူသမျှ သဘောက မူလအစ ''ဟု ဆိုရပေလိမ့်မည်။ စွန့်ပစ်ခြင်းနှင့် ဆိုင်သော ဤအချက်၌လည်း လင်မယား သီးသန့်နေကြ၍။ နှစ်ပရိစ္ဆေဒစေ့ရုံမျှနှင့် အိမ်ထောင်မတည်ပျက်လေပြီ ဟုမပိုင်းဖြတ်သာချေ။

လှည့်စား ဖျားယောင်းခြင်း အခြေခံကြောင့် လင်မယားကွာနိုင်သောတရားကို ဒုတိယ ပေါင်းချုပ် ပုဒ်မ ၉၁ တွင် တွေ့မြင်နိုင်သည်။ [1]''ငါ့မှာမယားမရှိပြီဟု လှည့်စား လေဘိ။ ယုံချေမိ၍။ မိမိရင်သွေး။ သမီးပေးမြောက် နောက်ခါမယား။ပေါ်ထွက်ပြီးမူ။သင့်သားတယောက် နှစ်ယောက်ဖြစ်စေ။ရှိသေနှိမ့်ချ ယောက္ခမသစ်အား ပေး လေပြီးမူ။ မယားသစ်ကို။ ပိုင်စေဆို၏။ ။××× × သင်းကိုတစ်။မနှင်းပြီးကား။ ဂတိလွဲလက်။ အရှက်သူမှာ။ ရချေပါ၍။ ဥစ္စာသွင်းမှား။မယားကစ လက်လွှတ်ရရှင့်''။ (ကန်တော်)

ဖျားရောင်းခြင်း။

ပေါင်းချုပ်မပေါ်မှီကပင် မခင် [v] မောင်ကလေး အမှုတွင် [2] မစ္စတာအက်စတင်သခင်သည်ဤအကြောင်းမျိုးကို ပြသောမယားအား ကွာခြားရန်အမိန့်ဒီကရီကိုပေးခဲ့ဘူး၏။ အမှုကိုစီရင်ရာ၌ မနုသာရ ရွှေမျဉ်းနှင့် ဝန်ဖြော မှုသတ်တို့ကို ဆွေးနွေးလေသည်။ငင်းအမှုရေး၌ ကွာခြင်းကို ရုံးတော်က ခွင့်မပေးလျှင် ဒါရီအကျင့်ကို မြောက်ပင့်သည့်အနေရောက်မည်ပြင်။ လိမ်လည် လှည့်စားခြင်းကို အားပေးသည်နှင့် တူ၏။ ပဋိညာဉ် ဥပဒေ အလိုအားဖြင့်လည်း မဟုတ်မမှန် သည်ကို အဟုတ်အမှန် ဝန်ခံသည့်

(၁) အင်္ဂလိသံခေပကျမ်းပုဒ်မ ၁၄၉ ကိုလည်းကြည့်။
(၂) ပုံနှိပ်ဖြတ်ထုံး ၁၃၀။

လက္ခဏာအင်္ဂါ အခြေရှိရကား။ လှည့်ပတ်ခံရသူ တဖွေအား သက်သာခွင့်ရေးခြား ပေးသနားပိုက်ပေသည်။

မကြာမှီ (ဖေဖေါ်ဝါရီလ) အတွင်းက ချုပ်တော်သော မောင်ဖိုးညွန့် v. မစောတင် အမှုတွင်[၁] "လှည့်ဖျားခံရသောမယားငယ်သည် ကွာခွင့်နှင့်တကွ လင့်ပစ္စည်း ဥစ္စာ ဓနဥ္စ ၃ စု ၂ စုကိုရနိုင်ခွင့်ရှိသည်" ဟု မစ္စတာဟီးလ် နှင့် မစ္စတာချာရီ တရားဝန်ကြီးတို့ စီရင်ပေသည်။ သို့ရာတွင် မယားငယ်မစောတင်က ၃ စု ၁ စုကိုသာတောင်းလာသဖြင့် တောင်းသလောက်ပင် အထမြောက်၏။ အမှုသွားမှာ— "မယားကြီးသည် ယောကျ်ားကို စွန့်သွားသည်။ ယောကျ်ားက မယားကြီးနှင့်ကွာလိုက်ပြီဆို၍ မယားတယောက်လည်ဆယ်ယူသည်။ နောက်ယူမယားကိုတဘန်ပစ်၍မယားဟောင်းနှင့်အသစ်ပေါင်း၏" တရားဝန်ကြီးတို့က "နောက်မယားကား အိမ်နိမ့်မဟုတ်။မယားကြီးနှင့် တန်းတူဖြစ်သည်။ လင်၏ ရှောင်တိမ်း ခြင်းကြောင့် နောက်မယားက ကွာရှင်းထိုက်သည့်ပြင်။ ပစ္စည်းဥစ္စာတို့တွင်နှံဆိုင်သည်"ဟု အတည်ပြုလေသည်။

ဆွံ့၊အ၊နူ၊မြုံခြင်း။

ဓမ္မသတ်တို့တွင်[၂] "သမီး၏ မိဘတို့ယံ အသွင်းဥစ္စာကို ပေးကမ်း၍ ကြောင်းလမ်း ပြောဆိုစဉ်။ သမီးတွင်ဆွံ့၊ အ၊နူ၊ မြုံခြင်းစသော တစုံတခုရောဂါကြီးရှိသည်ကိုမပြန်မပြောသည်နှင့် ထိမ်းမြားပြီးသည်နောက်မှ ယောကျ်ားကသိ၍ မယားမပြုဘဲ အသွင်းဥစ္စာကိုပြန်၍ တောင်းရာသောတရား" ကိုလည်းတွေ့နိုင်၏။ သို့ရာတွင် ဓမ္မသတ်များအနက်ကျမ်းနက်တစောင်ကသာ ထိမ်းမြားပြီးသော်လည်း စွန့်ပစ်အပ်၏ဟုဆိုသည်။အခြားဓမ္မသတ်တို့ကစွန့်ပစ်အပ်သည်ဟုအတိအလင်းမဆိုခြင်းမှာထိုအခါများကတဘက်သတ် ကွာခြင်းနှင့် ဒါရီကျင့်မှုကို ခွင့်ပြုခြင်းတို့ကြောင့် မဆိုဟန်တူသည်။ ကွာခွင့်မပေးဘဲနေခဲ့လျှင်ဖြစ်

(၁) လောဂျာနယ်စစတုတ္ထ ၄၂။ ၁၉၂၅ ခု ဖေါ်ဝါရီလ ၂၇ ရက်။
(၂) ပေါင်းချုပ်ဒုတိယ ၆၁၊အချိုးအငိုးသံခေပ ၃၄၀။

ပေါ်စရာ အပြစ်မှာ—ပစ္စည်းဥစ္စာနှင့် ရိက္ခာအခက်းတို့တွင်အနှောင့် အရှက် အရှုတ် အထွေး တချွေးချွေးပေါ်ထွက်လတံ့။ ထို့ကြောင့်အချို့သော အနာအဆာတို့တွင် ရုံးတော်က ကြည်ကြည်သာသာ ကွာခွင့်ကို ပေးသင့်ပေသည်။

ရုံးစရိတ်တံဆိပ်။

ကွာမှုသက်သက်တွင် စွဲချက်၌ ရုံးစရိတ်အတွက် ၁၀ိ တန် တံဆိပ်စက္ကူရွက်နှင့် ပြီးသည်။ ပစ္စည်းရှင်းမှုပါ တွဲသွင်းမှ တန်ဘိုးအရရေတွက်၍ ရုံးစရိတ်ကို ဆောင်ရွက်ရသည်။

အချုပ်မှတ်စု။

(၁) လင်မယားသဘောတူကွာနိုင်သည်။စာချုပ်စာတမ်းမလို၊
(၂) အပြစ်ကြောင့်လည်း ရုံးတော်၌တက်ကွာနိုင်သည်။
(၃) ကံမစပ်ထူထောင်၍ တဘက်သတ်မကွာနိုင်။

(မနှံv.မောင်တင်ကောက်၊ရန်ကုန်။ ပဋ္ဌမ ၇၂၂၊)
သို့ရာတွင် မသိန်းမြ v. မောင်ထွန်း(၁)^၁အမှုသဘောကိုကြည့်။

---

(၁) ရန်ကုန်ဂေဇက်သတင်း။၁၉၂၅ ခု ဒွန်လ ၈ ရက်တနင်္လာနေ့။

## ၁၀။ လင်မယားကွာရှင်း၍ပစ္စည်းခွဲဝေပုံ။

ကွာမှုသက်သက်။ အိမ်ထောင်ပျက်လင်မယားကွာ တရားသက်သက်ကို ရှေ့တွင်ဘော်ပြခဲ့ရာ ပစ္စည်းခွဲဝေခြင်းတရားရင်ကို ကျွန်ုပ်တို့ လုံးလုံးချန်လှပ်ခဲ့လေသည်။ သို့ရာတွင် လင်မယားတို့ ကွာရှင်းကြသည့်အခါ နေရာတကာ၌ ပစ္စည်းတို့ကိုလည်း ခွဲဝေရိုး ရှိသည်မှာ မချွတ် ဧကန်တည်း။ ဓမ္မသတ်တို့က လည်း လင်မယားကွာရှင်းခဏ်းတွင် ပစ္စည်း ဝေခြမ်းခြင်း ကို ထာဝစဉ်ပြုခဲ့ရကား ဆာဂျော့ ရှော်သခင်သည် မိခင် လပ်တို့ အမှု၌[1] ကွာခဏ်းနှင့် ဝေခဏ်းကို တတန်းတည်း

မကြွမ် v. စုဝ။ ထား၏။ ထိုကြောင့် မကြွမ်း v. စုဝ[2]စသော အချို့စီရင်ထုံး များတွင် ၎င်းအမှု ၂ စားကို တသွားတည်းစွဲဆိုရမည်ဟု ဆုံးဖြတ်လေသည်။ အချို့ကပြန်ကွာရှင်းမှုနှင့် ပစ္စည်းဝေ ဘန်မှုကို ခွဲစွဲနိုင်ကြောင်း ဆိုသည်။ (မောင်သာချို v.

လုံမကလေးနှင့်စပ်သောစီရင်ထုံးတစု။ မဓမြ[3]။) သို့ရာတွင် ဤဥပဒေအချက်ကိုကျကျနနသိနိုင်ရန် လုံမကလေးအမှု[4]နှင့်စပ်သော စီရင်ထုံးစုတရပ်ကို ကြည့် ရှုသတ်မှတ်အပ်သည်။ ၎င်းလုံမကလေးအမှုတွင် ဆာချား ဖောက်သခင်က ''ပစ္စည်းအခွဲမဘက်ဘဲ ကွာမှုသက်သက် စွဲဆိုနိုင်သော်လည်း တရားမကျင့်ထုံးအရ[5]နောက်ထပ်တ ဘန် ပစ္စည်းခွဲဝေရန်တရားကို ခွင့်မပြုသာ''ဟု မိန့်ဆိုလေ သည်။ မောင်သာချိုထုံးကိုပယ်သည်။ ငချစ်ညို v. မိညိုထူး[6] တွင်ဆာဂျော့ရှော်သခင်သည်လုံမလေး၏ထုံးကိုပါလက် ကိုင်ထားလျက် ဤအချက်ကိုစစ်ဆေးပြန်ရာ ကွာမှုသက် သက်မစွဲနိုင်ကြောင်း ဆုံးဖြတ်၏။ မကြွမ်းအမှုကို အတည် ပြုပြန်သည်။ သို့ရာတွင် လုံမကလေးတို့ အမှုသည်[7]ပရီးဗီး

(၁) မိခင်လပ် v. ဘောဇိုး၊ အထက်မြန်မာ (၁၉၀၄-၀၆) ဒုတိယ ၃။
(၂) အထက်မြန်မာ (၁၈၉၇-၁၉၀၁) ဒုတိယ ၂၈။
(၃) အောက်မြန်မာ ပဥ္စမ ၇။
(၄) ၎င်း ပဥ္စမ ၁၁၄။
(၅) တရားမကျင့်ထုံးကိုဥပဒေ၊ အမိန့် ၂ နည်း ၂။
(၆) အထက်မြန်မာ (၁၉၁၀–၁၃) ဒုတိယ ၃၀။
(၇) အောက်မြန်မာ၊ ဆဋ္ဌမ ၁၈။

ကောင်စီ တိုင်အောင် ရောက်သွားသော အခါ ထိုလွှတ်တော် လတ်မင်းကြီးတို့က အမှု ၂ တွဲကို သီးခြားခွဲစွဲနိုင်ကြောင်း စီရင်လျက် ''ဤကိစ္စအရေး၌ တရား ၂ ထုံးကို ပူးလုံးစွဲဆိုသည်ထက် ကွာခြင်း၏အကြောင်းရင်းကိုကုန်စင်အောင် ပဌမ စစ်ဆေးသည်က သာ၍ ပြေပြစ်သည်။ အဘယ့်ကြောင့် ဆိုလျှင် ကွာခွင့် မရမရှိခဲ့သော်ငြား။ စွဲချက်အလို ကွာနည်းသို့ မကျရောက်ရှိခဲ့သော်ငြား။ ခွဲဝေခြင်းကိစ္စ အလဟဿဖြစ်တတ်၏''ဟု မိန့်ဆို၏။ ၎င်းပြင် တတန်ဝေဘန်ခြင်းကင်းသော ကွာမှုသက်သက် စွဲခွင့်မရ ဟုဆိုခဲ့သည် ရှိသော် ပစ္စည်းမဲ့ အိမ်ထောင်၌၎င်း။ အစုအလျောက် ဥစ္စာ လက်ရောက် ဖြစ်သော လင်မယားတို့၌ ၎င်း။နေရပ်မှဒုံ[၁] ပစ္စည်း သထုံစသဖြင့် ဥစ္စာနှင့်လူနေ ကွဲပြားခဲ့သော်ငြား။မည်သို့စွဲရအံ့နည်း။ ?သီးသန့်ခွဲခြား၍ စွဲခွင့်ပြုသော ပရီးဗီးကောင်စီထုံး သင့်မြတ်သည်ဟု ယူရမည်။ အထက်ပြည့် မောင်ငါး v. မဖြို[၂] အမှုတွင်လည်း ဟီးလ်သခင်သည် ပရီးဗီး ကောင်စီ၏ ဆုံးဖြတ်ချက်ကို နက်နက်နဲနဲ ထောက်ခံခဲ့ပေသည်။ ဓမ္မသတ်တို့နှင့် ဆန့်ကျင်သည်မဆိုသာ။ ပေါင်းချုပ် ၄၄ ကိုကြည့်လျှင်[၃] ဓမ္မသတ် ၁၀ ဆောင် အနက်ကြက်ရိုးနှင့်ရာသီ ၂ စောင်က သာ ''ပစ္စည်းမခွဲဘဲ အိမ်ထောင် မပြတ်စဲနိုင်''ဟု ထွက်ဆိုပေသည်။ ဤအဆိုမှာလည်း ဒေါသအလျောက် စိတ်ရူးပေါက်တုံးအခါဖြစ်တတ်သောအခြင်းအရာမျိုးကိုကာကွယ်စောင့်ရှောက်ရုံမျှသာဖြစ်သည်။

ခွဲပုံစာရင်းတွင် အခြင်းအရာ ၃ မျိုးကို သတိမူ အမှိုပြုအပ်၏။ (၁) ၂ ဦးသဘောတူ၎င်း၊သို့မဟုတ်၊ အပြစ်တစုံတရာကြောင့်၎င်း။ကွာသောအခြင်းအရာ။ (၂) ငယ်လင်ငယ်မယား၊သို့မဟုတ်၊အိမ်ထောင်ကြီးချင်း ကွာသောအ ခွဲပုံခြင်းရာ ၃ ဌာန။

---

(၁) မုဒုံမြို့သည် မော်လမြိုင်မြို့ အနီး ကျိုက္ကမီ စီရင်စုတွင် ရှိသည်။ သထုံမြို့သည် သထုံစီရင်စုတွင် တည်ရှိသည်။

(၂) အထက်မြန်မာ (၁၉၁၇-၂၀) တတိယ ၂၅၁။

(၃) ဒုတိယတွဲ။

ခြင်းအရာ။ (၃) နိဿယနှင့်နိဿိတဟုဆိုအပ်သောကျေးဇူးခံကျေးဇူးစားအခြင်းအရာ။

သဘောတူ ကွာခြင်း၌။

၂ ဦးသဘောတူကွာသောအင်္ဂါရှိလျှင်နှစ်ပါးစုံပစ္စည်းကို အညီအမျှခွဲဝေရသည်[၁]။နိဿယနှင့် နိဿိတအခြင်းအရာရှိလျှင် နိဿယက ၂ ပုံ၊ နိဿိတက ၁ ပုံသာရသင့်သည် ။အခန်း ၇ တွင်[၂] ဘော်ပြခဲ့သည်နှင့်အညီ ဤနိဿျဥ်းအင်္ဂါမှာ အခြေခံသုံးစားကိုမှီ၍ဖြစ်သည်။

(၁) တဦးက ပစ္စည်းအမြောက်အမြား။ တဦးကားလက်ချည်းသက်သက်။

(၂) တယောက်သူ၏ လုံ့လဖြင့် ရအပ်သောဥစ္စာ။

(၃) မင်းပေးပစ္စည်း။

လင်မယားနေစားခိုက်ရရှိသော အမွေအနှစ်မှာ အမွေရသူ နိဿယကသုံးပုံ နှစ်ပုံ၊ နိဿိတတပါးသူက သုံးပုံ တပုံကိုသာ ရထိုက်သည်ဟူ၍ စီရင်ထုံးရှိ၏[၃]။ သို့ရာတွင် အဆိုပါ အခြေခံ ၃ မျိုးကို ကိုးကား၍ ၃ စုခွဲခြားသော ဆုံးဖြတ်ချက် မရှိသေးချေ။

ပါရင်း နှင့် ပတ်သက်လျှင်။

ပါရင်းပစ္စည်းတွင် ကိုယ့်ပါရင်း ကိုယ့်စာရင်း၌ တင်သွင်းရ၏။ (အောက်ပြည့်[၄])။ အထက်ပြည် မစန်းရွှေ v. ဝါလျပ်ပွါး ချစ်တီးအမှု[၅] တွင်လည်း ဗိုက်သခင်သည် ဤနည်းအတိုင်း စီရင်၏။ သို့ရာတွင် အထက်ပြည် မမြင့် v. ငထွေး[၆]၌ရှေ့သခင်သည်နိဿယနှင့်နိဿိတသဘောကိုလိုက်၍ ၂ း ၁ စုခွဲဝေခြင်း ပြုပြန်သည်။ ရှေ့သခင်၏ ဆုံးဖြတ်ချက်ကို အနုသံခေပ ၃၉၁ နှင့် မနုကျယ်ဒွါဒသမပုဒ်မ ၃ တို့ကထောက်ခံသည့် အလား ဆိုရပြြားသော်လည်း။

---

(၁) မိဗွေးနော် v. မောင်ထူး။ ရွှေကောက် ၁၄။

(၂) မောင်မှုန် v. မောင်မိတ်။အထက်မြန်မာ (၁၉၀၄-၀၆) ဒုတိယ၊ကွာရှင်း ၁။

(၃) ဤကျမ်းချက်နှာ ၅၅။

(၄) မောင်ဖိုးစိန် v. မဗွာ။ ပုံနှိပ်ဖြတ်ထုံး ၄၀၃။

ခင်ခင်ကြီး v. မောင်ကံကြီး။အထက်မြန်မာ (၁၉၀၂-၀၃) ဒုတိယ၊ကွာရှင်း ခင်း ၁။

(၅) မိဗွေးနော် v. မောင်ထူး၊ရွှေကောက် ၁၄။

(၆) လောဒီဖြတ်၊အသမ ၄၉။

အိမ်ထောင်ကြီးနှင့် အိမ်ထောင်ကလေး (ဝါ-ငယ်လင်ငယ်မယား) တို့၏ ခြားနားခြင်းကိုသတိမမူခဲ့ရကား။ ဖြစ်ပွါးသည့်အမှုမှာအိမ်ထောင်ကြီးတို့အချင်းချင်းဖြစ်သဖြင့် ပေါင်းချုပ် ၂၅၇ တို့နှင့် အနုသံခိပ် ၃၉၄ နှင့် ချိန်လျှင် ဤသို့မခွဲဝေသာ။ အပြစ်ကြောင့် ကွာကြသည့် အခါ၌ပင်လျှင် အိမ်ထောင်ကြီးရှင်ကိုမှာ မိမိပါရင်းကိုမူရင်းထားရကြသေး၏[၁]။ သဘောတူ ကွာသည့်အခါ၌ ဆိုဘွယ်ရာမရှိ။ ပါရင်း အင်္ဂါပျောက်၍ လက်ထက်ပွါး ဘဝရောက်သွားမှသာလျှင် ဝေဘန်တိကပြုရသည်[၂]။

အပြစ်ကြောင့် ကွာရာ၌

အပြစ်ကြောင့် ကွာရာဝယ် ငယ်လင် ငယ်မယားဖြစ်လျှင်။ အပြစ်ရှိသူကနှစ်ပါးစုံ၊ လက်ထက်ပွါး၊ ပါရင်းသင်းသီးမှစ၍ ပစ္စည်းအလုံး ဆုံးရှုံးခံရ၏[၃]။ လင်ကအိမ်ထောင်ကြီးမယားကအပျိုဆိုလျှင်လည်းဤနည်းအတိုင်းငယ်လင်ငယ်မယား အမှတ်ထား၍ ခွဲဝေရာသည်[၄]။ အိမ်ထောင်ကြီး အချင်းချင်း ဖြစ်လျှင် ပါရင်းကို မခွဲသာ[၅]။ အဘယ့်ကြောင့် ဆိုသော် အိမ်ထောင်ကြီးတို့မှာ အတွက်ထည့်စရာ သမီးသား အသီးအခြားရှိခဲ့ကြလေပြီ[၆]။

မိမွေ ဘမွေ

တခါတရံပါရင်းပစ္စည်းသည်သီးခြားလက်ရောက်မရှိမခွဲရသေးသော အမွေအနှစ်မျှသာဖြစ်နေရာ။ လင်မယားကွာသည့်အခါ မည်သို့ ဝေဘန်ရအံ့နည်းဟု မေးတုံလတ်သော်။ ၎င်းအမွေစုကိုပိုင်နိုင်ခွင့် ရောက်မရောက် ကြည့်ရမည်။ ဥပမာ-မယားသည် တဦးတည်းသော သမီးဖြစ်သော်လည်း အဘသေဆုံးရုံမျှနှင့် အမိထံ၌ အမွေမလိုက်နိုင်သေး။ ထိုမိန်းမ၏ လင်ယောက်ျားသည် ကွာခြားသည်တွင် အစုမဝင်ခဲ့ကြောင်း မောင်ဖိုးလပ် v. မိဖိုးလေး[၇]

---

(၁) အထက်မြန်မာ(၁၉၀၄-၀၆)ဒုတိယ ကွာရှင်းခဏ်း ၁၉။
(၂) အောက်နံပါတ် ၆ ၌ကြည့်။
(၃) ဤကျမ်းမျက်နှာ ၅၂။
(၄) မောင်ရင်မောင် v. မရိုအထက်မြန်မာ(၁၈၉၇-၁၉၀၁)ဒုတိယ ၃၄။
(၅) မအွေနှံ့ v. မောင်တုတ်ကြီး ၎င်း ၎င်း ၎င်း ၃၉။
(၆) အနုသံခေပ ၃၉၄၊ တတိယအပိုင်း၊ ပေါင်းချုပ် ၂၅၉။
(၇) နံပါတ် ၄ ၌မောင်ရင်မောင် v. မရိုအမှု။

အမှု၌ဆုံးဖြတ်၏။ ဆင်ခြင်အပ်သော အကြောင်းရင်းမှာ လင်မယားမကွာရှင်းမီ ထိုအမွေအားနှစ်ကို တောင်းပိုင်ခွင့် ရှိမရှိ[၂]။တောင်းဆိုခွင့်ရှိလျှင် အစုဝင်၏။ ထို့ကြောင့် ဘမိ ၂ ပါး သေဆုံးပြီးနောက် သားသမီးအချင်းချင်း ဝေခြမ်း ခြင်း အလျှင်း မဖြစ် မြောက်သေးသော်လည်း အမွေကို တောင်းပိုင်ခွင့်ရောက်ပြီဖြစ်ခြင်းကြောင့် ကွာကြသောထို ထို လင်မယား၌ ပါရင်းကိုဝေပုံသို့ သွတ်သွင်းအပ်၏[၃]။

ကြွေးမြီဆပ်ချ၌။ ကြွေးမြီတင်ရှိလျှင်လည်း မိမိရထိုက်သော အစုကျခံ သင့်ကြသည်။ သို့ရာတွင် မနုဝဏ္ဏနာ[၄]တွင် တမျိုးဆိုသေးသည်။ ''အကြင် လင်မယားတို့သည် တယောက်ကို တယောက်ကွာလိုကြကုန်အံ့။တင် မြီဥစ္စာရှိသည်များမှာ၊ထို ကြွေးထိုမြီကို ချေးယူလုပ်ဆောင်ရှာကြသည်ကပင် နိဿိတဖြစ်သူသည်လှုံ့လမမှုစားသောက်အိပ်နေကာ၊နိဿယ ဖြစ်သူသာ ခြုံချန်ပူပန် ဒုက္ခရှာကြံရလေသည်ကို ထောက်၍ ၃စု စုပြီးလျှင်။ နိဿယ ဖြစ်သူကတစု၊ နိဿိတ ဖြစ်သူ နှစ်စုခံစေ''ဟူလို။ မနုသာရ ရွှေမျဉ်း[၅]ကလည်း ''တင်မြီ ရပ်မှာ၊နိဿိတနှစ်စု၊နိဿယတစုဆပ်စေ''ဟူ၍ထောက် ခံ၏။၎င်းသို့ပြောလည်း တရားဥပဒေ၏သဘောမှာ စိတ်တူ ကွာသော မယားလင်အား ခြားနားခြင်းမပြုလိုသည် နှင့် အညီ ရသင့်စုကျခံစေလျှင် သာ၍ လျော်ကန်၏။

အပြစ်ကြောင့် ကွာကြသော လင်မယားတို့မှာမူ အပြစ်ပြုသူက တင်မြီအလုံးကိုဆပ်ရာသည်။ သို့ရာတွင် မြီရှင်သူဌေးတို့က ပုဂ္ဂိုလ်မရွေးဘဲ အကြွေးကို စွဲတောင်းနိုင်သည်။

(၁) ရွှေကောက်ဖြတ်ထုံး ၂၁၂။
(၂) မငွေပွင့် V. မောင်လွန်းမောင်။ပုံနှိပ်ဖြတ်ထုံး ၂၉၇။
(၃) မိပွင် V. ငထွေး။အထက်မြန်မာ(၁၉၀၄–၀၆) ဒုတိယ–ကွာရှင်း ၁၉။
(၄) ပုဒ်မ ၁၇၀။
(၅) ပုဒ်မ ၁၃၂။အင်္ဂသံခေပ ပုဒ်မ ၃၉၁ ကိုလည်းကြည့်။
(၆) ဈာပိုင်းမှတ်စုပြဿနာ စာမျက်နှာ ၆၆။

ပစ္စည်း ခွဲ သက်သေခံ။

လင်မယားကွာရှင်း ပစ္စည်းဝေဘန်ခြင်းတို့၌ စာချုပ်စာတမ်းတို့မလိုကြောင်း ရှေ့၌ဆိုခဲ့ပြီ။ (စာမျက်နှာ ၆၉)။ သို့ရာတွင်စာချုပ်ချုပ်ဆိုလို့ရှိလျှင်ပစ္စည်းတန်ဘိုးငွေ ၁၀၀ိ ထက်ပိုမို၍ မရွှေ့မပြောင်း နိုင်သော လယ်၊ ယာ၊ အိမ်၊ ဥယျာဉ် စသည်တို့ကို လွှဲပေးမှု ဝတ္ထုထင်ရှား မပြခြားလည်းရေဇစ္စတြီ ပြုလုပ်မှသာ အခိုင် အမာဖြစ် နိုင်၏[၁]။ အများအားဖြင့် ကွာခြားသည့်အခါကွာရှင်းစာချုပ်တွင် တယောက်သူ၏ ပိုင်ဆိုင်ခွင့်ကို မယူတော့ပြီဟုအစုလက်လွှတ်သဘောမျိုးဖြင့် လက်လွှတ်စာတမ်းများ ရေးသားဘော်ပြထည့်သွင်း တတ်ကြလေသည်။ [လက်လွှတ်စာချုပ်တို့မှာ တံဆိပ်တော်အလို့ငှါ ၅ိ ကျပ်ထက်ပို၍မတင်ရ[၂]]။ အဆုံး၊ပစ္စည်းခွဲရှင်းကြောင်း မြေစာရင်းအရာရှိတို့ထံ တိုင်ကြားရုံမျှနှင့် မြေစာရင်းစာအုပ်တွင် နာမည်လွှဲပြောင်းခြင်းအားဖြင့် ကိစ္စပြီးမြောက်နိုင်သည်။

ကလေးကို သိမ်းပိုက်ခွင့်။

သားသမီးတို့ကို သိမ်းပိုက်ရန်ကိစ္စ၌ **သဘောတူကွာ**ကြလျှင် လင်ကသားယောကျ်ားကို မယားကသမီးမိန်းမကိုယူကြရာသည်[၃]။ အမိနှင့်မခွဲနိုင်သေးသောကလေးငယ်တို့မှာမူ အမိနှင့်သာအတူနေရာ၏။မြန်မာတို့ထုံးစံမှာ အသက်လေးငါးရှစ်နှစ် ကျောင်းသားအရွယ် ရောက်သည့်တိုင်အောင် အမိလက်ဝယ်ကြီးရင့်စေ၍ အဘလုပ်သူကထိုအရွယ်ကျရောက်မှထိန်းသိမ်းလေ့ရှိရကား၊အနောက်နိုင်ငံသားတို့၏သဘော[၄]နှင့်တကြောတည်းဖြစ်၏။အပြစ်ရှိ၍ကွာကြသောလင်မယား၌ဓမ္မသတ်တို့တွင်မည်သို့မျှမဆိုသော်လည်း တရားအတိုင်းမှာ သားသမီးကိုအပြစ်စင်သူက သိမ်းငင်ရာသည်။အပြစ်ရှိသူသည် အဝတ်တထည်ကိုယ်တခုနှင့်အိမ်မှဆင်းရခြင်းကိုထောက်လျှင်လည်း ဤသဘောပင်ရောက်သည်။စင်စစ်အားဖြင့် ကလေးများမှာပစ္စည်းများရာသို့သာ လိုက်ပါသွားသင့်သည်ပြင်။ အပြစ်

---

(၁) မောင်ရွှေပွင့် v. မဆုံးရွှေကောက်မြစ်ထုံး ၆၅၅။
(၂) တံဆိပ်တော်အက်၊ရှေ့ဒူးလ် ၁နံပါတ် ၅၅။
(၃) ပေါင်းချုပ်၊ဒုတိယ၊ပုဒ်မ ၂၅၄ နှင့် ၂၅၇။
(၄) အုပ်ထိန်းသူနှင့် အုပ်ထိန်းခံအက်၊ပုဒ်မ ၁၇ (၆)။

ထင်သူ၌လည်း ကလေးကို အုပ်ထိန်းထိုက်သော ဂုဏ် အင်္ဂါအခြင်းအရာမရှိချေ။

သမီးငယ်။ သမီးမိန်းမငယ်လေးငါးရှစ်နှစ်ရွယ်တို့ကိုမူကားအဘ လက်သို့ မအပ်သင့်ကြောင်း စီရင်ထုံးတို့က အထူးပညတ်၏[၁]။သို့သော် စီရင်ထုံးတို့မှာဗုဒ္ဓဘာသာ ဥပဒေရပ် မည်သည့်ဓမ္မသတ်ကိုမျှ မညွှန်းခဲ့ကြ။၁၉၁၄ ခုနှစ်တွင်မစ္စတာ ပါလက်သခင်စီရင်သောမဒိန်းမေ v. မောင်ဖိုးကြွယ်အမှု၌[၂] လင်နှင့်မယား သီးခြားနေထိုင်ကြရာ ယောကျ်ားက စွဲဆိုသောအိမ်ပါမှုပလပ်ခဲ့၍မိန်းမက ၇နှစ်ရွယ်သမီးငယ် ကိုသိမ်းပိုက်လိုမှုစွဲဆိုခြင်းပြုသည်။မိန်းမကဒုတိယပေါင်း ချုပ်ပုဒ် ၂၅၄ နှင့် ၂၅၇ တို့ကိုကိုးကား၏။ လင်မယားမ ပြတ်သေးသဖြင့် ထိုပုဒ်မတို့နှင့် မသက်ဆိုင်ဟုရုံးတော်က ပယ်လိုက်သည့်ပြင်၊''ဗုဒ္ဓဘာသာဥပဒေကိုလည်း အသုံး မပြုသင့်။အုပ်ထိန်းသူနှင့် အုပ်ထိန်းခံအက်ပုဒ်မ ၁၉ (ခ) နှင့်သာစီရင်ရာသည်'' ဟု ဆုံးဖြတ်လေသည်။သို့ရာတွင် လင်မယားအချင်းများကြ၍ ဖြစ်ပွါးသော အုပ်ထိန်းရေး ကိစ္စသည် အိမ်ထောင်မှု ကိစ္စမှပေါ်ထွက်သောအချက်ဟု ယူသင့်လှသည်အတိုင်း ဗုဒ္ဓဘာသာ ဥပဒေတရားနှင့် ဆုံး ဖြတ်ထိုက်ရကား။ အထက်အမှု သွားတွင် မယားကပင် သမီးငယ်ကို အုပ်ထိန်းသိမ်းပိုက်ရန် လျှောက်ကန်၏။ထိုမှတ တန် ယောကျ်ားရန်ကို ဖယ်လှန်၍ သီးခြားပုဂ္ဂလ နေခွင့်ရ သောအပြစ်မဲ့ထိုမယားသာလျှင်မယားငယ်တို့ဘေးအန္တ ရာယ်မှ ကလေးကိုကာကွယ် စောင့်ရှောက် နိုင်စရာ အ ကြောင်းရှိပေသည်။

သိမ်း ပိုက် အုပ် ထိန်းမှု။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံအက်ပုဒ်မ ၂၅ အရချမှတ် လျက်ရှိသော အမိန့်နှင့်မဆန့်ကျင်သမျှ ကာလပတ်လုံး[၃] အရွယ်မရောက်သေးသော ကလေးငယ်ကိုသိမ်းပိုက်အုပ်

(၁) မညိန်းမေ v. မောင်ကျော်။ အထက်မြန်မာ (၁၉၀၂–၀၃) ပဌမ။ ရာဇဝတ် ၇။
မောင်ယန်းဖူး v. မညွှန့်။ ဒလာဓိပ္ပတ်နေဝမ ၁၇၃။

(၂) အောက်မြန်မာ။ နဝမ ၄၄။

ထိန်းမှုစွဲဆိုနိုင်သည်ဟု မောင်ရွှေဂဲ v. မောင်ရွှေဖန်အမှု[၁] တွင် ဆာသာကယ်ဗိုက်အမှူးရှိသော ချီကွတ်ခုံစုံညီ သဘင်က ဆုံးဖြတ်ထားလျက်ရှိသော်လည်း။ တရားဟော ဆရာမကြီးမစွက်အနှိဘီးဆန်နှင့် ပတ်သက်သော ပရီးဗီး ကောင်စီရောက်သည့်အမှုကြီး ကိုအမှီပြုပြီးလျှင် ကလေး သိမ်းပိုက်မှု တရားမကြီးကို အုပ်ထိန်းသူနှင့် အုပ်ထိန်းခံ အက်မှအပစွဲမရဟုယန္တသခင်သည်အာရှနာချလမ်ပလဲ v. ဇာယမအမှု[၂]၌ စီရင်ခဲ့လေပြီ။ ၎င်းအက်အလိုအားဖြင့် ရှစ်ပဲတန်လျှောက်လွှာနှင့် ကိစ္စပြီးနိုင်သည်။ စွဲဆိုရန်ရုံးတော်မှာလည်း စီရင်စု တရားမရုံးကြီး၌ဖြစ်၏။

## အချုပ်မှတ်စု။

၁။ ပစ္စည်းခွဲမဘက် ကွာမှုသက်သက်စွဲဆိုနိုင်သည်။
၂။ လင်မယား ကွာရှင်းပစ္စည်းဝေဘန်ခြင်းတို့၌ စာချုပ် စာတမ်းမလို။
၃။ ကလေးတို့ကို သိမ်းပိုက်ခင်း၌ 'လင်ကားသားငယ် မယားကား လေးမီးငယ်။'
၄။ ကလေးငယ်အရွယ်မရောက်ကို သိမ်းပိုက်မှု တရားမကြီး မစွဲဆိုနိုင်။ သိမ်းပိုက်လိုသောသူသည် လျှောက်လွှာနှင့် ဒိစတြိတ် တရားမရုံးကြီးတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံ အက်အရသာ လျှောက်နိုင်သည်။

---

(၁) အောက်မြန်မာ။း ဒုတိယ ၁၄၀။
(၂) ၃၀။ မဒရတ်စီရင်ထုံး—၀၀၇။
(၃) အောက်မြန်မာ၊ အတွဲ ၂၁၁။

## အဆက်ချက်နှာ ၁၆ (က)။

အသက် ၂၀ အောက် ဗုဒ္ဓဘာသာသမီးအပျိုပေါက် သည် အမိအဘ အစောင့်အရှောက် သဘော မရောက် ဘဲ အိမ်ထောင်ဖြစ်မြောက်နိုင် ပါသလော [၁] ဟူသောအ ချက်ကို ၁၉၂၅ ခု။ဇွန်လ ၈ ရက်နေ့ထွက် သူရိယသတင်း စာမျက်နှာ ၉ ၌ တွေ့ရှိရပြန်သည်။အိမ်ထောင်မမြောက် နိုင်ဟု တရားဝန်ကြီး ၃ ဦးတို့က စီရင်ဆုံးဖြတ်ကြလေပြီ။ ဤအယူသဘောကား စာရေးသူဆိုထားသော သဘော သွားနှင့် တသားတည်း ပင်ဖြစ်သည်။ သို့ရာတွင် ၎င်း မဇစိန် v. မောင်လှမင်း အမှုရင်းမှာရာဇဝတ်မှု ဥပဒေအ တွင်းပင် ကျလျက် ရှိသည်။ (စားစရိတ် တောင်းမှု)။ မောင်စိန်ထွန်းတို့အမှု[၂] ကဲ့သို့ တရားမမှုမဟုတ်။နောင်တ ရားမမှု ဖြစ်လာလျှင် ပြင်စရာအကြောင်း မရှိတန်ရာဟု ကျွန်ုပ်တို့ မြန်မာတစု မျှော်ရှုတောင့်တ အပ်ပေသည်။ အ ဘယ့်ကြောင့် ဆိုသော် ဤကျမ်းနိဒါန်းတွင် ပဌမလမ်း ထွင်ခဲ့သောမမှုံ v.မောင်တင်ကောက်တို့၏''ကံမစပ်ကွာ ခြင်းကို ပပျောက်စေသောထုံး'' ကိုပင် ပရက်သခင်ကဘ ဝင်မကျ၍တရားဝန်စုံညီခုံသဘင်သို့မဇရွှေ v မောင်မြပေါ် အမှုကို စေဒက တင်သွင်း ပြင်ဆင်ခြင်း ပြုရန်ကြံစည် အားထုတ်ခဲ့လေသည်။သို့တပြီးကား မယားမဇရွှေသည် အမှုခင်းရေးအတွင်းသေခြင်းကိစ္စကြောင့်အယူခံနှင့်စေ ဒကတင်ချက်အထမမြောက်ရှိခဲ့လေ၏။
(ရွှေဥက္ကြည်ဦး)

မဇစိန်v. မောင်လှမင်း။

အထက်ပါ အပျိုပေါက်ကိစ္စကို တထောက်ပြန်လျှင် ယခင်[၃]ကဆိုခဲ့သော၁၈ နှစ်ကိုသာကွပ်ညှပ်ဘို့သင့်လျော် ၏။ ၂၀ အသက်ကားမြင့်လွန်းသည်။သို့ရာတွင် တရားဝန်

---

(၁) ဤကျမ်းမျက်နှာ ၁၀။
(၂) ရန်ကုန်ဂေဇက်သတင်း။ဂ-၆-၂၅ စာမျက်နှာ ၁၄။
(၃) ဤကျမ်းမျက်နှာ ၁၁။


## မြန်မာဗုဒ္ဓဘာသာဥပဒေ။

ကြီးချုပ် ဆာရော်ဘင်ဆန်သခင်က ''မိဘ အစောင့်အရှောက်တို့သည်မိန်းကလေးနှင့် သင်းယောကျ်ားတို့မျက်ဝါးထင်ထင် နေထိုင်လျက်ရှိသည်ကိုတွေ့မြင်လျက် မကန့်ကွက်ခဲ့မူ သဘောတူရာရောက်၍ ထိုသူနှစ်ပါး ထိမ်းမြားမြောက်ပြန်၏'' ဟု ဆိုထားသည်ကိုထောက်လျှင် အမွေအမှုစဉ်တို့၌ အရှုပ်အထွေး ဝင်ရောက်လတံ့။ ထို့ကြောင့် ထပ်လောင်းသော စကားအချက်ကို ဝိနည်းရှောင်လျက် မထူထောင်သင့်ဘဲ။ရဲရဲကြီး ''၁၈ နှစ်မပြည့်သောမိန်းကလေးဟူသရွေ့ မိဘသဘောမတွေ့လျှင် အိမ်ထောင်မဝင်စေရ'' ဟုဥပဒေကိုပြုလုပ်သင့်သည်။ သို့သော် ပရက်သခင်မရွှေအမှုတွင် အဆုံဝင်ခဲ့သည့်အတိုင်း တရားဝန်တို့၏တာဝန်မှာဥပဒေသကိုဘော်ပြရုံမျှသာဖြစ်သည်။ဥပဒေပြုကိစ္စမှာအမ်၊အလ်၊စီတို့၏ မုချဝတ်တရားတည်း။

———၀———

( စာမျက်နှာ ၅၁ ကိုကြည့် )

### လင်မယားပစ္စည်း။



ဖြင်းကိုဖြိုးလျက်။ ဖြင်းခက်ခဲသီက
ပေါက်လွှားတတ်သည်။
မြန်မာဖြစ်လျက်။ မြန်မာ့ဥပဒေအချက်ခဲသိက။
မှောက်မှားတတ်သည်။

မြန်မာတိုင်းသိနားလည်နိုင်ရန်။ လွယ်ကူရှင်းလင်းစွာ ရေးသားထားသော မြန်မာ့ဥပဒေစာအုပ်ကြီးကို ပြည်သူအလုံးလက်သုံးသဘွယ် ဝယ်ထားသင့်သည်။

မှာရန်—
မောင်ထွန်းမြင့်။ ဝတ်လုံ။
၃၆။ မဏ္ဍရေးလမ်း။
မော်လမြိုင်မြို့။

—၀—

## တတိယတန်းရှေ့နေစာမေးပွဲဝင်သူတို့အတွက် မေတ္တာလက်ဆောင်။

မြန်မာဗုဒ္ဓဘာသာဥပဒေစာအုပ်ကို ဝယ်ယူကြည့်ရှုသည့် တတိယတန်းရှေ့နေ စာမေးပွဲကို ဝင်မည်ဖြစ်သောပုဂ္ဂိုလ်တို့အကျိုးငှါ ပြဌမတဲ့နှင့်ပတ်သက်သော ၁၂ နှစ်တွက် အစိုးရမေးခွန်း ပုစ္ဆာတို့ကို အဖြေနှင့်တကွကျကျနနပုံနှိပ်ထားသည်ဖြစ်ပါသောကြောင့်မနှောင့်မနှေးဘဲ စာတိုက်တံဆိပ်ခေါင်း ၁ ၀ တန် ၄ ခုပေး၍အမြန်မှာကြပါ။ ၁၉၁၂ က ၁၉၂၅ ခုထိ။